# ကြေးမုံ

**The Mirror Daily**

၁၉၅၇ မြို ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 February 2022 ၁၀၆၃၇


## လောကကို ထွန်းလင်းတောက်ပ

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားဖို့လိုအပ်မှာဖြစ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း

တိုင်းရင်းသားပြည်သူများခင်ဗျား-

ဒီနေ့ဟာဆိုရင် ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့ တာဝန်ကိုထမ်းဆောင်ခဲ့တာ (၁)နှစ်ပြည့်မြောက်တဲ့နေ့ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူများအားလုံး ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## မီဒီယာကဏ္ဍအနေဖြင့် ပြည်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များရရှိစေရေးနှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာ ရပ်တည်နိုင်ရေး လုပ်ဆောင်ပေးကြရမည်







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်၊ MRTV News Channel နှင့် MRTV DTH စနစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖


**ယနေ့ ဖတ်စရာ**

ဒီမိုကရေစီအနှစ်သာရများ ကျင့်သုံး၍ မျှော်လင့်ချက်အိပ်မက်မှ လက်တွေ့အကျိုးတရားဖော်ဆောင် စာမျက်နှာ » ၈၊ ၉

ညီညွတ်ရေး မီးရှူးတန်ဆောင် ထွန်းညှိရအောင်လေ တို့များတစ်တွေ စာမျက်နှာ » ၁၆

ကြေးမုံ

# အမျိုးသားရေး၊ နိုင်ငံရေး အောင်မြင်ရေးကြိုးပမ်း

ကုန်လွန်ခဲ့သော နှစ်ကာလများ၊ အထူးသဖြင့် ၂၀၂၀၊ ၂၀၂၁ ခုနှစ် ကာလများသည် မြန်မာ့နိုင်ငံရေးသမိုင်းကို အလှည့်အပြောင်းဖြစ်စေသော အကြောင်းတရားများ ဖြစ်ပေါ်ခဲ့သောကာလများဖြစ်သည်။ အဆိုပါကာလများကို အကြောင်းခံ၍ ယခု ၂၀၂၂ ခုနှစ်သည် ထူးခြားသောနှစ်၊ အရေးပါသောနှစ်ဖြစ်လာသည်။ ထူးခြားသောနှစ်ဖြစ်ရခြင်းတွင် ပိုမို၍အဓိပ္ပာယ်လေးနက်စေသည်မှာ ယခုနှစ် ၂၀၂၂ ခုနှစ်တွင် စိန်ရတုပြည်ထောင်စုနေ့နှင့် လာမည့်နှစ် ၂၀၂၃ ခုနှစ်တွင် စိန်ရတုလွတ်လပ်ရေးနေ့နှင့် တိုက်ဆိုင်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အစောပိုင်းကာလများကတည်းက ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ (Least Development Country)ဖြစ်ခဲ့သည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြပြီး နိုင်ငံ့လူဦးရေ၏ ၃၀ ဒသမ ၄ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးသူများဖြစ်နေကြဆဲဖြစ်သည်။ ထို့ကြောင့် ဆင်းရဲမှုလျှော့ချရေးကို အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ပြီး ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းလျက်ရှိရာ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သည့်ကာလဖြစ်လာသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်ကို အရေးပါသည့်နှစ်ဟုပြောကြားခဲ့ပြီး အရေးပါသော ဤနှစ်တွင် ဦးစားပေးဆောင်ရွက်ရမည့်အမျိုးသားရေး၊ နိုင်ငံရေး လုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားထားသည်။ ဆင်းရဲနွမ်းပါးမှုသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အဟန့်အတားတစ်ခုဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု သိသာစွာ လျော့မကျပါက ဖွံ့ဖြိုးတိုးတက်မှုတုံ့ဆိုင်းပြီး အခြားနိုင်ငံများ၏ နောက်ဆုံးသို့ ရောက်ရှိမည်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အရေးပါသောဤနှစ်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ခုတို့ကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မကြာမီရောက်ရှိလာတော့မည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေး၏ ထူးခြားသည့်အနှစ်သာရများနှင့်ကိုက်ညီစေရန်အတွက် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာ ထာဝစဉ်ခိုင်မာစေရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအသီးအပွင့်များ ပြည့်စုံလာအောင် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်၍ အရေးပါသော ယခုနှစ်တွင် ငြိမ်းချမ်းရေးခြေလှမ်းသစ်များ စတင်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးခြေလှမ်းသစ်များ စတင်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ထားပြီး ခင်းကျင်းပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဟူသည့် ကော်မတီသုံးရပ်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်တွင် မူဝါဒ (၅) ရပ် ချမှတ်ခဲ့သည်။ ညှိနှိုင်းရေးကော်မတီသည် ယနေ့ကာလအထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၁၆ ကြိမ်၊ NCA တွင် လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် EAO များနှင့် ကိုးကြိမ်၊ နိုင်ငံရေးပါတီများနှင့် ခုနစ်ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် နှစ်ကြိမ် စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုကဲ့သို့ တစ်နှစ်တာကာလအတွင်း အမျိုးသားစည်းလုံးညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကိုရှေးရှု၍ အထူးဦးစားပေးဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များဖြစ်သည်။ တစ်ဆက်တည်းတွင် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက်လည်း အထူးဝါယမစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတော်ကြီး ခိုင်မာစွာဖြစ်ထွန်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့အဖို့တွင် အလားအလာကောင်းများအဖြစ် မြင်တွေ့နေရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာရပ်တည်နိုင်ရေးအတွက် ယခု ၂၀၂၂ ခုနှစ်တွင် အရေးကြီးသည့် နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူများအားလုံး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၉ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးဇော်မျိုးတင် ကယားပြည်နယ်
(၂) ဦးစိုးသိန်း ရန်ကုန်တိုင်းဒေသကြီး

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၀ / ၂၀၂၂
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းထွတ်သိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၁,၉၉၆ | ၁၅,၉၇၁,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၄,၂၇၅ | ၁၂,၈၂၅,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁ | ၇,၈၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၀၀ | ၉၉ | ၂၅၈,၈၅၀ |
| EFR | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| AMATA | ၅,၄၀၀ | ၅,၄၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၁.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၅၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၈၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၆၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၅၉.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၇.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၇၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**တိုင်းရင်းသားပြည်သူများခင်ဗျား–**
**တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းခဲ့ရတဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး တင်ပြချင်ပါတယ်–**

မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲဟာ ၅ နှစ်တစ်ကြိမ်ပြုလုပ်ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးချယ်တဲ့ အထွေထွေရွေးကောက်ပွဲဖြစ်ပါတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကနေ နိုင်ငံတော်ဒုတိယသမ္မတများ၊ အဲဒီထဲကမှ နိုင်ငံတော်သမ္မတကို ရွေးချယ်ရပါတယ်။ သမ္မတကအစိုးရအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းပါတယ်။ တရားသူကြီးချုပ်နဲ့ တရားသူကြီးတွေကို ခန့်အပ်ကာ အတည်ပြုတာပြုလုပ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်စတဲ့ မဏ္ဍိုင်ကြီး ၃ ရပ်ရဲ့ အကြီးအကဲတွေ၊ ပါဝင်ကြသူတွေဟာ ရွေးကောက်ပွဲမှတစ်ဆင့် တိုက်ရိုက်/သွယ်ဝိုက် ရွေးချယ်/တာဝန်ပေးခံရသူတွေဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ မြန်မာ့ဒီမိုကရေစီစနစ်၊ နိုင်ငံရေးစနစ်ရဲ့ အုတ်မြစ်ပဲဖြစ်ပါတယ်။ အလွန်အရေးကြီးပါတယ်။

ဒါကြောင့် ရွေးကောက်ပွဲဟာ သန့်ရှင်းစစ်မှန်ပြီး ပြည်သူ့ဆန္ဒကို အမှန်တကယ် ဖော်ပြနိုင်ဖို့လိုပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး **"လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး"**အတွက် ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲမကျင်းပမီနဲ့ ကျင်းပအပြီး အခမ်းအနားတွေမှာ ၂၄ ကြိမ် ထုတ်ဖော်ပြောကြားခဲ့ကာ တရားဝင်သတင်းထုတ်ပြန်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲမှာ တပ်မတော်က စိစစ်တွေ့ရှိရတဲ့ မဲမသမာမှု ၁၀၄၈၂၁၁၆ (၁၀ သန်းကျော်၊ မဲပေးသူဦးရေရဲ့ ၄ ပုံ ၁ ပုံခန့်)ရှိကြောင်းကို ဒီဇင်ဘာလ ၂၃ ရက်နေ့ကစပြီး ထုတ်ပြန်ချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။

မဲမသမာမှုတွေဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်လို့ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေမှ UEC အဆင့်၊ အဲဒီကမှ ပြည်ထောင်စုလွှတ်တော်အဆင့်၊ နောက်အစိုးရအဆင့် ဖြေရှင်းပေးဖို့ ဥပဒေနဲ့အညီ တောင်းဆိုခဲ့ပါတယ်။ မဲမသမာမှုတွေကို ရင်ဆိုင်မဖြေရှင်းရဲဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကို ခေါ်ယူဖို့ မတရားကြိုးပမ်းမှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူဖို့ ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းမှုကို ကြီးမားတဲ့အခက်အခဲတွေ ဖြစ်ပေါ်လာစေမှာဖြစ်လို့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာကာ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ရပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းပြီးနောက် ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှာ ပထမဦးဆုံးအချက်ဖြစ်တဲ့ "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်ခြင်း" ကို ပြုလုပ်ခဲ့ပါတယ်။ ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မြို့နယ် ၃၁၅ မြို့နယ်ကိုစစ်ဆေးခဲ့ရာမှာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးခဲ့သူ ၄၆၄၈၂၇၀ ဦး (၄ ဒသမ ၆ သန်းကျော်) အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူ ၁၄၄၁၂ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲပေးခဲ့သူ ၂၀၅၆၆ ဦး၊ ၂ ကြိမ်နဲ့ ၃ ကြိမ်အထက် မဲပေးခဲ့သူ ၃၈၉၁၆၁၁ ဦးအပါအဝင် မဲမသမာမှုစုစုပေါင်း ၁၁၃၀၅၃၉၀ ဦး (၁၁ သန်း ၃ သိန်းကျော်) ရှိကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် ရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်တွေမှာ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲတွေမှာ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုအချို့ရှိခဲ့ပေမယ့် ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ပါတယ်။ ဒီ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ မဲမသမာမှုတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက ရင်ဆိုင်မဖြေရှင်းရဲတဲ့ အခြေအနေအထိ မသမာမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ ၁၀ နှစ်သာရှိသေးတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီကျင့်သုံးမှုအပေါ် အလေးထားမှု လျော့ပါးစေပါတယ်။ အလွန်အကျည်းတန်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲကို ထိခိုက်အောင်လုပ်ခဲ့သူတွေကို တည်ဆဲဥပဒေတွေအရ အရေးယူမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ အရေးပေါ်ကာလပြဋ္ဌာန်းချက်တွေ ပြီးစီးပါက ရွေးကောက်ပွဲ ပြန်လည်လုပ်ဆောင်ပေးသွားမယ်ဆိုတဲ့ကတိကို အကောင်အထည်ဖော်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ အထွေထွေရွေးကောက်ပွဲဖြစ်တဲ့အတွက် နိုင်ငံတစ်ဝန်းလုံး စိတ်အေးချမ်းသာစွာ ဒီမိုကရေစီအခွင့်အရေးများ မဆုံးရှုံးရအောင် မဲပေးနိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ် ကျင်းပရာမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ အနည်းဆုံးဖြစ်ပြီး မကျေနပ်မှုများနဲ့ အသံဆူညံခဲ့ပါတယ်။ ရွေးကောက်ပွဲဆိုတာ တည်ငြိမ်လုံခြုံတဲ့အခြေအနေရှိမှ ပြည်သူတွေလွတ်လပ်စွာ မဲပေးနိုင်မှာဖြစ်ပါတယ်။ သန့်ရှင်းတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် အစိုးရရဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်တွေကို တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြဖို့ ဦးစွာတိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**
**ကျွန်တော်တို့အစိုးရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းပြီးနောက် နိုင်ငံရေးအရ လုပ်ဆောင်ခဲ့မှုများကို ဆက်လက်တင်ပြသွားပါ့မယ်–**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ အရေးပေါ်အခြေအနေ ကြေညာပြီးတဲ့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ တိုင်းပြည်တည်ဆောက်မှုလုပ်ငန်းစဉ်တွေကို ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော် စည်ပင်သာယာရိပ်သာမှာ ရှိနေတဲ့ စောင့်ကြည့်ခံလွှတ်တော်အမတ်တွေကို လက်ရှိ နိုင်ငံ့ဖြစ်စဉ်အပေါ် ဥပဒေနဲ့အညီ ဖြေရှင်းနိုင်စေဖို့အတွက် ရှင်းလင်းပြောပြခဲ့ကာ ဖေဖော်ဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အတွင်း နေရပ်ဒေသအသီးသီးကို ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။ ဒါဟာ သူတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရန် အခွင့်အရေးပေးခဲ့ခြင်းဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၂ ရက်နေ့မှာ ဒီမိုကရေစီကျင့်စဉ်များအတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်မတော်သားများ၊ အရပ်သားများ(တိုင်းရင်းသားလူမျိုးစုံအပါအဝင်)ဖြင့် မျှတစွာ ဖွဲ့စည်းခဲ့ကာ တိုင်းဒေသကြီး/ပြည်နယ်မှသည် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းပြီးတော့ အရပ်ဘက်ပုဂ္ဂိုလ်တွေကိုသာ ဦးစီးလုပ်ဆောင်စေခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကို ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ် စုစုပေါင်း ၃၄ ကြိမ် တွေ့ဆုံခဲ့ပါတယ်။

တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀) ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့ တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုအဆင့်လိုက် ဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသခရီးစဉ် ၁၇ ခု သွားရောက်ခဲ့ပြီး ဆွေးနွေးမှာကြားချက်များ ပြုလုပ်ခဲ့ပါတယ်။ ပေါင်းစပ်ညှိနှိုင်းပေးခဲ့တယ်။ ရေရှည်အနာဂတ်အတွက် အစီအမံတွေ လမ်းညွှန်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့မှာ ကျွန်တော်တို့နဲ့အတူ လက်တွဲလုပ်နေတဲ့ တိုင်းရင်းသားကောင်စီအဖွဲ့ဝင်တွေဟာလည်း ဒေသအကျိုးဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာဒေသအလိုက် ခရီးစဉ် ၂၉ သွားရောက်ခဲ့ပြီး ဒေသရဲ့လိုအပ်ချက်တွေကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံစာရင်းဝင်ဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ မိမိတို့ နိုင်ငံတိုးတက်ဖို့အတွက် ကြိုးပမ်းနေကြချိန်မှာ ကျွန်တော်တို့သည်လည်း ရပ်နေလို့မရပါဘူး။ မိမိတို့မှာရှိတဲ့ လူသားအရင်းအမြစ် သယံဇာတများ၊ တိုင်းရင်းသားပြည်သူလူထုရဲ့ အားတို့ကိုရယူပြီး တိုင်းပြည်တိုးတက်စေရေး ဆောင်ရွက်ကြရပါမယ်။ ကိုယ်ရပ်နေရင်တော့ သူများတိုင်းပြည်များက ကျော်တက်သွားပါလိမ့်မယ်။** ဒါ့ကြောင့် ကျွန်တော်တို့အစိုးရအနေဖြင့် ဆက်လက်ဦးစားပေး လုပ်ဆောင်မှာကတော့–

**အမျိုးသားရေးလုပ်ငန်းစဉ်(၂)ခု**အဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဦးစားပေး လုပ်ဆောင်သွားမှာပဲဖြစ်ပါတယ်။

**နိုင်ငံရေးလုပ်ငန်းစဉ်(၂)ခု**အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်သွားမှာဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်**အဖြစ် ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်လို့ ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှာ ကျွန်တော် ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲအသင့်ရှိနေကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။

- **မဲမသမာမှုတွေဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်လို့ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေမှ UEC အဆင့်၊ အဲဒီကမှ ပြည်ထောင်စုလွှတ်တော်အဆင့်၊ နောက်အစိုးရအဆင့် ဖြေရှင်းပေးဖို့ ဥပဒေနဲ့အညီ တောင်းဆိုခဲ့**
- **မဲမသမာမှုတွေကို ရင်ဆိုင်မဖြေရှင်းရဲဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကို ခေါ်ယူဖို့ မတရားကြိုးပမ်းမှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို အဓမ္မနည်းဖြင့် ရယူဖို့ ဆောင်ရွက်နေခြင်းဖြစ်**

☆ စာမျက်နှာ ၃ မှ

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများ အပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို သွားမှာဖြစ်ပါတယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲ အယူအဆအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး အများဆန္ဒအတိုင်း ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အာဏာ(၃)ရပ်ကို ခွဲဝေကျင့်သုံးခြင်းနဲ့ ဒီလိုဆောင်ရွက်ရာမှာ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြား ဥပဒေအရ အာဏာခွဲဝေဆောင်ရွက်သွားခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေမှာဖြစ်ပါတယ်။

အချိုးကျကိုယ်စားပြုခြင်းစနစ်ကို ပြောင်းလဲကျင့်သုံးခြင်းနဲ့ တိုင်းရင်းသားပြည်သူတွေ ဥပဒေပြုလွှတ်တော်မှာ ပိုမိုကိုယ်စားပြုခွင့်ရရှိမှာဖြစ်သလို ပြောရေးဆိုခွင့်လည်း ပိုမိုရရှိလာမှာဖြစ်ပြီး မိမိတို့ရဲ့ဒေသအကျိုး၊ လူမျိုးအကျိုးကိုလည်း ယခင်ကထက် ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ခွင့်ရရှိလာမှာဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်ရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးရှိ တိုင်းရင်းသားအားလုံး တူညီတဲ့အခွင့်အရေးတွေရရှိဖို့ အချိုးကျကိုယ်စားပြုခြင်းစနစ်(Proportional Representation–PR)ကိုကျင့်သုံးနိုင်ရေး နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ၊ စိတ်ပါဝင်စားသူတွေနဲ့စုပေါင်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ၄ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ နိုင်ငံသားကတ်မရှိဘဲ မဲပေးသူ ၄,၆၄၈,၂၇၀ ဦး (၄ ဒသမ ၆ သန်းကျော်)ရှိပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့ အကျုံးဝင်သော (ဥပဒေအရနိုင်ငံသားတွေ) အားလုံးကို "ပန်းခင်း"စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနဲ့ ကိုင်ဆောင်သင့်တဲ့ ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးနိုင်ဖို့အတွက် ၃-၅-၂၀၂၁ ရက်နေ့မှစပြီး စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မှတ်ပုံတင်ပြုလုပ်ရမည့်လူဦးရေ ၃,၄၉၁,၃၆၄ ဦး(၃ ဒသမ ၄ သန်းကျော်)အနက် ၂၁-၁-၂၀၂၂ ရက်နေ့အထိ ၁,၉၀၅,၈၄၃ ဦး(၂ သန်းနီးပါး) ဆောင်ရွက်ပေးနိုင်ခဲ့ပြီး (၅၅ ရာခိုင်နှုန်းနီးပါး) ပြီးစီးပြီဖြစ်ပါတယ်။ မှတ်ပုံတင်ဆောင်ရွက်မှု အချိန်ကာလအနေဖြင့် ၁၈ လတာ ကြာမြင့်မှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားဆက်ဆံရေးနဲ့ပတ်သက်ပြီး–**

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်၍တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေး ရှေးရှုသည့် မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းတဲ့မူဝါဒ (၃)ရပ်ကို အလေးအနက်ထားပါတယ်။ ဒါကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၄၁ မှာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ကျွန်တော့်အနေနဲ့ ပထမတစ်နှစ်တာကာလအတွင်းမှာ နိုင်ငံတကာဆက်ဆံရေးကောင်းမွန်အောင် အမြဲရှေးရှုလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ပရဲ့ ပထမဦးဆုံးခရီးစဉ်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမှာကျင်းပတဲ့ အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ ဒုတိယခရီးစဉ်အဖြစ် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၀ ရက်ကနေ ၂၇ ရက်အထိ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ တက်ရောက်ရန်အတွက် ရုရှားနိုင်ငံသို့ ခရီးစဉ်များထွက်ခွာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိတ်ဆွေနိုင်ငံပဲရှိပါတယ်။ ရန်သူနိုင်ငံရယ်လို့မရှိပါဘူး။ ကျွန်တော်တို့နိုင်ငံအပေါ် ရန်သူသဖွယ်ဆက်ဆံနေရင်တောင် အဲဒီနိုင်ငံတွေရဲ့ သဘောထားကို ပြောင်းလဲလာအောင်၊ မိတ်ဆွေဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပါမယ်။

အိမ်နီးချင်းနိုင်ငံများနဲ့ဆက်ဆံရာမှာ နိုင်ငံရဲ့နယ်စပ်ဒေသတွေကို ထာဝရတည်ငြိမ်အေးချမ်းတဲ့ နယ်စပ်ဒေသဖြစ်ဖို့ ငြိမ်းချမ်းချစ်ခင်တဲ့ အိမ်နီးနားချင်းဆက်ဆံရေးကို ထူထောင်သွားမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက်တည်ရှိခဲ့တဲ့ အိမ်နီးချင်းဆက်ဆံရေးကို ပိုမိုခိုင်မာမှုရှိစေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခုနှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရဲ့ မြန်မာနိုင်ငံကို အလုပ်သဘောရောက်ရှိခဲ့တဲ့ ချစ်ကြည်ရေးခရီးစဉ်မှာ အာဆီယံထိပ်သီးအစည်းအဝေး ဘုံသဘောတူညီချက် ၅ ရပ်နဲ့ပတ်သက်ပြီး ဦးတည်ဆွေးနွေးခဲ့ပါတယ်။

> ❍ CRPH၊ NUG၊ PDF **အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေဟာ စက်တင်ဘာလ ၇ ရက်နေ့မှာ အကြမ်းဖက်လုပ်ငန်းတွေ အရှိန်မြှင့်ဆောင်ရွက်ဖို့ ကြေညာခဲ့ပြီး ချင်းပြည်နယ်ဒေသအချို့၊ မကွေးတိုင်းဒေသကြီးဒေသအချို့၊ စစ်ကိုင်းတိုင်းဒေသကြီးဒေသအချို့နဲ့ ကယားပြည်နယ်ဒေသအချို့တွေမှာ စစ်ရာဇဝတ်မှု** (War Crime)**ကျူးလွန်တဲ့အထိ အကြမ်းဖက်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့**
>
> ❍ **ပြစ်မှုကျူးလွန်သူ အကြမ်းဖက်သမားတွေဟာ အရပ်သားတွေနဲ့ ရောနှောပြီး အရပ်ဝတ်များနဲ့ တိုက်ခိုက်တာမို့ အပြစ်မဲ့ပြည်သူတွေ ထိခိုက်မှုမရှိစေရေး ခက်ခဲစွာ ထိန်းသိမ်းဆောင်ရွက်ခဲ့**
>
> ❍ EAO **အဖွဲ့အချို့တွေရဲ့ သင်ကြားပေးမှု၊ ထောက်ပံ့ပေးမှုတွေနဲ့ လက်လုပ်ဗုံး / မိုင်းတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုတိုက်ခိုက်လာကြ**

အကြမ်းဖက်မှုမှာ ပါဝင်ပတ်သက်နေသူတွေအနေနဲ့ အကြမ်းဖက်မှုရပ်ဆိုင်းဖို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ EAO ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် အာဆီယံလူသားချင်းစာနာထောက်ထားမှုနဲ့သက်ဆိုင်တဲ့ အထောက်အပံ့ပစ္စည်းတွေ ကူညီထောက်ပံ့နိုင်ရေးဆိုင်ရာ ကိစ္စတွေကိုလည်း လက်ခံပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဒီခရီးစဉ်ဟာ ကောင်းမွန်ထူးခြားတဲ့ရလဒ်တွေ ရရှိစေခဲ့ပါတယ်။ ခရီးစဉ်နဲ့ ပတ်သက်ပြီး ပူးတွဲသတင်းထုတ်ပြန်ချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် အာဆီယံအလှည့်ကျဥက္ကဋ္ဌနဲ့ ဇန်နဝါရီလ ၂၆ ရက်နေ့ Video Conferencing နဲ့ တွေ့ဆုံဆွေးနွေးရာမှာလည်း အာဆီယံအဖွဲ့မှာ မြန်မာနိုင်ငံရဲ့ ပါဝင်ဆောင်ရွက်မှု၊ အာဆီယံနိုင်ငံတွေအတွင်း အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ဆောင်ရွက်ရန် လိုအပ်တဲ့ အခြေအနေတွေ၊ မြန်မာနိုင်ငံအနေနဲ့ အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ အာဆီယံအထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံသို့ စေလွှတ်သွားမယ့် အခြေအနေတွေနဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် လာရောက်ရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ အမျိုးသားအကျိုးစီးပွားနဲ့ အစိုးရရဲ့ရှေ့လုပ်ငန်းစဉ်များကို မထိခိုက်စေဘဲ နိုင်ငံတကာနဲ့ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း မိဘပြည်သူများကို အသိပေးလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စများအနေဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်မရယူမီ အခြေအနေမှာ–**

မဲမသမာမှုတွေ၊ UEC ရဲ့ ဖြေရှင်းမပေးမှုတွေကြောင့် UEC ကို ကန့်ကွက်ဆန္ဒပြမှုတွေ၊ ပါတီတွေက ဖြေရှင်းပေးဖို့ တောင်းဆိုမှုတွေကြောင့် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိတဲ့ အခြေအနေဖြစ်ပါတယ်။ အခြေခံဥပဒေနဲ့အညီ မဲမသမာမှုတွေကို ဖြေရှင်းနိုင်ရေးနဲ့ ဒုတိယအကြိမ်လွှတ်တော်မှာ မပြီးပြတ်သေးတဲ့ကိစ္စရပ်တွေ ဆွေးနွေးနိုင်ဖို့ အဲဒီအချိန်က လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၄ အရ ဥပဒေနဲ့အညီ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သဖြင့် ဥပဒေပြုရေး မဏ္ဍိုင် ယိမ်းယိုင်ခဲ့ကာ အငြင်းပွားမှုတွေကတစ်ဆင့် တည်ငြိမ်မှုပျက်ပြားခဲ့ရပါတယ်။

**တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းပြီးနောက်မှာ**

နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာကာ နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ နိုင်ငံတစ်ဝန်း ဆန္ဒပြမှုတွေမရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ၄ ရက်နေ့ မန္တလေးမြို့၊ ဆေးတက္ကသိုလ်ရှေ့မှာ ဆန္ဒပြသူ ၂၀ ဦးက စတင်ကာ ကျင့်ဝတ် စည်းကမ်းချိုးဖောက်တဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကို စည်းရုံးပြီး CDM လှုပ်ရှားမှုစတင်ခဲ့တယ်။

ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်မရှိသူတွေက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)အမည်ဖြင့် တရားမဝင်ကော်မတီတစ်ခု ဖွဲ့စည်းခဲ့ပြီး လူစုလူဝေးဖြင့်ဆန္ဒပြမှု(Riot)အသွင်မှ ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) ကို ကူးပြောင်းလာခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အနိမ့်ဆုံးအဆင့် အနည်းဆုံးအင်အားဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရပါတယ်။ မတ်လ ၂၇ ရက်နေ့ကို CRPH အမည်ခံ အကြမ်းဖက်အဖွဲ့က ပြည်သူ့တော်လှန်ရေးနေ့ဟုအမည်တပ်ကာ တစ်နိုင်ငံလုံး အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်စေရန် လှုံ့ဆော်လာခဲ့ပါတယ်။ အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်ခြင်း(Terrorism) ပြုလုပ်လာပါတယ်။ ဥပဒေနဲ့မညီတဲ့ CRPH အကြမ်းဖက်အဖွဲ့က NUG အမည်ခံ စင်ပြိုင်အစိုးရဖွဲ့စည်းပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို အားပေးထောက်ပံ့ခြင်း၊ ဦးဆောင်မှုပြုခြင်းတွေ ဆောင်ရွက်လာခဲ့ပါတယ်။

လူငယ်တွေကို NLD ပါတီအစွန်းရောက်တွေနဲ့ ၎င်းပါတီကို အစွန်းရောက်ထောက်ခံအားပေးသူတွေက အသုံးချပြီး EAO နယ်မြေတွေဖြစ်တဲ့ KNU၊ KIA၊ KNPP စတဲ့ နယ်မြေတွေမှာ စစ်သင်တန်းတွေ တက်ရောက်စေခဲ့ပါတယ်။ CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေဟာ စက်တင်ဘာလ ၇ ရက်နေ့မှာ အကြမ်းဖက်လုပ်ငန်းတွေ အရှိန်မြှင့်ဆောင်ရွက်ဖို့ ကြေညာခဲ့ပြီး ချင်းပြည်နယ်ဒေသအချို့၊ မကွေးတိုင်းဒေသကြီး ဒေသအချို့၊ စစ်ကိုင်းတိုင်းဒေသကြီးဒေသအချို့နဲ့ ကယားပြည်နယ်ဒေသအချို့တွေမှာ **စစ်ရာဇဝတ်မှု (War Crime)** ကျူးလွန်တဲ့အထိ အကြမ်းဖက်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ပြစ်မှုကျူးလွန်သူ အကြမ်းဖက်သမားတွေဟာ အရပ်သားတွေနဲ့ရောနှောပြီး အရပ်ဝတ်များနဲ့ တိုက်ခိုက်တာမို့ အပြစ်မဲ့ပြည်သူတွေ ထိခိုက်မှုမရှိစေရေး ခက်ခဲစွာထိန်းသိမ်းဆောင်ရွက်ခဲ့ရပါတယ်။ EAO အဖွဲ့အချို့တွေရဲ့ သင်ကြားပေးမှု၊ ထောက်ပံ့ပေးမှုတွေနဲ့ လက်လုပ်ဗုံး/မိုင်းတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုတိုက်ခိုက်လာကြပါတယ်။

အကြမ်းဖက်သမားတွေရဲ့ လုပ်ဆောင်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့အထိ တစ်နိုင်ငံလုံးအနေနဲ့ ပျက်စီးဆုံးရှုံးမှုအနေဖြင့် လမ်း၊ တံတား ဖျက်ဆီးခံရမှု ၅၂၅ ခု၊ ဆေးရုံ၊ ဆေးခန်းတွေ ဖျက်ဆီးခံရမှု ၂၇ ခု၊ စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အဦတွေ ဖျက်ဆီးခံရမှု ၅၀၄ ခုအပါအဝင် ပြည်သူပိုင်၊ အစိုးရပိုင်အဆောက်အဦများစွာ ပျက်စီးခဲ့ရပါတယ်။ သေဆုံးမှုတွေအနေဖြင့် ရဟန်း/သံဃာ ၂၀ ပါး၊ အစိုးရဝန်ထမ်း ၉၅ ဦးနဲ့ ဒဏ်ရာရရှိမှုအနေဖြင့် အစိုးရဝန်ထမ်း ၁၅၃ ဦး အပါအဝင် အရပ်သားတွေ သေဆုံး/ဒဏ်ရာရခဲ့ပါတယ်။ တစ်နှစ်တာကာလပတ်လုံး အကြမ်းဖက်မှု ၉,၄၃၇ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး လက်နက်မျိုးစုံ ၅,၆၀၆ လက်၊ ခဲယမ်းမျိုးစုံ ၁၆၁,၅၅၆ တောင့်၊ လက်ပစ်ဗုံး ၁,၈၉၀ လုံးနဲ့ လက်လုပ်မိုင်း/ဗုံး ၁၁,၄၂၄ လုံး သိမ်းဆည်းရမိခဲ့ကာ အကြမ်းဖက်သူ ၄,၃၃၈ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**ပညာရေးဆိုင်ရာကိစ္စများကို တင်ပြပါမယ်–**

နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့ လူသားအရင်းအမြစ် (Human Resources)က အဓိကဖြစ်တာကို လက်ခံထားကြပါတယ်။ လူသားအရင်းအမြစ်ဆိုတာ "ပညာ" အပေါ် အဓိကမူတည်တည်ဆောက်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိကအလေးထား လုပ်ဆောင်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၆၆ အရ " နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနဲ့အညီ (က)ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ)ဥပဒေဖြင့် ပြဋ္ဌာန်းသည့်မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်" ဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၂၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူတွေထဲမှ အလယ်တန်းအဆင့်နဲ့ ၎င်းအဆင့်အောက် ပညာမသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်းနီးပါးခန့်ရှိတာကို တွေ့ရှိရတဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ၃ ပုံ ၁ ပုံ ခန့်ဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခြေခံပညာအထက်တန်းအဆင့်ကျောင်းပေါင်း ၆,၁၇၈ ကျောင်း၊ အလယ်တန်းအဆင့်ကျောင်းပေါင်း ၁၅,၈၇၇ ကျောင်း၊ မူလတန်းအဆင့်ကျောင်းပေါင်း ၂၅,၇၀၅ ကျောင်း၊ စုစုပေါင်း အခြေခံပညာအဆင့် ကျောင်းပေါင်း ၄၇,၇၆၀ ကျောင်းရှိပါတယ်။ **စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

စာသင်ကျောင်းတွေကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပိတ်ထားခဲ့ပါတယ်။ ယခုအခါတော့ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်တဲ့အတွက် စာသင်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်ရာမှာ အထက်တန်းအဆင့် ၅,၂၀၉ ကျောင်း၊ အလယ်တန်းအဆင့် ၁၂,၇၈၆ ကျောင်း၊ မူလတန်းအဆင့် ၂၁,၂၄၇ ကျောင်း စုစုပေါင်း ၃၉,၂၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ချိန်မှာ ကျောင်းတက်ဖို့ လာရောက်စာရင်းသွင်းထားသူတွေအနက် ၈၀ ရာခိုင်နှုန်းကျော် ကျောင်းလာရောက်တက်နေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ကြေညာထားတဲ့အတိုင်း မတ်လ နောက်ဆုံးပတ်နဲ့ ဧပြီပထမအပတ်အတွင်း အတန်းတင်စာမေးပွဲတွေ စစ်မေးမှာဖြစ်တဲ့အတွက် ကျောင်းတက်ဖို့ နှောင့်နှေးနေတဲ့ ကျောင်းသားတွေနဲ့ မိဘတွေအနေနဲ့ နစ်နာမှုမရှိစေဖို့ အသိပေးလိုပါတယ်။ ကျွန်တော်တို့ကတော့ ကြိုးဆိုနေပါတယ်။ ပညာသင်ကြားခြင်းဟာ အစိုးရအတွက် မဟုတ်ပါဘူး၊ ကာယကံရှင်ရဲ့ ဘဝတိုးတက်စေဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ NUG၊ CRPH နဲ့ PDF အမည်ခံ အကြမ်းဖက်သမားတွေရဲ့ ကျောင်းမတက်ရေး လှုံ့ဆော်ချက်တွေဟာ တိုင်းရင်းသားပြည်သူလူထုရဲ့ သားသမီးတွေကို ပညာမဲ့တွေဖြစ်စေပြီး တိုင်းပြည်နဲ့ လူထုကို ကျွန်ဘဝရောက်အောင် လုပ်ဆောင်နေတာပဲဖြစ်လို့ သတိရှိကြဖို့ ပြောလိုပါတယ်။

ကျောင်းနေအရွယ်ကလေးငယ်တိုင်း(KG+9) (အခြေခံပညာအလယ်တန်းအဆင့်) အဆင့်ပြီးဆုံးတဲ့အထိ ပညာသင်ကြားနိုင်ဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ KG+9 အဆင့် အနည်းဆုံးပြီးမြောက်မှ Vocational Training ကို ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။ KG+9 ဟာ မိမိတို့အစိုးရရဲ့ ပညာရေးရည်မှန်းချက်သာဖြစ်ပါတယ်။ ပညာရေးဟာ မြန်မာ့ဒီမိုကရေစီအရေးနဲ့ အနာဂတ်အတွက် အထူးအရေးပါတာကြောင့် နိုင်ငံသားတွေအနေနဲ့ မိမိတို့ရဲ့ပညာသင်ယူမှု အခွင့်အလမ်းတွေမဆုံးရှုံးစေဖို့ အလေးထားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**
**ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ တင်ပြပါမယ်–**

ကျန်းမာရေးနဲ့ပတ်သက်လို့ ကျွန်တော့်မူဝါဒကတော့ “ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်” ဖြစ်လို့ ပြည်သူလူထုရဲ့ ကျန်းမာရေးသည်သာ အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်က စတင်တွေ့ရှိခဲ့ပါတယ်။ ကူးစက်မှုအမြင့်ဆုံးကာလ ဇူလိုင်လ တတိယပတ်နဲ့ စတုတ္ထပတ်တွေမှာ တစ်ရက်လျှင် ပျမ်းမျှပိုးတွေ့လူဦးရေ ၅,၀၀၀ ကျော်ခန့်(၄၁ ရာခိုင်နှုန်း)အထိ ဖြစ်ပွားခဲ့ပါတယ်။ ကျွန်တော်က “လက်တွေ့ကျကျ မြန်မြန်ဆန်ဆန်လုပ်၊ လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ”ဆိုတဲ့ မူဝါဒချမှတ်ပေးပြီး လုပ်ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအနေဖြင့် နည်းလမ်းပေါင်းစုံနဲ့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို နေ့မနားညမနား ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်ဦးဆောင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ အစည်းအဝေးတွေကို (၁၃)ကြိမ်တိုင်တိုင် ကျင်းပကာ လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့ရေးကိစ္စရပ်တွေကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေနဲ့ Video Conferencing ပြုလုပ်ပြီး လိုအပ်ချက်တွေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးတွေကို ကျွန်တော်တို့အစိုးရရဲ့ ဒုတိယဝန်ကြီးချုပ်ကိုယ်တိုင် တစ်ပတ်လျှင် ၃ ကြိမ် ဦးစီးဆောင်ရွက်ကာ အနီးကပ်ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ပြတ်တောက်စေရေးအတွက် Stay at Home မြို့နယ်ပေါင်း ၁၁၉ မြို့နယ်အထိ သတ်မှတ်ပေးခဲ့ရာမှာ လက်ရှိအခြေအနေတွင် မြို့နယ်အားလုံးကို ကန့်သတ်ချက်ဖယ်ရှားပေးခဲ့ပြီး ဖြစ်တဲ့အတွက် Stay at Home မြို့နယ်တွေ ကျန်ရှိခြင်းမရှိတော့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ အဖျက်သမားတွေရဲ့ ဝိုင်းဝန်းဝေဖန်အနှောင့်အယှက်ပေးမှုတွေကို ကျော်လွှားနိုင်ပြီး လက်ရှိအခြေအနေမှာ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိမှုဟာ ၁ ရာခိုင်နှုန်းဝန်းကျင် ပျမ်းမျှသာ ကျန်ရှိပါတယ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေအသုံးပြုမှုအခြေအနေအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူမှု ကုန်ကျစရိတ်အနေနဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေး ၁၅ ဒသမ ၄ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇၅ သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကာကွယ်ဆေး ၂၉ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉၃ ဒသမ ၉ သန်း၊ ရုရှားနိုင်ငံမှ ကာကွယ်ဆေး သုည ဒသမ ၆ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇ ဒသမ ၇၄ သန်း စုစုပေါင်း ဒေါ်လာ ၂၇၆ ဒသမ ၆၄ သန်းတန်ဖိုး ဝယ်ယူခဲ့ပါတယ်။ တရုတ်နိုင်ငံမှ Dose ၉ ဒသမ ၂ သန်း (တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅ သန်း)၊ အိန္ဒိယနိုင်ငံက Dose ၅ ဒသမ ၅ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၃၅ ဒသမ ၅ သန်း)၊ ရုရှားနိုင်ငံက Dose သုည ဒသမ ၄ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၅ ဒသမ ၁၆ သန်း)၊ (နီပွန်ဖောင်ဒေးရှင်း)က Dose နှစ်သန်း (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ သန်း)၊ စုစုပေါင်း ကိုဗစ်ကာကွယ်ဆေး Dose ၁၇ ဒသမ ၁ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၁၂ သန်း) လှူဒါန်းလက်ခံရရှိခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘောဒီးယား၊ ထိုင်း စတဲ့နိုင်ငံတွေကလည်း ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ အားလုံးကို အသိမှတ်ပြု ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေးတွေ ဝယ်ယူရာမှာ သယ်ယူစရိတ်အနေနဲ့ ပြည်ပငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇ သန်းခန့်နဲ့ မြန်မာကျပ်ငွေ ၂၄၆ ဒသမ ၅၃၂ သန်းကျော် သုံးစွဲခဲ့ရပါတယ်။ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူမှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၆၀၈ သန်းနဲ့ မြန်မာကျပ်ငွေ ၂၄၆ ဒသမ ၅၃၂ သန်းကျော် သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ဆေးနဲ့ဆေးပစ္စည်းဝယ်ယူမှုအနေနဲ့ ကုသရေးဦးစီးဌာနကဝယ်ယူမှု မြန်မာကျပ်ငွေ ၂၈ ဘီလီယံကျော်နဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဝယ်ယူမှု ၃၆ ဘီလီယံခန့် စုစုပေါင်း မြန်မာကျပ်ငွေ ၆၄ ဘီလီယံကျော်သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးမှာ ဆေးရုံတွေ အဆင့်မြှင့်တင်ဖို့အတွက် မြန်မာကျပ်ငွေ ၆၀ ဒသမ ၃ ဘီလီယံကျော် သုံးစွဲခဲ့တဲ့အနက် ကိုဗစ်ဖြစ်သူတွေအတွက် အရေးပေါ်လိုအပ်တဲ့ အောက်ဆီဂျင်နဲ့ ဆက်စပ်ပစ္စည်းတွေ ဝယ်ယူမှုအနေနဲ့ မြန်မာကျပ်ငွေ ၁၂ ဒသမ ၂၃ ဘီလီယံ ပါဝင်သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါလူနာတွေအတွက် ကျွေးမွေးမှုစုစုပေါင်း ကုန်ကျစရိတ်အနေနဲ့ ကိုဗစ်-၁၉ ဗဟိုကော်မတီရန်ပုံငွေက ကျပ် ၂၃ ဒသမ ၁၂ ဘီလီယံနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ကျပ် ၄ ဘီလီယံ၊ စုစုပေါင်းမြန်မာကျပ်ငွေ ၂၇ ဒသမ ၁၂ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဒီဇင်ဘာလမှာ ၅၀ ရာခိုင်နှုန်းအပြီး မျှော်မှန်းထားပေမယ့် ၅၁ ရာခိုင်နှုန်း ထိုးနှံပြီးစီးခဲ့ပါတယ်။ လက်ရှိကာလအထိ ၅၃ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆေးရုံ ၁,၀၇၇ ခု၊ ဆေးပေးခန်း ၁၁,၄၂၇ ခုရှိပြီး ဆေးရုံ ၇၆၅ ရုံ၊ ဆေးပေးခန်း ၇,၄၃၀ ခု လုပ်ငန်းဆောင်ရွက်နိုင်မှုရှိပါတယ်။ တစ်နိုင်ငံလုံး ခန့်အပ်ဆရာဝန် ၁၄,၆၇၈ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၀၅,၈၃၄ ဦးရှိပြီး အဲဒီအထဲမှ အချို့ဆရာဝန်နဲ့ ကျန်းမာရေးဝန်ထမ်းများဟာ နိုင်ငံရေးဝါဒမှိုင်းတွေကြောင့် ပြည်သူများရဲ့ အသက်နဲ့ကျန်းမာရေးကို မငဲ့ကွက်ဘဲ မိမိတို့ရဲ့ လုပ်ငန်းခွင်ကို စွန့်ခွာသွားခဲ့ကြပါတယ်။ ဒါ့ကြောင့် ကိုဗစ်-၁၉ ကာလမှာ ကျန်းမာရေးဝန်ထမ်းတွေဟာ သူတို့ရဲ့လူနာရှင်တွေကို မပစ်ခွာဘဲ တာဝန်သိသိ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့လို့ ကျွန်တော်တို့အစိုးရအနေနဲ့ အသိအမှတ်ပြုပါတယ်။ ဆေးရုံအသီးသီးမှာ လိုအပ်တဲ့ကျန်းမာရေးဝန်ထမ်းများနေရာများမှာ တပ်မတော်သားဆေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ကူညီဆောင်ရွက်ပေးတာနဲ့ တပ်မတော်ဆေးရုံအသီးသီးမှာ ပြည်သူများ ဆေးကုသပေးနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အငြိမ်းစားကျန်းမာရေးဝန်ထမ်းများနဲ့ အငြိမ်းစားတပ်မတော်ဆေးတပ်ဖွဲ့ဝင်များလည်း ဝင်ရောက်အားဖြည့်ကူညီပေးခဲ့ကြပါတယ်။ ကိုဗစ်-၁၉ ကာလအတွင်း ကျန်းမာရေးဝန်ထမ်းတွေအပေါ် တာဝန်ထမ်းဆောင်မှုအသိအမှတ်ပြုတဲ့အနေနဲ့ အစိုးရအနေဖြင့် ၁၀,၉၄၄,၅၄၅,၀၀၀ ကျပ် (၁၀ ဒသမ ၉၄ ဘီလီယံ)အား ဆုချီးမြှင့်ခဲ့ပါတယ်။

ကျွန်တော်တို့အစိုးရဟာ ကာကွယ်ဆေး ထုတ်လုပ်နိုင်ဖို့အတွက် တရုတ်နိုင်ငံထုတ် (Sinopharm)ကာကွယ်ဆေးကို ပုလင်းအတွင်း ဖြည့်သွင်းရန်အသင့်(Ready to Fill Bulk) စနစ်နဲ့ ဝယ်ယူထုတ်လုပ်နိုင်ရေး သဘောတူစာချုပ်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း Doses ၁၀ သန်းခန့် ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်မှုကြောင့် ကာကွယ်ဆေးဈေးနှုန်းမှာလည်း မူလကုန်ချော ဈေးနှုန်းရဲ့ ထက်ဝက်မျှသာရှိတဲ့ ဈေးနှုန်းဖြင့် ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ကိုဗစ်-၁၉ ရောဂါရဲ့ မျိုးကွဲစိတ် အိုမီခရွန်ကို တွေ့ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ပြည်ပက ပြန်လည်ဝင်ရောက်သူတွေထဲမှ အိုမီခရွန်ရောဂါပိုး စတင်တွေ့ရှိခဲ့ကာ ၂၉-၁-၂၀၂၂ ရက်နေ့အထိ ၂၈၃ ဦးတွေ့ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ မပေါ့ဆကြဖို့နဲ့ လိုက်နာဖို့သတ်မှတ်ထားတဲ့ တစ်ကိုယ်ရေအကာအကွယ်စည်းမျဉ်းတွေကို လိုက်နာသွားဖို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**
**တပ်မတော်က နိုင်ငံတော်တာဝန်ရယူမထိန်းသိမ်းမီ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်တင်ပြလိုပါတယ်။**

ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလမှာ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးမှုအတွက် အရေးပါတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ချမှတ်ပြီး စီးပွားရေးမူဝါဒ ၄ ရပ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှာ ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံတွေနဲ့ ဆွေးနွေးပြီး ကြွေးမြီပမာဏ ဒေါ်လာ ၅ ဒသမ ၉၅၆ ဘီလီယံကို သက်သာစေခဲ့ပါတယ်။ ၅ နှစ်တာကာလအတွင်း ပျမ်းမျှ GDP တိုးတက်မှုနှုန်းဟာ ၇ ဒသမ ၂၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားငွေ သန်းပေါင်း ၁၁,၆၂၈ ဒသမ ၁ သန်း (၁၁ ဒသမ ၆၃ ဘီလီယံခန့်) တိုးတက်ခဲ့ပြီး ကုန်သွယ်မှုလိုငွေ ၁၂,၀၉၆ ဒသမ ၈၈ သန်း (၁၂ ဒသမ ၀၉ ဘီလီယံကျော်) ရှိခဲ့ပါတယ်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ ၅ နှစ်သက်တမ်းကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းခွင့်ပြုစီမံကိန်းလျာထားချက်တွေနဲ့ ဆောင်ရွက်နိုင်မှုဟာ နောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိ ကျဆင်းခဲ့ပြီး GDP တိုးတက်မှုနှုန်း ပျမ်းမျှ ၃ ဒသမ ၃၈ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နိုင်ငံခြားငွေ သန်းပေါင်း ၁၄,၉၆၁ ဒသမ ၃ သန်း (၁၄ ဒသမ ၉၆ ဘီလီယံ) ရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂,၆၁၄ ဒသမ ၁၇ သန်း (၁၂ ဒသမ ၆၁ ဘီလီယံကျော်) ရှိခဲ့ပါတယ်။

**တပ်မတော်က နိုင်ငံတော်တာဝန်ရယူ ထိန်းသိမ်းပြီးနောက် အခြေအနေတွေအနေဖြင့်–**

**နိုင်ငံတကာရဲ့ ဝိုင်းဝန်းပိတ်ဆို့မှု**တွေအနေဖြင့် ပြည်တွင်းစီးပွားရေးအခြေအနေနဲ့ ပြည်ပသွေးထိုးလှုံ့ဆော်မှုတွေအရ ဘဏ်လုပ်ငန်းတွေကို ယုံကြည်မှုကျဆင်းပြီး ပုံမှန်မလည်ပတ်နိုင်တဲ့အတွက် ဘဏ်လုပ်ငန်းဟာ ငွေသားလည်ပတ်စီးဆင်းမှု ခက်ခဲလာကာ လုပ်ငန်းရှင်၊ ကုန်သည်တွေအတွက် ငွေပေးချေမှု၊ ကုန်စည်စီးဆင်းမှုတွေ ခက်ခဲစေခဲ့ပါတယ်။ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းပြီး ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတွေကြောင့် သယ်ယူပို့ဆောင်ရေးနဲ့ သွင်းကုန် (လောင်စာဆီနှင့် ကုန်ကြမ်း) ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကွက်မှာ ဝယ်လိုအားကျဆင်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် ဈေးကွက်အတွင်းလိုအပ်တဲ့ နိုင်ငံခြားငွေ ဖြည့်တင်းဖို့နဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ ကိုဗစ်ဆေးဝါး၊ လျှပ်စစ်နဲ့ Telecom Sector တွေအတွက် သွင်းကုန်လုပ်ငန်းရှင်တွေကို အမေရိကန်ဒေါ်လာ လိုအပ်ချက်ဖြစ်တဲ့ အထူးနိုင်ငံခြားငွေ ဈေးပြိုင်လေလံမှတစ်ဆင့် ၂၁-၁-၂၀၂၂ ရက်နေ့အထိ USD ၅၀၈ ဒသမ ၈ သန်းကို ရောင်းချပေးခဲ့ပါတယ်။

ကျွန်တော်တို့ အစိုးရလက်ထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုစာရင်းအရ ပြည်ပသို့ ပို့ကုန် ဒေါ်လာ ၁၅ ဒသမ ၃၆ ဘီလီယံ၊ ပြည်ပသွင်းကုန် ဒေါ်လာ ၁၄ ဒသမ ၆၉ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၀ ဒသမ ၀၅ ဘီလီယံဖြစ်တဲ့အတွက် ယာယီစာရင်းတွေအရ ကုန်သွယ်မှုပိုငွေဟာ ၆၇၇ သန်းကျော် ပိုမိုခဲ့ပါတယ်။

ပြည်တွင်း၊ ပြည်ပကြွေးမြီအနေနဲ့ ဒီမိုကရေစီပထမအစိုးရ သက်တမ်းကာလ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၁၆,၂၇၃ ဘီလီယံကျပ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၁၈,၁၂၅ ဘီလီယံကျပ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ

**စာမျက်နှာ ၆ သို့ ☆**

**○ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ အဖျက်သမားတွေရဲ့ ဝိုင်းဝန်းဝေဖန်အနှောင့်အယှက်ပေးမှုတွေကို ကျော်လွှားနိုင်ပြီး လက်ရှိအခြေအနေမှာ ကိုဗစ်-၁၉ ရောဂါ တွေ့ရှိမှုဟာ ၁ ရာခိုင်နှုန်းဝန်းကျင် ပျမ်းမျှသာကျန်ရှိ**

**○ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူမှု ကုန်ကျစရိတ်အနေနဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေး ၁၅ ဒသမ ၄ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇၅ သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကာကွယ်ဆေး ၂၉ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉၃ ဒသမ ၉ သန်း၊ ရုရှားနိုင်ငံမှ ကာကွယ်ဆေး သုည ဒသမ ၆ သန်း Dose အတွက် အမေရိကန်ဒေါ်လာသန်းပေါင်း ၇ ဒသမ ၇၄ သန်း စုစုပေါင်း ဒေါ်လာ ၂၇၆ ဒသမ ၆၄ သန်းတန်ဖိုး ဝယ်ယူခဲ့**

☆ စာမျက်နှာ ၅ မှ

ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၁၅၇၅ ဘီလီယံကျပ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၂၀၃၂ ဘီလီယံကျပ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပ ကြွေးမြီ ၂၇၉၇၀ ဘီလီယံကျပ် ရှိခဲ့ပါတယ်။ ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်းကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၂၈၈၆၁ ဘီလီယံကျပ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၃၄၆၉၈ ဘီလီယံကျပ်၊ ၂၀၁၈ (၆)လ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၃၅၅၅၀ ဘီလီယံကျပ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၄၀၇၄၉ ဘီလီယံကျပ်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၄၇၆၃၆ ဘီလီယံကျပ်၊ ၂၀၂၀-၂၀၂၁ (၆လ) ဘဏ္ဍာနှစ်မှာ ပြည်တွင်း၊ ပြည်ပကြွေးမြီ ၅၂၄၈၈ ဘီလီယံကျပ် ရှိခဲ့ပါတယ်။ ပြည်တွင်း၊ ပြည်ပကြွေးမြီတွေဟာ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာတာကို တွေ့ရှိရပါတယ်။ ရေရှည်မှာ ကြွေးမြီခံနိုင်ရည်ရှိမှုကို သုံးသပ်တွက်ချက်ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျဆင်းနေတဲ့ နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာစေဖို့ ရေရှည်အစီအမံတွေကို ကျွန်တော်တို့ ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။

သွင်းကုန်တွေ လျှော့ချနိုင်ရေးနဲ့ ပြည်တွင်းအလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ရေးအတွက် ပြည်တွင်းဖြစ်ကို အားပေးမှု၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားပေးမှုတွေ အထူးလိုအပ်ပါတယ်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ်မှာ နိုင်ငံတွင်း ဘိလပ်မြေစက်ရုံတွေက အမှန်တကယ် ထုတ်လုပ်နိုင်ရင် ပြည်တွင်းဖူလုံမှုသာမက ပိုလျှံနိုင်ပေမယ့် ဘိလပ်မြေ တင်သွင်းမှုဟာ ၉၅၆၈၂၅ တန် တန်ဖိုး ဒေါ်လာ ၇၃ ဒသမ ၆၁၀ သန်းရှိကြောင်း တွေ့ရပါတယ်။ သံနှင့်သံမဏိ တင်သွင်းမှုအနေနဲ့ ၂၀၂၁ ခုနှစ်ကာလအတွင်းမှာ ဒေါ်လာသန်း ၈၅၉ ဒသမ ၄၆ တန်ဖိုးရှိခဲ့ပါတယ်။ နိုင်ငံတွင်းမှာ ဘိလပ်မြေနဲ့ သံမဏိထုတ်လုပ်နိုင်တဲ့ ထုံးကျောက်၊ သံရိုင်း၊ ကျောက်မီးသွေး၊ ဒိုလိုမိုက် စတဲ့ကုန်ကြမ်းတွေ လုံလောက်စွာ ရှိနေပေမယ့်လည်း စက်ရုံတွေ လည်ပတ်ဖို့ အားပေးမှု၊ ကြိုးစားအားထုတ်မှုမရှိခဲ့တဲ့အတွက် ပြည်ပမှ မှာယူတင်သွင်းခဲ့ရပါတယ်။ ပြည်တွင်းမှာလည်း အလုပ်အကိုင်တွေ ဆုံးရှုံးခဲ့ရပါတယ်။ မိမိနိုင်ငံသားတွေ ပြည်ပနိုင်ငံတွေကို ထွက်ခွာအလုပ်လုပ်ကိုင်ခဲ့ရပါတယ်။ သူများနိုင်ငံတွေမှာ အလုပ်လုပ်ကိုင်နေရတဲ့ မိမိတို့နိုင်ငံသားတွေဟာ အဲဒီနိုင်ငံတွေရဲ့ ဥပဒေနဲ့ စည်းကမ်းတွေအတိုင်း နေထိုင်ကြရပါတယ်။ သူများအရိပ်အောက်မှာ နေရတာပါ၊ ကိုယ့်နိုင်ငံရဲ့ အရိပ်အောက်မှာ လုံခြုံစိတ်ချမ်းသာစွာ လုပ်ကိုင်နိုင်ဖို့လိုပါတယ်။ ဒါကြောင့် ပြည်တွင်းစီးပွားရေးကို အားပေးကြဖို့ လိုပါတယ်။ ကျွန်တော်တို့အစိုးရလက်ထက်မှာ ယခင်က ရပ်ဆိုင်းထားတဲ့ သံနဲ့ သံမဏိစက်ရုံတွေကို ပြည်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက် ရှိပါတယ်။ အနိမ့်ဆုံးအဆင့် အဆောက်အအုံ ဆောက်လုပ်ရေးမှာ အသုံးပြုတဲ့ သံချောင်း၊ သံလုံး အဆင့် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားပါမယ်။ ၂၀၂၁ ခုနှစ်မှာ စားအုန်းဆီ အပါအဝင် ဆီတင်သွင်းမှုမှာ ၈၅၈၆၈၅ ဒသမ ၂၇၁ တန်(တန်ချိန် ၈ ဒသမ ၅ သိန်းကျော်ခန့်) တန်ဖိုးဒေါ်လာ ၈၆၆ ဒသမ ၇၁၁ သန်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်း စားသုံးဆီဖူလုံရေး၊ ပြည်ပမှ တင်သွင်းမှုလျှော့ချနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ခန့်မှန်းလူဦးရေ ၅၅ သန်းခန့်ရှိပါတယ်။ ကျန်းမာရေးအရ လူတစ်ဦး တစ်ရက်မှာ အနည်းဆုံးစားသုံးသင့်တဲ့ဆီ ၂ ဒသမ ၂ ကျပ်သားဖြစ်ပြီး တစ်နှစ်တာ စားသုံးဆီ ရှစ်ပိဿာနဲ့တွက်ရင် တစ်နှစ်မှာ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ ခန့်မှန်းလူဦးရေအရ စားသုံးသင့်တဲ့စားသုံးဆီဟာ တန်ချိန် ၇ သိန်းမျှသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ ပန်းနှမ်းနဲ့ ဆီအုန်းများကနေ စားသုံးဆီများ ထုတ်လုပ်နေတဲ့အတွက် ကျွန်တော်တို့ ပြည်သူပြည်သားတွေဟာ လူတစ်ဦးတစ်ရက်မှာ အနည်းဆုံးစားသင့်တဲ့ စားသုံးဆီထက် ပိုမိုစားသုံးနေတာ တွေ့ရှိရပါတယ်။ စားသုံးဆီ အလွန်အကျွံစားသုံးမှုကြောင့် တစ်ဦးချင်းကုန်ကျမှုများ၊ ၎င်းမှ နိုင်ငံအဆင့်ကုန်ကျမှုများ များပြားလာမှာဖြစ်တဲ့အပြင် တစ်ဦးချင်းရဲ့ ကျန်းမာရေး နိုင်ငံအဆင့် အမျိုးသားကျန်းမာရေးကိုပါ ထိခိုက်စေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုရဲ့ တစ်ဦးချင်း ကျန်းမာရေး၊ တစ်ဦးချင်းဝင်ငွေတိုးတက်ရေးကိုရှေးရှုပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ စားသုံးဆီပမာဏကိုသာ သုံးစွဲနိုင်ရေး အသိပညာပေးမှုတွေ၊ စားသောက်မှုပုံစံပြောင်းလဲနိုင်ရေး ဆောင်ရွက်ချက်တွေကို လုပ်ဆောင်လျက် ရှိပါတယ်။

> ❍ **သွင်းကုန်တွေ လျှော့ချနိုင်ရေးနဲ့ ပြည်တွင်းအလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ရေးအတွက် ပြည်တွင်းဖြစ်ကို အားပေးမှု၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုတွေ အထူးလိုအပ်**
>
> ❍ **နိုင်ငံတွင်းမှာ ဘိလပ်မြေနဲ့ သံမဏိထုတ်လုပ်နိုင်တဲ့ ထုံးကျောက်၊ သံရိုင်း၊ ကျောက်မီးသွေး၊ ဒိုလိုမိုက် စတဲ့ကုန်ကြမ်းတွေ လုံလောက်စွာ ရှိနေပေမယ့်လည်း စက်ရုံတွေ လည်ပတ်ဖို့ အားပေးမှု၊ ကြိုးစားအားထုတ်မှုမရှိခဲ့တဲ့အတွက် ပြည်ပမှ မှာယူတင်သွင်းခဲ့ရ**
>
> ❍ **ကျွန်တော်တို့အစိုးရလက်ထက်မှာ ယခင်က ရပ်ဆိုင်းထားတဲ့ သံနဲ့ သံမဏိစက်ရုံတွေကို ပြည်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိ**

အလားတူ စက်သုံးဆီသုံးစွဲမှုကို အသိပေးလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မော်တော်ကားမျိုးစုံ တစ်သန်းကျော်ခန့်နဲ့ ဆိုင်ကယ်က ခြောက်သန်းကျော်ခန့် ရှိပါတယ်။ ၂၀၂၁ ခုနှစ်မှာ စက်သုံးဆီ တင်သွင်းခဲ့မှုဟာ တန်ချိန် ၄ ဒသမ ၁၂ သန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၉၆ ဒသမ ၆၅၂ သန်းရှိခဲ့ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ ကျွန်တော်တို့နိုင်ငံမှာ အများသုံးသယ်ယူပို့ဆောင်ရေးစနစ် (Public Transportation)အားနည်းလို့ ပြည်သူတွေဟာ ကိုယ်ပိုင်ယာဉ်နဲ့သာ အားကိုးသွားလာကြရပါတယ်။ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်တဲ့ ရထား၊ ဘတ်စ်ကား၊ သင်္ဘောရေယာဉ်များရဲ့ ဝန်ဆောင်မှုကို မြှင့်တင်ခြင်း၊ တစ်ဦးချင်း စက်သုံးဆီသုံးစွဲမှုကို ချွေတာခြင်းဆောင်ရွက်ပြီး ဒီကိစ္စကို ဖြေရှင်းရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ဖြစ်တဲ့ ရထားပို့ဆောင်ရေးစနစ်၊ ဘတ်စ်ကားယာဉ်တွေနဲ့ ပို့ဆောင်ရေးစနစ်၊ သင်္ဘောရေယာဉ်တွေနဲ့ ပို့ဆောင်ရေးစနစ်တို့ကို ဝန်ဆောင်မှုမြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားပြည်သူလူထုအနေနဲ့လည်း ကိုယ်တိုင်စက်သုံးဆီသုံးစွဲမှုကို ချင့်ချိန်ချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ဝိုင်းဝန်းကူညီကြဖို့ တိုက်တွန်းလိုပါတယ်။ ဥပမာ-ဆိုင်ကယ် ၆ သန်းဟာ တစ်ရက်ကို ဆီသုံးစွဲမှု နို့ဆီဘူးတစ်ဝက်ခန့် လျှော့ချနိုင်ရင် တစ်ရက်ကို ဂါလန် ၁၂၅၀၀၀ သက်သာမှာဖြစ်သလို ကားတစ်စီးဟာ တစ်ရက်ကို သုံးစွဲမှုဆီပုလင်း တစ်ဝက်လျှော့ချနိုင်ရင် တစ်ရက်ကိုဂါလန် ၁၂၅၀၀၀ လျှော့ချနိုင်မှာဖြစ်ပါတယ်။ တန်ဖိုးအားဖြင့် တစ်ဂါလန် ၆၀၀၀ ကျပ် ပျမ်းမျှဈေးနဲ့ တွက်ကြည့်ရင် တစ်ရက်ကိုငွေကျပ် ၁ ဒသမ ၅ ဘီလီယံအထိ လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့ ပူးပေါင်းဆောင်ရွက်မှုလိုပါတယ်။ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း နှိုးဆော်လိုပါတယ်။ ဒါမှ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ပြည်သူတွေရဲ့ လူမှုစီးပွားဘဝနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိထုတ်လုပ်နိုင်မှုဟာ များစွာအထောက်အကူပြုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ ရေ၊ နေနဲ့ လေ စွမ်းအားတွေ ရှိပြီးဖြစ်ပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော်ရာမှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဟာကြီးမားပြီး ကုန်ကျစရိတ်တန်ဖိုးတွေကို တိကျစွာတွက်ချက်နိုင်သော်လည်း ပြန်လည်ရရှိမယ့် အကျိုးအမြတ်ကတော့ တန်ဖိုးဖြတ်၍ မရအောင် ကြီးမားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မိုးများတဲ့ဒေသတွေမှအပ ကျန်နိုင်ငံတစ်ဝန်းလုံးမှာ နေသာတဲ့ရက်ဟာ တစ်နှစ်မှာ ရက်ပေါင်း ၂၀၀ မှ ၂၅၀ အထိရှိပါတယ်။ ဒါ့ကြောင့် နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံတွေ လုံလောက်စွာ တည်ဆောက်ရေးဆောင်ရွက်နိုင်မယ်ဆိုရင် နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာပဲဖြစ်ပါတယ်။ နေရောင်ခြည်သုံး ဆိုလာလျှပ်စစ်ဓာတ်အားထုတ်ယူမှုဟာ အကြောင်းအမျိုးမျိုးကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ ကြီးမားသော်လည်း တည်ဆောက်မှုအချိန်ကာလဟာ နည်းပါးပြီး နောက်ပိုင်းမှာတော့ ကုန်ကျစရိတ်သက်သာတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေပါတယ်။ ရေအား၊ နေရာင်ခြည်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုတွေကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်မယ်ဆိုရင် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲနိုင်မှုနဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု နည်းပါးသည့် LED စနစ်သုံး လျှပ်စစ်ပစ္စည်းများကို ပြောင်းလဲသုံးစွဲမယ်ဆိုရင် ကျွန်တော်တို့ ပြည်ပကနေ မှာယူသုံးစွဲနေရတဲ့ စက်သုံးဆီလိုအပ်ချက်တွေအပေါ်မှာလည်း လျှော့နည်းသွားစေမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး နိုင်ငံအတော်များများရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုတွေရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေး သက်ရောက်မှုတွေအပေါ် ကုစားရေးအတွက် ကျပ် ဘီလီယံ ၂၀၀ နှင့် ထူထောင်ထားတဲ့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးထားတဲ့ ကုမ္ပဏီ/လုပ်ငန်းတွေကို ဒုတိယအကြိမ် နောက်ထပ် ခြောက်လ ထပ်မံသက်တမ်းတိုးမြှင့်ပေးပြီးဖြစ်တဲ့အတွက် စုစုပေါင်းသက်တမ်း တစ်နှစ်တိုး ပေးခဲ့ပါတယ်။

ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အခြားစီးပွားရေးလုပ်ငန်းတွေရဲ့ တိုးတက်မှုလျော့နည်းလျက်ရှိသော်လည်း စိုက်ပျိုး/မွေးမြူရေးကဲ့သို့ စားဝတ်နေရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ပိုမိုအရေးပါလျက်ရှိတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး/မွေးမြူရေးကို အခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုး/မွေးမြူရေးနဲ့ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ ကျေးလက်နေပြည်သူလူထု ၇၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေမှာ အထွက်နှုန်းတိုးစေဖို့ လိုအပ်ချက်တွေဖြစ်တဲ့ "မျိုး၊ မြေ၊ ရေ၊ နည်း"ဆိုတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာတွေ ပေါင်းစပ်ပြီး ကောင်းမွန်တဲ့ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးတာတွေ၊ စိုက်ပျိုးရေရရှိစေဖို့ ဆောင်ရွက်ပေးမှုနဲ့ ကောင်းမွန်တဲ့ စိုက်နည်းစနစ်တွေရရှိစေဖို့ ဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံအနေနဲ့ ဒေသတွင်း စားနပ်ရိက္ခာဖူလုံနိုင်ရေးနဲ့ ပြည်ပကို ယခင်ကထက် ပိုမိုတင်ပို့နိုင်ရေး အလေးထားဆောင်ရွက်လျက် ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ စနစ်တကျခေတ်မီစေဖို့ အရေးပါတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ ပေါ်ထွက်လာရေးအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စိုက်ပျိုးမွေးမြူရေးကျောင်းတွေကို သိပ္ပံကောလိပ်အဆင့်တိုးမြှင့်ဖို့ ဆောင်ရွက်လျက် ရှိပါတယ်။

ယခုရက်ပိုင်းအတွင်း နေပြည်တော်မှာ (၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုပြုလုပ်တဲ့ မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲမှာ နိုင်ငံအရပ်ရပ်က ကျွဲ၊ နွား၊ ဆိတ်၊ သိုးများ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ဒေသပြည်တွင်းမျိုး၊ ကပြားမျိုး၊ နိုင်ငံခြားမျိုးများအထဲမှာ ဒေသပြည်တွင်း မျိုးကောင်းများကို တွေ့ရပါတယ်။ နွေရာသီအစာရှားပါးတဲ့အချိန်မှာ နှံစားပြောင်း၊ အဖူးစားပြောင်း၊ မြက်၊ ကောက်ရိုးများ စတဲ့ ဒေသထွက်ကုန်များနဲ့ တိရစ္ဆာန်အစာ ကောင်းမွန်စွာ ထုတ်ပေးနိုင်ကြောင်း တွေ့ရတဲ့အတွက် ကျယ်ပြန့်စွာ ဆောင်ရွက်သွားမယ်ဆိုရင် တောင်သူများအတွက် အကျိုးများစွာရှိပါတယ်။ စနစ်တကျ ကျွေးမွေးပြီး မွေးမြူမယ်ဆိုရင် တိုင်းပြည်အတွက် များစွာအကျိုးဖြစ်တာမို့ ခေတ်မီမွေးမြူရေး ပညာရှင်များ မွေးထုတ်ဆောင်ရွက်ရန် ကြိုးစားဖို့ လိုကြောင်း ဖြည့်စွက်ပြောလိုပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြသူတွေဖြစ်လို့ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေဖို့အတွက် ထိရောက်တဲ့နည်းလမ်းတွေ အသုံးပြုပြီး ဒေသတစ်ခုနဲ့တစ်ခု၊ ဒေသတွင်းကွာခြားမှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြည်တွင်းဖြစ်အားပေးမှုအနေနဲ့ ပြည်တွင်းထုတ်ကုန်တွေအားပေးဖို့နဲ့ ပြည်တွင်းထုတ်လုပ်နိုင်တဲ့ ကုန်ပစ္စည်းတွေကိုပြည်ပကလျှော့ချတင်သွင်းနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ပေးမှု၊ ဖြေလျှော့ရေးအစီအစဉ်တွေအရ ပြည်ပမှကုန်ကြမ်းတွေ တင်သွင်းခွင့်နဲ့ ပြည်တွင်းမှာ ပြုပြင်တပ်ဆင်ထုတ်လုပ်ထားတဲ့ ကုန်ချောပစ္စည်းတွေကို လွယ်ကူစွာတင်ပို့နိုင်ဖို့ ပို့ကုန်လိုင်စင်လျှောက်ထားဖို့မလိုဘဲ တင်ပို့ခွင့်ပြုခြင်း၊ ရေကြောင်းကြန့်ကြာမှုရှိခြင်းကြောင့် နယ်စပ်ဒေသရှိ ကုန်သွယ်ရေးစခန်းတွေမှ တင်သွင်းခွင့် ဖြေလျှော့ခွင့်ပြုထားသလို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ကဏ္ဍ(၁၂)ခုမှ လုပ်ငန်း ၂၇ ခုအတွက် ခွင့်ပြုခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၃၅၅၂ ဒသမ ၃၉၆ သန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍအလိုက် ခွင့်ပြုပြီး လုပ်ငန်းများအနေနဲ့ ကဏ္ဍပေါင်း(၁၂)ခုမှ လုပ်ငန်းပေါင်း ၃၇ ခုအတွက်ကို ကျပ်သန်းပေါင်း ၃၃၂၉၆၆ ဒသမ ၃၈၀ သန်း ခွင့်ပြုပြီးဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

**ဆက်လက်ပြီး လူမှုရေးဆိုင်ရာကိစ္စရပ်တွေကို တင်ပြလိုပါတယ်-**

တပ်မတော်က နိုင်ငံတော်တာဝန်ရယူမထိန်းသိမ်းမီ ဘာသာ၊ သာသနာဆုတ်ယုတ်မှုအနေနဲ့ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မဘသ) ကဲ့သို့ ဘာသာ၊ သာသနာရေးနဲ့ ပရဟိတ တွဲဖက်ဆောင်ရွက်တဲ့အဖွဲ့အစည်းတွေကိုအကြောင်းအမျိုးမျိုးပြပြီး ဖျက်သိမ်းခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြပြီး ဘုရားပုထိုးတွေ ဖူးမြော်ခွင့်နဲ့ ဘာသာရေးအဆောက်အအုံအတွင်း ဘုရားဝတ်ပြုကြည်ညိုခွင့်တွေကို ပိတ်ပင်ခဲ့ပြီး သာသနာ့ဝန်ထမ်းရဟန်းတော်တွေကြောင့် နိုင်ငံ့စီးပွားရေး ကျဆင်းသယောင်ကိုလည်း ဝါဒဖြန့်ခဲ့ပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တွေဟာ **စာမျက်နှာ ၇ သို့ ☆**

☆ စာမျက်နှာ ၆ မှ

National Treasure တွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလများမှာ မြန်မာ့ယဉ်ကျေးမှုအကကို ဖက်စပ်ဖန်တီးမှုတွေကြောင့် ဖက်စပ်အကတွေ ခေတ်စားလာရပြီး မြန်မာ့ယဉ်ကျေးမှုအတွက် စိုးရိမ်ရေမှတ်အနေအထားထိ ဖြစ်လာပါတယ်။

ရွှေတိဂုံစေတီပုံရိပ်ပေါ်မှာ ဖိနပ်နင်းအက ကခဲ့ရတဲ့အထိ ဘာသာရေးနဲ့ ယဉ်ကျေးမှုနယ်ပယ် ပျက်စီးခဲ့ရပါတယ်။ မြန်မာ့ဓလေ့ရဲ့ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုတဲ့ မွန်မြတ်လှသော အလေ့အကျင့်တွေအပေါ် Online Media တွေ အသုံးချကာ လူငယ်တို့ရဲ့ ယဉ်ကျေးသိမ်မွေ့မှု အခြေခံစိတ်ဓာတ်တွေကို ဖျက်ဆီးခံခဲ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာအများစုဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ၈၇ ရာခိုင်နှုန်းခန့် ကိုးကွယ်မှုရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အစိုးရသက်တမ်းကာလမှာ ကျောင်းသားလူငယ်တွေထဲ ကိုဗစ်-၁၉ ရောဂါအကြောင်းပြုပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းတွေကို ကန့်သတ်မှုတွေပြုလုပ်ခဲ့သလို မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေတဲ့ Sex Education သင်ခန်းစာတွေကို ထည့်သွင်းသင်ကြားစေခဲ့တာတွေ့ရပါတယ်။ ဘာသာရေးကို နိုင်ငံရေးနဲ့ ရောထွေးယှက်တင် မဖြစ်စေရန်လိုသလို ကိုယ့်ဘာသာသာသနာ သန့်ရှင်းတည်တံ့ပြီး ထွန်းလင်းတောက်ပစေဖို့လည်း စည်းကမ်းတကျ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သမိုင်းအမှန်ကို ဖုံးကွယ်ပြီး လူငယ်ထုအတွင်း တပ်မတော်ကို အမုန်းရန်ပွားများစေဖို့ နားယောင်ထိုးသွင်း လှုံ့ဆော်ခြင်းတွေ ဆောင်ရွက်စေခဲ့တဲ့အထိ နိုင်ငံရေးသမားတွေရဲ့ အသုံးချခံဖြစ်အောင် စိမ့်ဝင်စေခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**တပ်မတော်က နိုင်ငံတော်တာဝန်ရယူထိန်းသိမ်းပြီးနောက်အခြေအနေ**

တပ်မတော်က နိုင်ငံတော်တာဝန် ရယူထိန်းသိမ်းပြီးနောက် ကိုဗစ်-၁၉ ရောဂါ အကြောင်းပြုပြီး ပိတ်ထားခဲ့တဲ့ ဗုဒ္ဓဘာသာဘုရားစေတီတွေ အပါအဝင် သက်ဆိုင်ရာ ဘာသာအလိုက် ဘာသာရေးအဆောက်အအုံတွေမှာ ဘုရားဝတ်ပြုခြင်း၊ ကြည်ညိုခြင်းတွေကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့ကစပြီး ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ တိုးတက်လာတဲ့ အခြေအနေတွေအပေါ် မူတည်ပြီး လူအများစုဝေးခွင့်၊ ပျော်ပွဲရွှင်ပွဲအခမ်းအနားတွေ စည်းကမ်းနဲ့အညီ ပြုလုပ်ခွင့်တွေ ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နဲ့အညီ ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးအစွန်းရောက်တွေ၊ အကြမ်းဖက်အုပ်စုတွေဖြစ်တဲ့ CRPH၊ NUG တို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေနဲ့ အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုတွေမှာ ပါဝင်ခဲ့တဲ့အတွက် အရေးယူခံရပြီး နိုင်ငံတော်အတွင်း တရားရုံးအသီးသီးမှာ တရားစွဲဆိုခြင်းခံနေရသူတွေကို လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေဖို့နဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ပါဝင်နိုင်စေဖို့အတွက် အခါကြီးရက်ကြီးတွေဖြစ်တဲ့ ၁၂-၂-၂၀၂၁ ရက် ပြည်ထောင်စုနေ့မှာ အကျဉ်းသား၊ အကျဉ်းသူ ၂၃,၃၆၉ ဦး၊ ၁၇-၄-၂၀၂၁ ရက်နေ့ မြန်မာနှစ်ဆန်း ၁ ရက်နေ့မှာ ၂၃၁၈၄ ဦး၊ ၁၈-၁၀-၂၀၂၁ ရက်နေ့ သီတင်းကျွတ်လပြည့်နေ့မှာ ၁၃၁၆ ဦး၊ ၂၀-၁၁-၂၀၂၁ ရက်နေ့မှာ ၁၀ ဦး စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၄၇၈၇၉ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ သင့်လျော်တဲ့ နေ့ရက်များမှာ နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူ့လုံခြုံရေးများ မထိခိုက်နိုင်တဲ့ သူများကိုလည်း သင့်လျော်သလို ဆောင်ရွက်ပေးသွားပါမယ်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ (၇၅) နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ပဲ ဖြစ်ပါတယ်။ (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ (၁) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်၊ (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန်အတွက် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို တိုင်းရင်းသားအားလုံးအတွက် တခမ်းတနား ကျင်းပဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ဖို့အတွက် လုပ်ဆောင်မယ့် လုပ်ငန်းရပ်တွေချမှတ်ခြင်း၊ တိုင်းရင်းသားတွေပါဝင်တဲ့ ဖော်ဆောင်ရေး အဖွဲ့တွေ ဖွဲ့စည်းခြင်းနဲ့ လက်တွေ့လုပ်ငန်းရပ်တွေ ဆောင်ရွက်ခြင်းဆိုတဲ့ အဆင့် (၃)ဆင့်ကို အဆင့်လိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနဖွဲ့စည်းပြီး တိုင်းရင်းသားလူမျိုးအပေါင်းတို့ရဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေကို အလေးထားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှာ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြန်လည်ကျင်းပဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**နိုင်ငံတော်ရဲ့ လက်ရှိအခြေအနေအရ နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့် အခြေအနေတွေကို ထပ်မံတင်ပြလိုပါတယ်–**

- ရှေ့ပိုင်းမှာ နိုင်ငံတော်ရဲ့ လက်ရှိနိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ရှေ့ဆက်လက်လုပ်ဆောင်မယ့် လုပ်ဆောင်ချက်တွေကို အကျဉ်းချုပ်တင်ပြပြီး ဖြစ်ပါတယ်။
- မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပ နှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။

**မိဘပြည်သူများခင်ဗျား–**

- လူတစ်ဦးချင်းစီ၏ လူ့အခွင့်ရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံးအချက် ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။
- နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။
- အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်း ဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။
- နိုင်ငံတော်ကို လက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိ လုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘောဖြစ်ပါတယ်။
- နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။
- နိုင်ငံမငြိမ်မသက်ဖြစ်ခြင်းရဲ့ အကျိုးဆက်များဟာ ကမ္ဘာတစ်ဝန်းမှာ နမူနာပေါင်းများစွာရှိနေပါတယ်။
- တပ်မတော်ဟာ ကိုယ်ကျိုးရှာသည့်အဖွဲ့၊ အဖွဲ့အစည်းတစ်ခုအတွက် တည်ရှိနေသော အဖွဲ့အစည်း မဟုတ်ပါဘူး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးကို အကာအကွယ်ပေးဖို့ တည်ရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံ့ကာကွယ်ရေးတာဝန်များကို ပြည်သူနဲ့ပူးပေါင်းပြီး ဦးလည်မသုန် ဆောင်ရွက်ခဲ့သလို ယခု ၁၀ နှစ်အတွင်းမှာလည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပိုပြင်ခိုင်မာရေးအတွက် တတ်စွမ်းသလောက် သစ္စာရှိရှိ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလမ်းစဉ်အတိုင်း ကတိတည်စွာနဲ့ ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။
- ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ချိန်ဆ သုံးသပ်ကြည့်ပါက ပြည်တွင်း/ပြည်ပ အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကို အားပေးနေတဲ့ လူပုဂ္ဂိုလ် အဖွဲ့အစည်းတွေရဲ့ လိုလားချက်မှာ ဒီမိုကရေစီထက် မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်နေပါတယ်။ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူများကို ကာကွယ်ရန်ဖြစ်ပြီး မင်းမဲ့စရိုက်အဖြစ်မခံနိုင်ပါဘူး။ လျစ်လျူရှုလို့လည်း မရပါဘူး။ ဒါကြောင့် အချို့နေရာများမှာ စွန့်စားပြီး ပေးဆပ်ကာကွယ်ရခြင်းဖြစ်ပါတယ်။
- လက်ရှိအခြေအနေမှာလည်း ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး အချို့တို့မှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖျက်ဆီးမှုတွေ ရှိနေပါတယ်။ နိုင်ငံအတွင်း မြို့နယ်အချို့မှာ ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ခန့်အပ်ထားဖို့ ရှိနေပါသေးတယ်။
- လွတ်လပ်၍တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပုဒ်မ ၄၂၉ အရ ကျင်းပနိုင်ဖို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မယ့်လုပ်ငန်းတွေ ကျန်ရှိနေပါသေးတယ်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်ကာလ နောက်ထပ် ခြောက်လတိုးမြှင့်သွားမှာဖြစ်ပါတယ်။ အဲ့ဒီကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူ့ဘဝလုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေကို အထူးဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြည်သူ့လိုလားချက်ဖြစ်တဲ့ "စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"လမ်းကြောင်းမှန်ကို ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပါတယ်။
- မြန်မာ့ဂုဏ်ကို အားလုံးကမြှင့်တင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား–**

- တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော်ယုံကြည်အားကိုးပါတယ်။
- နိုင်ငံရဲ့ ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။
- နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ် များစွာရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူ ပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။
- နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာ မရှိပါဘူး။
- နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။
- တိုင်းရင်းသားမိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

**နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောလိုတာကတော့–**

- နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အစွမ်းကုန်ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။
- နိုင်ငံတော်ထာဝရ အစွန့်ရှည်တည်တံ့ရေးနဲ့ နိုင်ငံသားများနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များဟာ ကျွန်တော်တို့တပ်မတော်အတွက် အကြီးမားဆုံးတာဝန်ဖြစ်ကြောင်း ခံယူထားပါတယ်။
- "စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"နဲ့ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ကို အာမခံပါတယ်။
- ကတိကဝတ်များအတိုင်း ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၊ ပြည်သူလူထုတို့ရဲ့ ကောင်းသောအနာဂတ် ဖြစ်လာစေဖို့ ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။
- တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ထပ်မံဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။
- **ကျေးဇူးတင်ပါတယ်။**

**○ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ပဲဖြစ်ပါတယ်။ (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ (၁) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်၊ (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန်အတွက် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို တိုင်းရင်းသားအားလုံးအတွက် တခမ်းတနား ကျင်းပဆောင်ရွက်သွားမှာဖြစ်**

**○ ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ဖို့အတွက် လုပ်ဆောင်မယ့် လုပ်ငန်းရပ်တွေချမှတ်ခြင်း၊ တိုင်းရင်းသားတွေပါဝင်တဲ့ ဖော်ဆောင်ရေးအဖွဲ့တွေ ဖွဲ့စည်းခြင်းနဲ့ လက်တွေ့လုပ်ငန်းရပ်တွေ ဆောင်ရွက်ခြင်းဆိုတဲ့ အဆင့်(၃)ဆင့်ကို အဆင့်လိုက် ဆောင်ရွက်သွားမှာဖြစ်**

# ဒီမိုကရေစီအနှစ်သာရများ ကျင့်သုံး၍ မျှော်လင့်ချက်အိပ်မက်မှ လက်တွေ့အကျိုးတရားဖော်ဆောင်

သိန်းထွန်း (IR)

## ဒီမိုကရေစီအပြောင်းအလဲ

ဒီမိုကရေစီစနစ်သည် ကမ္ဘာတစ်ဝန်းလူကြိုက်များသော နိုင်ငံရေးစနစ်တစ်ရပ်ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ ပင်မတန်ဖိုးတစ်ခုမှာ ဒီမိုကရေစီဟုဆိုပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေး စတင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲကိုကြည့်လျှင် ဖြစ်စဉ်ဖြစ်ရပ်များသည် မဝေးကွာလှသေးသည်ကို တွေ့ရပါသည်။ ၂၀၁၁ ခုနှစ်မှ စတင်ခဲ့သော အသွင်ကူးပြောင်းရေးသည် ယနေ့ဆိုလျှင် ဆယ်စုနှစ်တစ်ခုကျော်သာ ရှိနေပါသေးသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အမှတ်လက္ခဏာတစ်ရပ်ဖြစ်သော ပြည်ထောင်စုလွှတ်တော်ကြီး စတင်ခေါ်ယူကျင်းပခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သော ပြည်ထောင်စု လွှတ်တော်ကြီးသည် မြန်မာ့ဒီမိုကရေစီ အပြောင်းအလဲကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယင်းနေ့မှစ၍ အသက်ဝင်လာသော ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံအတွက် မျှော်လင့်ချက်များကို ယူဆောင်လာခဲ့ပါသည်။

ပြည်သူလူထု၏ ထိုမျှော်လင့်ချက်များနှင့်အတူ နိုင်ငံရေးအတိုက်အခံများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း၊ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ခြင်း၊ သတင်းလွတ်လပ်ခွင့်များ ဖြေလျှော့ပေးခြင်း၊ အဖွဲ့အစည်းဆိုင်ရာများ ဖြေလျှော့ပေးခြင်း၊ နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ နိုင်ငံတကာ၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာနိုင်ငံရေးမျက်နှာစာများ ဖွင့်လှစ်ခြင်းကဲ့သို့သော နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါသည်။ ထိုအပြောင်းအလဲတို့မှာ ဆက်လက်၍ ဆောင်ရွက်နေကြရပါဦးမည်။



၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အမှတ်လက္ခဏာအဖြစ် ပြည်ထောင်စုလွှတ်တော်ကြီးကို ခေါ်ယူကျင်းပကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် သမိုင်းမျက်နှာစာသစ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

မိုင်ပေါင်းများစွာသောခရီးကို ခြေတစ်လှမ်းဖြင့် စတင်သကဲ့သို့ပင်ဖြစ်ပါ၏။ ဒီမိုကရေစီခရီးပန်းတိုင်ရောက်ရန် လက်တွဲညီညီ ခြေလှမ်းမှန်မှန်ဖြင့် ဆက်၍လျှောက်လှမ်းနေမှသာ ခရီးပေါက်၍ လိုရာပန်းတိုင်ရောက်ကြမည် ဖြစ်ပါသည်။

> ယင်းစိတ်ထားနှင့် ဆန့်ကျင်ဘက်မှာ တစ်ဖက်စွန်းစိတ်ထားနှင့် စိတ်ခံစားချက်များအပေါ် ရပ်တည်လုပ်ဆောင်ချက်အဖြစ် တွေ့ရပါသည်။ လူတစ်ဦးတစ်ယောက်၏ ရှိရင်းစွဲစိတ်နေသဘောထား၊ အကျင့်စရိုက်တို့ကို ပြုပြင်ပြောင်းလဲရန်မှာ လက်တွေ့တွင် ခက်ခဲတတ်ကြပါသည်။ သို့သော်လည်း ပတ်ဝန်းကျင်နှင့်ဆက်နွှယ်ပတ်သက်လာရသည့်အခါတွင်ဖြစ်စေ၊ မိမိအကျိုး၊ အများအကျိုးဖော်ဆောင်ရန်အတွက်ဖြစ်စေ မိမိကိုယ်ကိုမိမိ ပြုပြင်ပြောင်းလဲယူကြရပါသည်။ ဒီမိုကရေစီအလေ့အကျင့်များသည်လည်း ထိုနည်းတူစွာပင်ဖြစ်ပါသည်။ နိုင်ငံသားအားလုံး၏ လူမှုစီးပွားများ တိုးတက်ရန်နှင့် အနာဂတ်မျိုးဆက်များ ပိုမိုတိုးတက်လာစေရန်အတွက် မိမိတို့တစ်ဦးချင်းစီက စတင်ကြရမည်

## ဆက်လက်လုပ်ဆောင်ရန်များ

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် နိုင်ငံရေးဆိုင်ရာပြောင်းလဲမှုများနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများအပြင် ဒီမိုကရေစီ၏အခြေခံ ဒေါက်တိုင်တစ်ခုဖြစ်သော မီဒီယာအခန်းကဏ္ဍကိုပါ တစ်ပါတည်း ပြောင်းလဲလာခဲ့သဖြင့် အချိန်တိုအတွင်း လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါသည်။



ဒီမိုကရေစီကို အသံကောင်းဟစ်ကြွေးကြော်နေသော PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးထားသော ကျွန်းလှ-ကောလင်း ကားလမ်းပေါ်ရှိ ဒေါင်းမြူးချောင်းကူးတံတားပျက်စီးနေမှုကို တွေ့ရစဉ်။

ထိုသို့ ပြောင်းလဲတိုးတက်လာသော်လည်း နိုင်ငံတွင် ဆက်လက်ပြောင်းလဲရန်များ၊ ဖြေရှင်းရန်များနှင့် တည်ဆောက်ရန်များ ကျန်ရှိနေဆဲဖြစ်ပါသည်။ ယင်းသို့ လုပ်ဆောင်ရခြင်းသည် မိမိတို့နိုင်ငံတစ်နိုင်ငံတည်းတွင်သာမဟုတ်ပါ။ ကမ္ဘာ့အခြားနိုင်ငံများတွင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမျိုးမျိုးသော အခက်အခဲများကြားမှ တည်ဆောက်ကြရပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် နိုင်ငံရေးစနစ် ပြောင်းလဲခြင်းနှင့်အတူ နိုင်ငံရေးစိတ်သဘောထားများ၊ ယဉ်ကျေးမှုများ၊ အကျင့်စရိုက်များလည်း ပြောင်းလဲကြရသည်ဖြစ်ရာ ရှုပ်ထွေးနက်နဲလှသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

ထိုအသွင် ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းစဉ်တို့မှာ သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေအလိုက် လုပ်ဆောင်ကြရသည်ဖြစ်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတိမ်အနက်မတူညီနိုင်ချေ။ သို့သော်လည်း မိမိတို့နိုင်ငံ၏ အသွင်ကူးပြောင်းရေး အောင်မြင်စေရန်နှင့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေရန် တစ်ဦးချင်းအလိုက်၊ အဖွဲ့အစည်းအလိုက် ဒီမိုကရေစီအလေ့အကျင့်နှင့် အနှစ်သာရများ ပိုမိုပြည့်ဝလာစေရေး ဆက်လက် လုပ်ဆောင်ခြင်းဖြင့်သာ ဆောင်ရွက်ဆဲ အသွင်ကူးပြောင်းရေးကို တဖြည်းဖြည်း တိုးတက်လာစေမည်ဖြစ်ပါသည်။

## ပြောင်းလဲမှုအချိန်ကာလ

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအချိန်ကာလသည် မြန်မာနိုင်ငံ၏ ပြောင်းလဲရမည့်အခြေအနေနှင့် လုပ်ငန်းပမာဏနှင့်နှိုင်းစာလျှင် အချိန်ယူလုပ်ဆောင်ကြရဦးမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်တည်နေဆဲ ပဋိပက္ခများဖြေရှင်းရန် ကျန်ရှိနေသကဲ့သို့ အခြားနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပြောင်းလဲရမည့်လုပ်ငန်းများ ရှိနေဆဲဖြစ်ပါသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် အသွင်သဏ္ဌာန်အားဖြင့် ပြောင်းလဲရသည်များရှိသကဲ့သို့ ဒီမိုကရေစီအနှစ်သာရများ၊ တန်ဖိုးများ၊ အလေ့အကျင့်များကိုလည်း ပြုပြင်ပြောင်းလဲရန် လိုအပ်မည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သည် နိုင်ငံ တည်ဆောက်ရေးဆိုင်ရာ နိုင်ငံရေးစနစ် တစ်ခုဖြစ်သည့်အတွက် ယင်းစနစ်နှင့် အသားတကျနှင့် အရည်အသွေးပြည့်ဝစေရန် အချိန်ယူတည်ဆောက်ကြရပါသည်။

စာမျက်နှာ ၉ သို့



၂၀၁၁ ခုနှစ် မတ် ၁၅ ရက်တွင် စတင်ခဲ့သည့် ဆီးရီးယားပြည်တွင်းစစ် ဖြစ်ပွားပြီးနောက်ပိုင်း ၁၀ နှစ်အကြာ၂၀၂၁ ခုနှစ် မတ် ၁၄ ရက်တွင် တွေ့မြင်ရသည့် ဆီးရီးယားနိုင်ငံ၏ မြို့ပြမြင်ကွင်း။

**“ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီကျင့်သုံးရာ၌ ဒီမိုကရေစီအပြည့်အဝကျင့်သုံးသောနိုင်ငံ၊ ချို့ယွင်းချက်အားနည်းချက်များရှိသောနိုင်ငံ၊ တစ်ဝက်တစ်ပျက် ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံအဖြစ် ပိုင်းခြားထားသည်ကို တွေ့ရပါသည်။ ယင်းသို့ တိုင်းတာသတ်မှတ်မှုများသည် နိုင်ငံတိုင်း၏အခြေအနေများနှင့် ကိုက်ညီရန်ခက်ခဲနိုင်ပါသည်။ ဒီမိုကရေစီကို တင်သွင်း၍မရသလို တင်ပို့၍လည်း မရဆိုသကဲ့သို့ ယင်းစံနှုန်းများနှင့် တိုင်းတာသတ်မှတ်ခြင်းထက် မိမိတို့နိုင်ငံအတွက် အထောက်အကူဖြစ်စေသည့် ဒီမိုကရေစီအနှစ်သာရများနှင့်အလေ့အကျင့်များကို ခိုင်မာအောင်တည်ဆောက်ကြရမည်”**

❀ စာမျက်နှာ ၈ မှ

နိုင်ငံတစ်နိုင်ငံ ဒီမိုကရေစီအရည်အသွေးပြည့်ဝစေရန်နှင့်ပတ်သက်၍ IDEA ၏လေ့လာချက်အရ -

၁။ ဒီမိုကရေစီပြုရေးသည် အချိန်နှင့်စိတ်ရှည်သည်းခံမှု လိုအပ်သောဖြစ်စဉ်တစ်ခုဖြစ်သည်။

၂။ ဒီမိုကရေစီကို ရွေးကောက်ပွဲကျင်းပရုံတစ်ခုတည်းဖြင့် မရရှိနိုင်ပါ။

၃။ ဒီမိုကရေစီ ကျင့်သုံးမှုများကို နှိုင်းယှဉ် သုံးသပ်နိုင်သော်လည်း ပြဋ္ဌာန်း၍ မရနိုင်ပါ။

၄။ ဒီမိုကရေစီကို လူ့အဖွဲ့အစည်းများ၌ပင် တည်ဆောက်ရပါသည်။

၅။ ဒီမိုကရေစီကို တင်သွင်း၍မရသလို တင်ပို့၍လည်းမရပါ၊ သို့သော် ပံ့ပိုးမှု ပေးလို့သာရပါသည် .......

ဆိုသည့် ဒီမိုကရေစီဆိုင်ရာ သုံးသပ်ချက်နှင့် ချိန်ထိုးသုံးသပ်ကြည့်နိုင်ပါသည်။

## ဒီမိုကရေစီအလေ့အကျင့်

**ဒီမိုကရေစီအလေ့အကျင့်များသည် ဒီမိုကရေစီအနှစ်သာရများ ဖော်ဆောင်ရာတွင် လိုအပ်သောလိုက်နာကျင့်သုံးမှုများဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သည် အုပ်ချုပ်မှုပုံစံစနစ်တစ်ခုဖြစ်ရာ ယင်းစနစ် မှန်ကန်စွာလည်ပတ်နိုင်ရေးအတွက် တစ်ဦးချင်းစီတိုင်းကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ လက်တွေ့ကျင့်သုံးကြရပါသည်။ ထို့အပြင် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများသည် သည်းခံမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပေးအယူလုပ်မှုတို့၏ တန်ဖိုးများကို အာမခံကြရသည်။ သည်းမခံနိုင်ခြင်းသည် အကြမ်းဖက်မှုပုံစံတစ်ခုဖြစ်ပြီး စစ်မှန်သော ဒီမိုကရေစီစိတ်ဓာတ်ကြီးထွားလာစေရန် အတားအဆီးတစ်ခုဖြစ်ကြောင်း မဟာတ္တမဂန္ဒီက ဆိုဖူးပါသည်။ ဒီမိုကရေစီစိတ်သဘောထားဟု ဆိုရပါမည်။**

ယင်းစိတ်ထားနှင့် ဆန့်ကျင်ဘက်မှာ တစ်ဖက်စွန်းစိတ်ထားနှင့် စိတ်ခံစားချက်များအပေါ် ရပ်တည်လုပ်ဆောင်ချက်အဖြစ်တွေ့ရပါသည်။ လူတစ်ဦးတစ်ယောက်၏ ရှိရင်းစွဲစိတ်နေသဘောထား၊ အကျင့်စရိုက်တို့ကို ပြုပြင်ပြောင်းလဲရန်မှာ လက်တွေ့တွင် ခက်ခဲတတ်ကြပါသည်။ သို့သော်လည်း ပတ်ဝန်းကျင်နှင့် ဆက်နွယ်ပတ်သက်လာရသည့်အခါတွင်ဖြစ်စေ၊ မိမိအကျိုး၊ အများအကျိုး ဖော်ဆောင်ရန်အတွက် ဖြစ်စေ မိမိကိုယ်ကိုမိမိ ပြုပြင်ပြောင်းလဲယူကြရပါသည်။ ဒီမိုကရေစီအလေ့အကျင့်များသည်လည်း ထိုနည်းတူစွာပင် ဖြစ်ပါသည်။ နိုင်ငံသားအားလုံး၏ လူမှုစီးပွားများ တိုးတက်ရန်နှင့် အနာဂတ်မျိုးဆက်များ ပိုမိုတိုးတက်လာစေရန်အတွက် မိမိတို့တစ်ဦးချင်းစီက စတင်ကြရမည်ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်နှင့် အလေ့အကျင့်များသည် အကောင်းဆုံးနှင့် နောက်ဆုံးနည်းလမ်းဟု မဆိုနိုင်သော်လည်း လက်တွေ့လူမှုဘဝများ တိုးတက်ရန်နှင့် ငြိမ်းချမ်းသော အသိုက်အဝန်း တည်ဆောက်ရန်အတွက်မူ ထိရောက်သောနည်းလမ်းများကို ရရှိစေပါသည်။

## ငြိမ်းချမ်းရေးနည်းလမ်းတစ်ရပ်

လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပွားသည့်ပဋိပက္ခများကို ဖြေရှင်းရန် ဒီမိုကရေစီနည်းလမ်းများကို အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းဖြင့် အပြုသဘောရလဒ်များကို ရရှိစေနိုင်ပါသည်။ ဒီမိုကရေစီနည်းလမ်းများသည် အားလုံးပါဝင်နိုင်မှု၊ တရားမျှတမှု၊ တာဝန်ယူ တာဝန်ခံနိုင်မှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် ပျော့ပျောင်းညင်သာ၍ အပြုသဘောငြိမ်းချမ်းစွာဖြေရှင်းခြင်းတို့အပေါ် အခြေခံလုပ်ဆောင်ခြင်းဖြစ်၍ ရေရှည်ခိုင်မာမှုကို ရရှိစေနိုင်ပါသည်။ ဒီမိုကရေစီနည်းလမ်းများသည် အကောင်းဆုံးနှင့် မည်သည့်ပဋိပက္ခကိုမဆို ဖြေရှင်းနိုင်သည်ဟု မဆိုနိုင်သော်လည်း ပဋိပက္ခစီမံခန့်ခွဲမှုအတွက် ထိရောက်သော နည်းလမ်းများကို အထောက်အကူဖြစ်စေပါသည်။ ဒီမိုကရေစီ၏သဘောတွင်ပင် ငြင်းခုံမှု၊ တွေ့ဆုံဆွေးနွေးမှု၊ အပြန်အလှန်နားလည်ပေးနိုင်မှု၊ ဆွေးနွေးအဖြေရှာမှုဖြစ်ရာ အကြမ်းဖက်မှုအသွင်မဆောင်ဘဲ ပဋိပက္ခများကို လျှော့ချနိုင်ပါသည်။

ထိုသို့ ဒီမိုကရေစီနည်းလမ်းများကို ပဋိပက္ခများဖြေရှင်းရေးအတွက် အသုံးပြုရာတွင် လူမှုအဖွဲ့အစည်းအတွင်း ဒီမိုကရေစီယဉ်ကျေးမှုများနှင့် အလေ့အကျင့်များ အားနည်းနေပါက ဆေးကြောင့် ပို၍ လေးသွားတတ်သည်များလည်း ရှိပါသည်။

သို့ဖြစ်ရာ ဒီမိုကရေစီအလေ့အကျင့်များနှင့် ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဟန်ချက်ညီလည်ပတ်နိုင်ရေးမှာ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်လာပါသည်။ လူမှုအဖွဲ့အစည်းအတွင်းရှိ တစ်ဦးချင်းစီတိုင်းက ဒီမိုကရေစီအလေ့အကျင့်များ ကျင့်ကြံလိုက်နာကြရန်လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင် အုပ်ချုပ်မှုစနစ်များ၊ အင်စတီကျူးရှင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများအတွင်း ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများ ဟန်ချက်ညီတိုးတက်ရန် လိုအပ်ပါသည်။

သို့မှသာ ပြဿနာစီမံခန့်ခွဲမှုတွင် ဒီမိုကရေစီနည်းလမ်းများကို ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ပဋိပက္ခအလွန် နိုင်ငံတည်ဆောက်ရေးကိုပါ ဆက်လက်အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

## ဒီမိုကရေစီအနှစ်သာရများအခြေခံ

**ကမ္ဘာ့နိုင်ငံများတွင် ဒီမိုကရေစီကျင့်သုံးရာ၌ ဒီမိုကရေစီအပြည့်အဝကျင့်သုံးသောနိုင်ငံ၊ ချို့ယွင်းချက်အားနည်းချက်များရှိသောနိုင်ငံ၊ တစ်ဝက်တစ်ပျက် ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံအဖြစ် ပိုင်းခြားထားသည်ကို တွေ့ရပါသည်။ ယင်းသို့တိုင်းတာသတ်မှတ်မှုများသည် နိုင်ငံတိုင်း၏ အခြေအနေများနှင့် ကိုက်ညီရန် ခက်ခဲနိုင်ပါသည်။ ဒီမိုကရေစီကို တင်သွင်း၍မရသလို တင်ပို့၍လည်းမရ ဆိုသကဲ့သို့ ယင်းစံနှုန်းများနှင့် တိုင်းတာသတ်မှတ်ခြင်းထက် မိမိတို့နိုင်ငံအတွက် အထောက်အကူဖြစ်စေသည့် ဒီမိုကရေစီအနှစ်သာရများနှင့် အလေ့အကျင့်များကို ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ပါသည်။**

ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမှာ လူတိုင်း၏ မျှော်လင့်ချက်အိပ်မက်များ ဖြစ်ကြပါသည်။ ထိုမျှော်လင့်ချက်အိပ်မက်များ လက်တွေ့အကောင်အထည် ပေါ်လာစေရန်ဆိုပါက ဒီမိုကရေစီအနှစ်သာရများကို ကိုယ်စီကိုယ်စီ လိုက်နာကျင့်သုံးကြခြင်းဖြင့် မျှော်လင့်ချက်အိပ်မက်မှ လက်တွေ့အကျိုးခံစားရမှုသို့ ပြောင်းလဲလာနိုင်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

■



နိုင်ငံရေးပဋိပက္ခများကို ဒီမိုကရေစီအသွင်ဆောင်ကာ မဖြေရှင်းဘဲ PDF အမည်ခံ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ကုန်တင်ယာဉ်တစ်စီးအား မီးရှို့ထားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ **မီဒီယာကဏ္ဍမှ**

တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများ၊ အနုပညာရှင်များ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတု ပြတိုက် Mini Theatre အတွင်း၌ MRTV စိန်ရတုပြတိုက်ဆီသို့ Video Clip ကို ကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စိန်ရတုပြတိုက် ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် အဆောက်အအုံပုံစံငယ်များနှင့် တာဝါပုံစံငယ်များ၊ ရုပ်သံရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ၏ မှတ်တမ်းဓာတ်ပုံများ၊ (၇၅)နှစ်သက်တမ်းရှိ မြန်မာ့ဆိုင်းဝိုင်းကြီး၊ ခေတ်ပေါ်တီးဝိုင်း နှင့် တူရိယာပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ တူရိယာပစ္စည်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ဓာတ်ပြားစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ မဟာဂီတနှင့် တေးဂီတဆိုင်ရာ စာအုပ်စာစောင်များအပါအဝင် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့်သက်ဆိုင်သည့် အခြားစက်ပစ္စည်း ကိရိယာပြခန်းများအား လှည့်လည်ကြည့်ရှုကြပြီး စိန်ရတုပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**တက်ရောက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံ Auditorium ၌ ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV News Channel နှင့် MRTV DTH စနစ် ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်တာဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

**လွတ်လပ်ရေးနှင့်အတူ တည်ရှိလာ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံသည် လွတ်လပ်ရေးနှင့်အတူ တည်ရှိလာသောဌာနတစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးကို အသိပညာနှင့် ဗဟုသုတဖြန့်ဖြူးပေးသော ဌာနကြီးဖြစ်ကြောင်း၊ ယခုအခါ စိန်ရတုကာလကျော်လွန်လာပြီဖြစ်ကြောင်း၊ ယခင်နှစ်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိစဉ် စိန်ရတုပြတိုက် တည်ဆောက်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုတစ်နှစ်ပြည့်မြောက်သည့်နေ့တွင် အဆောက်အအုံကို ဖွင့်လှစ်နိုင်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်ပြီး တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်ကို ချမှတ်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းစေဖို့နှင့် ရည်မှန်းချက်တာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အိမ်စောင့်အစိုးရဖွဲ့စည်းပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

**ဝိုင်းဝန်းထူထောင်ဆောင်ရွက်**

တပ်မတော် အနေဖြင့်လည်း နိုင်ငံတော်ကို တရားမျှတသော၊ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တစ်ခုဖြစ်အောင် ဝိုင်းဝန်းထူထောင်ဆောင်ရွက်ပေးလျက်ရှိပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့အခြေအနေတွင် ပြည်ပ ပယောဂအနှောင့်အယှက်များ ကင်းရှင်းစေရန်နှင့် ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များကို တရားဥပဒေဘောင်အတွင်းက အေးချမ်းတည်ငြိမ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်သကဲ့သို့ ဆူပူအုံကြွမှုများ ဖန်တီးပြီး အကြမ်းဖက်လမ်းစဉ်များဖြင့် တိုင်းဖျက်ပြည်ဖျက် လုပ်ဆောင်နေမှုများကို ပြည်သူအားလုံးက အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း နားလည် သဘောပေါက်ကြရန်နှင့် ဝိုင်းဝန်း ဆန့်ကျင် ဟန့်တားပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၁၁ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

**✻ သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလများ ထုတ်လွှင့်ပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော် ထုတ်လွှင့်မှုများ မပြုလုပ်ကြရန် ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရမည်ဖြစ်ပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုထံ ရောက်အောင် ထုတ်လွှင့်ဖော်ပြပေးနိုင်ရန်လိုအပ်**

○ စာမျက်နှာ ၁၀ မှ

မီဒီယာကဏ္ဍအနေဖြင့် ပြည်သူများအတွက် ဒီမိုကရေစီနှင့်ပတ်သက်သည့် အသိပညာ၊ အတွေးအခေါ်များ ရရှိစေရန်နှင့် လူငယ်လူရွယ်များအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ကောင်းမွန်စွာ ရပ်တည်နိုင်ရန်၊ ခေတ်ပညာတတ် လူငယ်များဖြစ်အောင် ပံ့ပိုးပေးမှု၊ စေ့ဆော်တိုက်တွန်းပေးမှု၊ လမ်းညွှန်ပြသမှုတို့ဖြင့် လုပ်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ ကောလာဟလများ ထုတ်လွှင့်ပြီး တိုင်းပြည် မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော်ထုတ်လွှင့်မှုများ မပြုလုပ်ကြရန် ဝိုင်းဝန်းဆန့်ကျင်တားမြစ်ပေးကြရမည်ဖြစ်ပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူလူထုထံ ရောက်အောင် ထုတ်လွှင့်ဖော်ပြပေးနိုင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံပိုင်မီဒီယာဖြစ်သည့် MRTV အနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ဦးထိပ်ထားကာ စီစဉ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို မီဒီယာနည်းလမ်းများဖြင့် အောင်မြင်အောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း။

**စနစ်တကျခင်းကျင်းပြသ**

MRTV အနေဖြင့် ဖြတ်သန်းခဲ့သည့် (၇၅)နှစ်တာ ကာလအတွင်း တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းများ၊ ထုတ်လုပ်တင်ဆက်ခဲ့မှုများ၊ အသုံးပြုခဲ့ကြသည့် အသုံးအဆောင်နှင့် ယာဉ်၊ စက်ပစ္စည်းကိရိယာများကို မပျောက်ပျက်အောင် ပြုပြင်ထိန်းသိမ်းပြီး စနစ်တကျ ခင်းကျင်းပြသပေးရန် လိုအပ်သကဲ့သို့ ပစ္စည်းကိရိယာများ ရှိသေစွာကိုင်တွယ်အသုံးပြုတတ်ရန်၊ တန်ဖိုးထားစုဆောင်းထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် MRTV စိန်ရတုပြတိုက်ငယ်ကို ယခင်က ပင်မအဆောက်အအုံအတွင်း သီးခြားအခန်းတစ်ခုတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့တာဝန်ယူပြီးစအချိန်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို လာရောက်ကြည့်ရှုစစ်ဆေးချိန်တွင် ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထည်ဝါခံ့ညားသည့် ဂုဏ်ဒြပ်နှင့်အညီ MRTV စိန်ရတုပြတိုက်ကို ပင်မအဆောက်အအုံရှေ့တွင် သီးခြားတည်ဆောက်နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် ခင်းကျင်းပြသရန်အတွက်လည်း အသေးစိတ်စီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သဖြင့် ယနေ့တွင် MRTV စိန်ရတုပြတိုက်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**ခင်းကျင်းပြသထား**

ယခုအခါ MRTV စိန်ရတုပြတိုက်တွင် ပုံစံငယ်များ၊ ရိုက်ကူးရေးယာဉ်များ ထိန်းသိမ်းထားရှိမှုများ၊ စက်ပစ္စည်းနှင့် အသုံးအဆောင်များ၊ ဓာတ်ပြားနှင့် တိပ်ကြိုးခွေများ၊ တူရိယာပစ္စည်းများကို ကဏ္ဍအလိုက် လေ့လာနိုင်အောင် ခင်းကျင်းပြသထားခြင်း ဖြစ်ပါကြောင်း။

ထို့အပြင် သတင်းဖတ်ကြားထုတ်လွှင့်သည့်အခန်းများ၊ Virtual Studio အသုံးပြု ရိုက်ကူးမှုများကို လေ့လာနိုင်မည် ဖြစ်သလို MRTV မှ ခေတ်အဆက်ဆက်က အသုံးပြုခဲ့ကြသည့် ပစ္စည်းကိရိယာများကို တစုတစည်းတည်း တွေ့မြင်နိုင်စေရန် ခင်းကျင်းပြသပေးထားခြင်းဖြစ်သဖြင့် တန်ဖိုးမဖြတ်နိုင်သည့် အသိပညာဗဟုသုတများနှင့် အတွေးအမြင်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

MRTV စိန်ရတုပြတိုက် ဖွင့်လှစ်မှုနှင့် တစ်ဆက်တည်း MRTV News Channel ကို စမ်းသပ်ထုတ်လွှင့်မှုမှ ပုံမှန်ထုတ်လွှင့်သွားရန်အတွက် MRTV DTH စနစ်ကိုလည်း လွှမ်းခြုံထုတ်လွှင့်နိုင်ရန် စတင်ဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း၊ ယနေ့စတင်ဖွင့်လှစ်မည့် MRTV News Channel သည် တချို့ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံကို အန္တရာယ်ရှိစေမည့် သတင်းအတု၊ အယောင်၊ သတင်းမှားများ၊ ကောလာဟလများနှင့် တိုင်းပြည်တွင် မငြိမ်မသက်ဖြစ်စေရန်၊ ဆူပူအုံကြွစေရန် သွေးထိုးလှုံ့ဆော် လုပ်ကြံဖန်တီးလာမှုများအပေါ် သတင်းမှန်များ လျင်မြန်စွာ ထုတ်ပြန်ခြင်းဖြင့် ပြည်သူများ သတင်းမှန် သိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ MRTV News Channelသည်နိုင်ငံတကာသတင်းများကို လျင်မြန်စွာ ဘာသာပြန်ဆို တင်ဆက်ပေးခြင်းဖြင့် ကမ္ဘာ့အရပ်ရပ်မှာ ဖြစ်ပျက်နေသည့်၊ သိသင့်သိထိုက်သည့် သတင်းများကို ပြည်သူများ လျင်မြန်စွာ သိရှိခွင့်ရရှိပြီး ဗဟုသုတများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ယနေ့စတင်ဖွင့်လှစ်မည့် MRTV DTH စနစ်သည်လည်း မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံထုတ်လွှင့်နိုင်မည် ဖြစ်ပါကြောင်း၊ MRTV အနေဖြင့် ၁၉၈၀ ပြည့်နှစ်က Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ရာမှ ၂၀၁၃ ခုနှစ်မှာ Digital (DVB–T2) စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်နိုင်ခဲ့သလို ယခုအခါမှာ Digital (DTH) စနစ်ဖြင့် ထပ်မံတိုးမြှင့်ထုတ်လွှင့်နိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုများကြောင့် နိုင်ငံပိုင် ရုပ်သံထုတ်လွှင့်မှုသည် Digitalization ဖြစ်သည့် ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲမှုတွင် ခေတ်နှင့်အညီ လိုက်ပါနိုင်ခြင်း ဖြစ်သကဲ့သို့ နိုင်ငံအတွင်းမှာ တရားမဝင် စလောင်းများ ပပျောက်ရေးအတွက်လည်း အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

**အဓိကဒေါက်တိုင်တစ်ခုဖြစ်**

ထို့ကြောင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ပြည်သူများ၏ လူမှုအကျိုးစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏မီဒီယာကဏ္ဍတွင် အဓိကဒေါက်တိုင်ကြီးတစ်ခု ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ်လူငယ်များကို မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ် ရရှိစေရန် ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ပဓာနကျသည့် မီဒီယာကြီးလည်း ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများအကြား ခိုင်မာသည့် ပေါင်းကူးတံတားသဖွယ် ဖြစ်အောင်လည်း တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နေချိန်ဖြစ်သလို နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းသည့်နိုင်ငံ၊ သာယာဝပြောသည့်နိုင်ငံ၊ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍအားလုံးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း နိုင်ငံအကျိုး၊ နိုင်ငံသားများအကျိုးကို စိတ်ကောင်းစေတနာအပြည့်၊ ခွဲလုံ့လအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပိုမိုသယ်ပိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန် ထမ်းဆောင်ခဲ့သည့် တစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် MRTV News Channel နှင့် MRTV DTH စနစ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က MRTV DTH Receiver နှင့် နှစ်ပေစလောင်းတစ်စုံအား ဂါရဝပြုပေးအပ်ပြီး အနုပညာရှင်များနှင့် ဝန်ထမ်းများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး အတူတကွ သုံးဆောင်ခဲ့ကြသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်ကို နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပင်မအဆောက်အအုံအတွင်း သီးခြားအခန်းတစ်ခုအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်ကို ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဂုဏ်ဒြပ်နှင့်အညီ ထည်ဝါခံ့ညားစွာ ခင်းကျင်းပြသနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ပင်မအဆောက်အအုံ၏ ရှေ့လက်ရှိနေရာတွင် နှစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် အဆောက်အအုံများ၊ ရုပ်သံထုတ်လွှင့်မှုစက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပြခန်း စုစုပေါင်း ၄၀ အား ခင်းကျင်းပြသထားကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက် ဓာတ်ပုံမြင်ကွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် (၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။ အဆိုပါ စိန်ရတုပြတိုက်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် အဆောက်အအုံပုံစံငယ်များနှင့် တာဝါပုံစံငယ်များ၊ ရုပ်သံရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ စက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၏ မှတ်တမ်းဓာတ်ပုံများ၊ ၇၅ နှစ် သက်တမ်းရှိ မြန်မာ့ဆိုင်းဝိုင်းကြီး၊ ခေတ်ပေါ်တီးဝိုင်းနှင့် တူရိယာပစ္စည်းများ၊ တိုင်းရင်းသားရိုးရာတူရိယာပစ္စည်းများ၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် ဓာတ်ပြားစက်များနှင့် ဆက်စပ်ပစ္စည်းများ၊ မဟာဂီတနှင့် တေးဂီတဆိုင်ရာ စာအုပ်စာစောင်များအပါအဝင် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် သက်ဆိုင်သည့် အခြားစက်ပစ္စည်း ကိရိယာပြခန်းများအား ခင်းကျင်းပြသထားသည်။




ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် ဓာတ်ပြားစက်၊ Radio Gram၊ Radio၊ Cassette နှင့် Horn များ။



ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်-တပ်ကုန်း(ရုံးချုပ်) ပုံစံငယ်။




မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အသုံးပြုခဲ့သည့် တာဝါပုံစံငယ်။




မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် သံစုံတီးဝိုင်းနှင့် တူရိယာပစ္စည်းများ။




မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရိုက်ကူးရေးယာဉ်။




မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သတင်းရိုက်ကူးထုတ်လွှင့်သည့် စတူဒီယို။

စာမျက်နှာ ၁၃ သို့

❒ စာမျက်နှာ ၁၂ မှ



၁၉၀၁ ခုနှစ်မှစ၍ ခေတ်အဆက်ဆက်ကုမ္ပဏီများမှ ထုတ်လုပ်ခဲ့သော ဓာတ်ပြားများ။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပေါ်ထွက်ခဲ့သော ထင်ရှားကျော်ကြားသည့် ကြယ်ပွင့်များ၏ ဓာတ်ပုံများကို ပြသထားစဉ်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုတွင် မြန်မာ့ဆိုင်းဝိုင်းအား ရိုက်ကူးနေသည့် ပုံစံငယ်။


မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ စက်ပစ္စည်းများ။


သတင်းနှင့်ပြန်ကြားရေးဌာန။


မြန်မာ့အသံရေဒီယို တိုက်ရိုက်တင်ဆက် ထုတ်လွှင့်ရေးယာဉ်။


မြန်မာ့အသံရေဒီယို ထုတ်လွှင့်ရေးစတူဒီယို။


ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် သက်ဆိုင်သည့် စက်ပစ္စည်း ကိရိယာများကို ပြသထားစဉ်။


ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် သက်ဆိုင်သည့် စက်ပစ္စည်း ကိရိယာများကို ပြသထားစဉ်။


ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံ ပုံစံငယ်။

# အဓိကလုပ်ငန်းတာဝန်ကြီး (၃)ရပ်ကို နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဖေဖော်ဝါရီ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း၊ အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိအဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်းတွင် တတိယအကြိမ်အဖြစ်ဖွင့်လှစ်သည့် အမှုထမ်းအဆင့် ဘာသာရပ်ဆိုင်ရာ သင်တန်းဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဓိကလုပ်ငန်းတာဝန်ကြီး (၃) ရပ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်းတို့ကို နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းတာဝန်များသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

**ပြောကြား**

ယခုသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ သိရှိနားလည်ကျွမ်းကျင်ပိုင်နိုင်စေရန်၊ ဌာန၏လုပ်ငန်းစဉ်များကို သိရှိနားလည်ပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန်၊ ဝန်ထမ်းကျင့်ဝတ်နှင့် စည်းမျဉ်း၊ စည်းကမ်းများကို သိရှိလိုက်နာကျင့်သုံးနိုင်ရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်တတ်စေရန်နှင့် ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာဆက်ဆံ၍ ဝန်ဆောင်မှုပေးနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပို့ချခြင်းဖြစ်ပါကြောင်း၊ သင်တန်းမှ သင်ကြားပို့ချချက်များကို ဂရုတစိုက်လေ့လာ မှတ်သားကြရန်နှင့် လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချကာ ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လည်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ သင်တန်းသို့ နေပြည်တော်ရှိဝန်ကြီးရုံးနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ အမှုထမ်းအဆင့် သင်တန်းသူ ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် မအူပင်အကျဉ်းထောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့်အဖွဲ့သည် ယနေ့တွင် မအူပင်အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မေးမြန်းမှတ်တမ်းတင်**

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ/ မရှိ၊ အကျဉ်းထောင်သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လာရောက်ပို့ဆောင်ပေးသော ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ/ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်းရှိ/ မရှိနှင့် အကျဉ်းထောင်နှင့်အချုပ်ခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/ မရှိ တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် တစ်ဦးချင်းတွေ့ဆုံလိုသည့် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနှင့်တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်သည်။

ယင်းနောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များသန့်ရှင်းမှု၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ/ မရှိ၊ တိုက်ခန်းများ၊ ဆေးရုံခန်း၊ စားဖိုကြီး၊ ရိက္ခာစတိုု၊ သောက်ရေသုံးရေကန်များနှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုနှင့် Quarantine ထားရှိသည့်အဆောင်အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၅၀၀ ကို ကော်မရှင်မှ လှူဒါန်းရာ အကျဉ်းထောင်တာဝန်ခံက လက်ခံရယူသည်။ မအူပင်အကျဉ်းထောင်ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပြောင်း တရုတ်နိုင်ငံသို့တင်ပို့ရေး အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးနှင့် ပိုးမွှားကင်းစင်ရေး (SPS) စာချုပ် နှစ်ဖက်လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုတွင် အဓိကအိမ်နီးချင်း ဈေးကွက်ကြီးတစ်ခုဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အပင်နှင့်တိရစ္ဆာန် ကျန်းမာရေး၊ ပိုးမွှားကင်းစင်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးရေးကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမှထွက်ရှိသော ပြောင်းကို တရုတ်နိုင်ငံသို့ တင်ပို့ရန် သဘောတူညီချက်ရရှိပြီး ပြောင်းချဉ်ဖတ်ကို စမ်းသပ်တင်ပို့ရန်အတွက် နှစ်ဖက်သဘောတူညီထားကာ ယင်းအတွက် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်ကို ဇန်နဝါရီ ၃၁ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China– GACC) ဝန်ကြီးတို့ လက်မှတ်ရေးထိုးခဲ့သည်။

**အကျိုးကျေးဇူးများရရှိမည်**

အဆိုပါ သဘောတူစာချုပ်အရ မြန်မာနိုင်ငံမှ ပြောင်းနှင့် တိရစ္ဆာန်အစာပြောင်းချဉ်ဖတ်များကို တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နိုင်ခြင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံကြား လယ်ယာထွက်ကုန် တရားဝင်ကုန်သွယ်မှု တိုးမြှင့်လာနိုင်ခြင်းနှင့် ပြောင်းစိုက်တောင်သူများ၏ အကျိုးစီးပွား ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံသို့ လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်/ ဆန်ကွဲ၊ ပိုးအိမ်ခြောက်၊ ကျွဲ၊ နွားအရှင်တင်ပို့ရေး အပင်နှင့်တိရစ္ဆာန် ကျန်းမာရေး၊ ပိုးမွှားကင်းစင်ရေး (SPS) သဘောတူစာချုပ်များကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် GACC တို့အကြား၌ လက်မှတ်ရေးထိုးခဲ့သည်။

လက်ရှိအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ GACC တို့အကြား တိရစ္ဆာန်အရှင်များ တင်ပို့မှုအတွက် တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစခန်း (Aminal Quarantine Station) တည်ထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ နယ်စပ်ဂိတ်များအနီးတွင် ဆောင်ရွက်လျက်ရှိရာ ကွတ်ခိုင်မြို့နယ်တွင် တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစခန်းတစ်ခု တည်ထောင်ထားပြီးဖြစ်သည်။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

ထို့ပြင် မြန်မာနိုင်ငံမှ ထွက်ရှိသော ပဲပုပ်၊ ပီလောပီနံ၊ ကန်စွန်းဥ တင်ပို့ရေးတို့အတွက် နှစ်ဖက်သဘောတူစာချုပ်များ မကြာမီ လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အလားအလာရှိသော ပို့ကုန်အမယ်သစ်များဖြစ်သည့် နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊ သံပရာသီး၊ ကွမ်းသီးအစိမ်းတို့ကို အပင်နှင့် တိရစ္ဆာန်ကျန်းမာရေး၊ ပိုးမွှားကင်းစင်ရေး လက်မှတ်များ ရေးထိုးနိုင်ရေးအတွက် လိုအပ်သည့် ပိုးမွှားရောဂါဆန်းစစ်မှုဆိုင်ရာ အချက်အလက်များကို နှစ်ဖက်ညှိနှိုင်းဖလှယ်မှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် ရေထွက်ပစ္စည်းများ တင်ပို့မှုအနေဖြင့် အမေရိကန် ဒေါ်လာ ၅၄၂၇ ဒသမ ၉၅၈ သန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

**နိုင်ငံတော်အတွက် ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဒို့ဆောင်ရွက်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြို့ပြအင်ဂျင်နီယာများ လုပ်ငန်းကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြို့ပြအင်ဂျင်နီယာများ လုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မည့် ဆိုးကျိုးများကို လျော့ပါးစေသော လူမှုပတ်ဝန်းကျင်နှင့် ဂေဟဗေဒစနစ်အား ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် Green or Sustainable Building တည်ဆောက်ရာ၌ ထည့်သွင်းစဉ်းစားမည့် အချက်အလက်များကို ဆွေးနွေးပို့ချသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အပါအဝင် နယ်စပ်ဒေသများပါမကျန် ရေတို/ရေရှည် အစီအမံများချမှတ်၍ အကောင်အထည်ဖော်နိုင်ရေး အကြိုစူးစမ်းလေ့လာမှုများ ဆောင်ရွက်ရာတွင် လက်တွေ့မြေပြင် ကွင်းဆင်းတိုင်းတာဆောင်ရွက်ရန် ခက်ခဲသည့်ဒေသများအတွက် အသုံးချနိုင်မည့် ကောင်းကင် ဓာတ်ပုံရိုက်ကူးခြင်း နည်းပညာကို ဆွေးနွေးခြင်းအားဖြင့် ဓာတ်ပုံများမှရရှိသည့် Digital အချက်အလက်များဖြင့် မြေပုံထုတ်ခြင်း၊ မြေပြင်၌ တည်ရှိသော အရာဝတ္ထုများ၏ အနိမ့်/ အမြင့်နှင့် အရွယ်အစား တိုင်းတာခြင်း စသည်တို့ကို အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနတွင် မရှိမဖြစ် အရေးပါလှသော ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းများ၌ ဓာတ်အားခွဲရုံနှင့် Transmission Line Equipment များ တပ်ဆင်စမ်းသပ်ခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားခွဲရုံ မြေနေရာပြုပြင်ခြင်းလုပ်ငန်းများ၊ မြို့ပြဒီဇိုင်းပိုင်းဆိုင်ရာ တွက်ချက်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ၊ အင်ဂျင်နီယာ ဘူမိဗေဒဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ အဆောက်အအုံတည်ဆောက်မှုပိုင်းဆိုင်ရာ လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်း၊ လုပ်ငန်းပြီးစီးမှုစစ်ဆေးခြင်း စသည်တို့နှင့်ပတ်သက်၍ သိကောင်းစရာများကို ဆွေးနွေးပို့ချသွားမည်ဖြစ်သည့်အတွက် မြို့ပြပိုင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မိမိတို့ကိုယ်ကို ယုံကြည်မှုရှိရှိနှင့် အကျိုးအရှိဆုံး အနေအထားဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းနည်းပြနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပေးဝေရေးလုပ်ငန်းများအပြင် ရေအသုံးချ နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်ပေးရန်လိုအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇန်နဝါရီ ၃၁ ရက်က အလိုင်နီရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးလုပ်ငန်းအတွက် အသက်သွေးကြောတစ်ခုဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ဆည်တာတမံများ၊ ရေသောက်စနစ်များကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း ရေပေးဝေရေးလုပ်ငန်းများအပြင် ဆည်ရေများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် ရေအသုံးချနည်းပညာနှင့် အသိပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရေသောက်စနစ်အတွင်း ဆည်ရေသုံးစွဲသူများအဖွဲ့ (Water User Group) အား စနစ်တကျဖွဲ့စည်း၍ တောင်သူများ ကိုယ်တိုင်ရေသောက်စနစ်ခွဲဝေခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ၌ ပါဝင်စေနိုင်ရေး၊ ဆောင်းသီးနှံနှင့် နွေသီးနှံများတွင် တောင်သူအတွက် အကျိုးအမြတ် ပိုမိုရရှိစေမည့် ရေအနည်းလိုတန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးကိုပါ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကြံခွဲ့ကျေးရွာအနီးရှိ အလိုင်နီချောင်းပေါ်တွင် အလျား ပေ ၅၇၀၀၊ အမြင့် ၅၂ ပေရှိ အလိုင်နီရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၉၀၀၀ ရှိကာ ယခုနှစ်နွေစပါး ၄၄၄၇ ဧက စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ထို့ပြင် အလိုင်နီရေလှောင်တမံ၏ ပိုလျှံရေများကို အလိုင်နီ-လဂွမ်းပြင် ဆက်သွယ်မြောင်းမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လဂွမ်းပြင်ရေလှောင်တမံသို့ ရေကူပို့လွှတ်ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (အင်းတကော်) သို့ ရောက်ရှိကြပြီး ရော်ဘာမျိုးများ သုတေသနပြုဖော်ထုတ်နေမှုနှင့် ရော်ဘာစိုက်တောင်သူများအတွက် နည်းပညာပေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ဆက်လက်၍ ဘက်စုံစိုက်ပျိုးရေးစခန်း ပဲခူး ၁၀ မိုင်ခြံတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station (AQS)) လုပ်ငန်းဆောင်ရွက်ရန် ရွေးချယ်လျာထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ မွေးမြူရေးထွက်ကုန် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နေသည့် ပုဂ္ဂလိကစက်ရုံ၏ ကြက်အူချောင်းထုတ်လုပ်မှုလုပ်ငန်းများကိုကြည့်ရှုပြီး အာဟာရပြည့်ဝ၍ ကျန်းမာရေးနှင့် ညီညွတ်သောထုတ်ကုန်များဖြစ်စေရေး၊ စားသုံးသူဘေးကင်းလုံခြုံရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသော ထုတ်ကုန်များဖြစ်စေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုလာစနစ်ရေပေးရေးလုပ်ငန်းဖွင့်လှစ်

**ရေတာရှည် ဖေဖော်ဝါရီ ၁**

(၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၁-၂၀၂၂ ခု ခြောက်လ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၃၁၅ သန်းဖြင့် အင်ဂျင်စနစ်မှ ဆိုလာဖြင့် ရေပေးရေးလုပ်ငန်း ပြောင်းလဲဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ကမ္ဘာ့နီကျေးရွာ၌ ပြုလုပ်သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်က စက်သုံးဆီသုံးစွဲရသော အင်ဂျင်အစား လောင်စာဆီကုန်ကျမှုမရှိသည့် ဆိုလာစနစ်ဖြင့် ရေပေးရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ရေရှည်အကျိုးရှိပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရေစက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယခုကဲ့သို့ ရေပေးရေးစနစ်ပြောင်းလဲနိုင်ခြင်းကြောင့် ကမ္ဘာ့နီကျေးရွာရှိ အိမ်ထောင်စုပေါင်း ၉၅ စု၊ လူဦးရေ ၃၃၉ ဦးအတွက် အဆင်ပြေစွာသုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ ရှစ်စီးဖြင့် နှာခေါင်းစည်း ၅၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

**ဝင်ရောက်ကြည့်ရှုနိုင်ရေး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ညီညွတ်ရေး မီးရှူးတန်ဆောင် ထွန်းညှိရအောင်လေ တို့များတစ်တွေ

ဦးခင်မောင်ဆွေ (NDF)

ပြည်ထောင်စုနေ့ဟာ မြန်မာပြည်သူတွေအတွက် အမျိုးသားညီညွတ်ရေးအဓိပ္ပာယ်တွေနဲ့ ပြည့်နှက်နေတဲ့ ကြီးမြတ်တဲ့နိုင်ငံရေးနေ့ကြီး ဖြစ်ပါတယ်။ အခုဆိုရင် လွတ်လပ်ရေးကြိုးပမ်းမှုအတွက် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ ပင်လုံမှာဆုံတွေ့ခဲ့ကြတဲ့ အထိမ်းအမှတ် ပင်လုံစိတ်ဓာတ်အစပြုခဲ့တာ (၇၅) နှစ် စိန်ရတုတိုင်ခဲ့ပါပြီ။

### ပန်းတိုင်းပွင့်ပါစေ

ကျွန်တော်တို့ ကျောင်းပြီးလို့ အလုပ်ထဲရောက်ပြီးနောက် ဆိုရှယ်လစ်ခေတ်မှာ မင်းသားကြီးကိုမြတ်လေးရေးဖွဲ့ပြီး မာမာအေး သီဆိုခဲ့တဲ့ "ညီညွတ်ရေး မီးရှူးတန်ဆောင် ထွန်းညှိရအောင်လေ၊ တို့များတစ်တွေ ပန်းတိုင်းပွင့်ပါစေ" အစချီပြီး "လိမ္မော်ချယ်ရီ စတော်ဘယ်ရီ၊ မာလာ ခတ္တာ ဇီဇဝါ၊ သဇင်ပင်မင်း၊ အင်ကြင်းမဉ္ဇူ အိုပြည်သူတွေ မငြိမ်းချမ်းကြဘူးလေ" ဆိုတဲ့ အတိတ်က ဒီတေးသွားကို ဒီကနေ့ နားထဲမှာ ကြားယောင်မိနေပါတယ်။ ပြည်သူတွေ မငြိမ်းချမ်းနိုင်ကြသေးတာကို ရည်ညွှန်းဖော်ကျူးထားတဲ့ ငြိမ်းချမ်းရေးတေးသံ "ပန်းတိုင်းပွင့်ပါစေ"သီချင်းဖြစ်ပါတယ်။ "ပန်းတိုင်းပွင့်သစ်ကြမယ့်အခြေ တို့မျှော်နေ ပန်းတိုင်းပွင့်ပါစေ ပန်းတိုင်း၊ ပန်းတိုင်းပွင့်ပါစေ။ " လို့ အဆုံးသတ်ထားပါတယ်။

ဟုတ်ပါတယ်။ ဒီစိန်ရတုပြည်ထောင်စုနေ့ကစလို့ ပြည်သူတွေဘဝ လန်းလန်းစွင့်စွင့် ပန်းတွေလို ပွင့်နိုင်ကြပါစေ။ ငြိမ်းချမ်းရေးပန်းတွေ ပွင့်သစ်ကြတာကို မြင်လိုနေကြပါပြီ။ မြန်မာတိုင်းရင်းသားပြည်သူတွေမှာ လွတ်လပ်ရေးရပြီးကတည်းက ပါလာတဲ့ အမျိုးသားညီညွတ်ရေး အကြွေးတင်နေပါတယ်။ ဒီအကြွေးကိုဆပ်ဖို့ နိုင်ငံရေးအရ သဘောတူညီမှုရရှိရေးဆီ အရောက်သွားကြမှဖြစ်ပါမယ်။ အဲဒီမှာ နိုင်ငံရေးလိုအင်ဆန္ဒတွေကို အပြီးတိုင်ဆွေးနွေးဖြေရှင်းကြဖို့ပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ ပင်လုံသဘောတူညီမှုနဲ့ အစပြုခဲ့တဲ့ မြန်မာပြည်ထောင်စုကြီး (၇၅) နှစ်မြောက်ရောက်ချိန်မှာ ပြန်ကြည့်ရင် ဘာတွေဖြစ်ခဲ့ပါသလဲ။ နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ လက်နက်ကိုင်ပဋိပက္ခတွေ၊ စီးပွားဖွံ့ဖြိုးမှုနောက်ကျတာတွေအပြင် ပြည်ပနိုင်ငံတွေရဲ့ ပထဝီနိုင်ငံရေးအားမျှခြေအတွက် ဇယားရွှေ့မှုဒဏ် ခံစားခဲ့ရတာတွေဖြစ်ခဲ့တယ်။ မြန်မာပါဝင်တဲ့ အာဆီယံအဖွဲ့ကြီးမှာပါ ညီညွတ်မှုယိုင်နဲ့လာတာ တွေ့ရတယ်။ ဒီလိုဒေသတွင်းအဖွဲ့ကြီးကိုတောင် စိတ်ဝမ်းကွဲပြားအောင် ပထဝီနိုင်ငံရေးဇာတ်ရှုပ်နဲ့ ဖွဲ့ထုတ်နိုင်ခဲ့ရင် မြန်မာ့ပြည်တွင်းရေးကိုလည်း နိုင်ငံရေးသွေးတိုးစမ်းဖို့ ဝန်လေးမှာမဟုတ်ပါဘူး။ သတိချပ်ကြရပါမယ်။ ဒါကြောင့် နိုင်ငံတကာနိုင်ငံရေးမှာ နိုင်ငံရေးဂုဏ်သိက္ခာရှိတဲ့ မြန်မာ့နိုင်ငံခြားရေးမူဝါဒအတိုင်းရပ်တည်ပြီး နိုင်ငံကြီးတွေရဲ့ ဘုန်းကြီးအမှု ရွာပတ်မခံရဖို့ အရေးကြီးကြောင်း ပြောလိုပါတယ်။ ဒါကြောင့်မို့ အခုစိန်ရတုကစလို့ ပြည်ထောင်စုသား သွေးချင်းများ မျက်နှာစုံညီတွေ့ဆုံခြင်းဖြင့် အနာဂတ်မြန်မာရဲ့ ငြိမ်းချမ်းရေးခရီးဆီ လှမ်းချီကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောခဲ့ပါတယ်။ အဲဒီမှာ "ငြိမ်းချမ်းရေးအတွက် ဒီနှစ်မှာ ခြေလှမ်းသစ်များ စရပါမယ်။ ဒါကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကြောင်း" အတိအလင်း ပြောခဲ့တယ်။ ဒ့ါအပြင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံကို လာရောက်တဲ့ အလုပ်သဘောခရီးစဉ် သတင်းထုတ်ပြန်ချက်မှာလည်း မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်က "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲထားကြောင်း၊ ငြိမ်းချမ်းရေးအတွက် ၂၀၂၂ ခုနှစ် နှစ်ကုန်အထိ အပစ်အခတ်ရပ်စဲဖို့ရှိပါကြောင်း" ဆိုပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ်ကို ပြောကြားတဲ့အထဲမှာလည်း ငြိမ်းချမ်းရေးဆန္ဒတွေ ပါရှိနေပါတယ်။ ထူးခြားတာကတော့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ကျင်းပတဲ့အခါ မြန်မာနိုင်ငံဆိုင်ရာအာဆီယံအထူးကိုယ်စားလှယ် ပါဝင်တက်ရောက်လာမှာကို ကြိုဆိုကြောင်း" ထုတ်ဖော်ပြောကြားခြင်းပါပဲ။

### ထင်ဟပ်ပြောကြား

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ အပစ်အခတ်ရပ်စဲရေး (ငြိမ်းချမ်းရေး) ကို အထူးအလေးထားကြောင်း ပေါ်လွင်ခဲ့ပြီဖြစ်တယ်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်ကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သာယာဝပြောရေးတို့ ရရှိဖို့လိုကြောင်း၊ ဒီအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်မှုနဲ့ သဘောတူညီမှုမပါရှိဘဲ အလုံးစုံငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မှာမဟုတ်ကြောင်း သူ့နိုင်ငံရဲ့အတွေ့အကြုံကို ထင်ဟပ်ပြောကြားသွားခဲ့တယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေဟာ မြန်မာအပါအဝင် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေရဲ့ အရေးပါမှုကို ကောင်းစွာနားလည်သဘောပေါက်ကြောင်း ပြသခဲ့ကြပါတယ်။

ဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေ မွေးမြူပေးခဲ့တဲ့ ပင်လုံပြည်ထောင်စုစိတ်ဓာတ်၊ သမ္မတနိုင်ငံတစ်ခုနဲ့ အချုပ်အခြာအာဏာပိုင်မှုကြီး အစွန့်ရှည်ရေးကို တိုင်းရင်းသားပြည်သူများက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်တယ်။ ၇၅ နှစ်တိုင်မျှ ငြိမ်းချမ်းရေးရဲ့အရသာကို မခံစားရတာဟာ မြန်မာပြည်သူတွေအတွက် ဝမ်းနည်းဖွယ်ပါပဲ။ ဒါပေမဲ့ အထက်က ဖော်ပြခဲ့တဲ့ ငြိမ်းချမ်းရေးစေတနာ ဆန္ဒတွေအရ ဒီ ၂၀၂၂ ခုနှစ်မှာ တစ်နိုင်ငံလုံး သေနတ်သံဆိတ်သုဉ်းဖို့ လိုနေပါပြီ။ ဒါကြောင့် စိန်ရတုပြည်ထောင်စုနေ့နဲ့ စိန်ရတုလွတ်လပ်ရေးနေ့တွေရဲ့အကြားမှာ ရောက်နေတဲ့ မြန်မာပြည်သူတွေ ငြိမ်းချမ်းရေးရကြပါစေတော့။



ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံခရီးစဉ် မှတ်တမ်းဓာတ်ပုံ။

> ကျွန်တော်တို့ကျောင်းသားဘဝ ကျောင်းသားသမဂ္ဂ မြက်ခင်းပြင်ပေါ်ကနေ ညီမလေးမာလာပြဇာတ်နဲ့ တက္ကသိုလ်ကျောင်းသားတွေ တောင်းဆိုခဲ့တဲ့ ငြိမ်းချမ်းရေးဟာ အခုထိတိုင် အလုံးစုံငြိမ်းချမ်းရေးဆီ မရောက်နိုင်သေးပါဘူး။ ဒါဟာဘာကြောင့်လဲ။ အရင်းစစ်အမြစ်မြေကဆိုသလို မြန်မာတွေ မညီညွတ်နိုင်ခဲ့ကြလို့ပါပဲ။ ဒါတွင်သာမက မြန်မာကို ပြိုကွဲစေလိုတဲ့ ပြည်ပနဲ့ ဒေသတွင်းနိုင်ငံအချို့ရဲ့ နိုင်ငံရေးပယောဂတွေ ပူးကပ်ဝင်ရောက်နေလို့ပဲ ဖြစ်ပါတယ်။ သူတို့နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေးအကျိုးအတွက် မြန်မာနိုင်ငံတော်ကြီး ဖွံ့ထွားရှင်သန်မှာကို မလိုလားကြလို့ပါပဲ။ ဒါကြောင့် ပထဝီနိုင်ငံရေးအနေအထား အားသာတဲ့မြန်မာကို သိက္ခာမဲ့စွာထိုးနှက်နေကြပြီဖြစ်တယ်။ ဒ့ါအပြင် ဒေါ်လာငွေကြေးနဲ့ လာဘ်ပေးမှုကြောင့် တော်လှန်ရေးလက်နက်ကိုင်အချို့ဟာလည်း NCA ရဲ့ ငြိမ်းချမ်းရေးတန်ဖိုးကို နိုင်ငံရေးဈေးဆစ်နေတာတွေ့ရ

မြန်မာ့ငြိမ်းချမ်းရေးအပေါ် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ရဲ့ အပြုသဘောမှတ်ချက်နဲ့ မြန်မာနိုင်ငံဝန်ကြီးချုပ်ရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်တွေဟာ ကမ္ဘာသိ၊ မြန်မာသိ ထုတ်ပြန်ခဲ့ပြီးပါပြီ။ ဒီလို အတိအလင်းပေါ်ထွက်လာတဲ့ ငြိမ်းချမ်းရေးအရှိတရားကို ပြည်သူတွေအတွက်၊ နိုင်ငံတော်အတွက်၊ ရေရှည်အမျိုးသားအကျိုးစီးပွားအတွက် မငြင်းပယ်ဘဲ ဖမ်းယူဆုပ်ကိုင်ရပါမယ်။ ဒါဟာ ပြည်သူတွေ ဆယ်စုနှစ်များစွာ တမ်းတခဲ့တဲ့ နိုင်ငံရေးအလှည့်အပြောင်းကြီး ဖြစ်နေလို့ပါပဲ။ ဒီအလှည့်အပြောင်းကြီးကို လက်လွှတ်ခံလိုက်ရင် ပြည်သူ့မျက်နှာမထောက်ရာ၊ နိုင်ငံမျက်နှာမငဲ့ကွက်ရာ၊ အကြောင်းမဲ့သေကျေနေရတဲ့ အပြစ်မဲ့ပြည်သူ့အသက်တွေကို ထည့်မတွက်ရာ ရောက်ပါလိမ့်မယ်။ ဒါကြောင့်မို့ တိုင်းရင်းသားလက်နက်ကိုင်သွေးချင်းတွေဟာ ငြိမ်းချမ်းရေးနှလုံးသားတွေ လှုပ်ရှားအောင် ဆွေးနွေးကြဖို့ လိုနေပါပြီ။ ငြိမ်းချမ်းရေးလမ်းကြောင်း ဖြောင့်ဖြူးစေဖို့ မျက်နှာချင်းဆိုင်ဖြေရှင်းတဲ့ အစဉ်အလာဆီလည်း ပြန်လည်ရောက်ချိန်တန်ပါပြီ။ ဒါကြောင့် ကြည်နူးစရာ ငြိမ်းချမ်းရေးမြင်ကွင်းတွေကို ပြည်သူတွေအနေနဲ့ မြင်ချင်တွေ့ချင်နေကြပြီဖြစ်ကြောင်းပါ။

### လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို ပြန်ကြည့်ရင် ပင်လုံသဘောတူညီချက်ဟာ လွယ်လွယ်နဲ့ရခဲ့တာ မဟုတ်ပါဘူး။ အဲဒီတုန်းက ဗြိတိသျှအစိုးရက တောင်တန်းဒေသတွေကို ချန်ထားပြီး (Burma Proper) လို့ခေါ်တဲ့ ဗမာပြည်မအတွက် လွတ်လပ်ရေးကို စဉ်းစားမယ်။ တောင်တန်းဒေသတွေကိုတော့ ဗြိတိသျှဓနသဟာယအဖွဲ့ (British Common Wealth) ထဲမှာပဲ ထားမယ်ပေါ့။ ရှမ်းစော်ဘွားတွေ၊ ကချင်ဒူးဝါးတွေ၊ ချင်းတောင်တန်းဒေသက ခေါင်းဆောင်တွေကို စည်းရုံးထားတယ်။ စည်းရုံးလို့ရရင် ဒီလိုမျိုး ခွဲရေး၊ တွဲရေးလုပ်ပြီး တောင်တန်းဒေသတွေကို ဗြိတိသျှအစိုးရနဲ့ လက်တွဲမှာဖြစ်တယ်။ ဒါကြောင့်ပဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေအကြား ညှိနှိုင်းမှုဟာ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့တယ်။

အဲဒီတုန်းက ပင်လုံဆွေးနွေးပွဲတွေမှာပါတဲ့ ဦးဖေခင် (ကိုယ်တွေ့ပင်လုံ စာအုပ်ရေးသူ၊ နောင်အခါ သံအမတ်ကြီးဖြစ်သူ)ဟာ ရှမ်းစော်ဘွားတွေနဲ့ ရင်းနှီးတယ်။ သူ့ကြောင့်ပဲ ရှမ်းစော်ဘွားတွေဟာ ဗိုလ်ချုပ်နဲ့ ထပ်တွေ့ကြတယ်။ ပြည်မပြန်လုဆဲဆဲ ဗိုလ်ချုပ်တို့ဟာ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေနဲ့ ညှိနှိုင်းအောင်မြင်သွားခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သဘောထားကို နားလည်သွားလို့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ ပင်လုံစာချုပ်ကြီးအဖြစ် ပေါ်ထွက်လာခဲ့ရတော့တာပါပဲ။ အဲဒီကာလ မရှေးမနှောင်းမှာပဲ ပြည်မနဲ့ တောင်တန်းဒေသတွေ လက်တွဲပြီး လွတ်လပ်ရေးယူမယ်ဆိုပြီး ရှမ်းလူထုရဲ့ ဆန္ဒထုတ်ဖော်ပွဲတွေ ဖြစ်ခဲ့တယ်။

စာမျက်နှာ ၁၇ သို့ ✳

# ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။

(၃) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်း တည်ဆောက်ရေး။

(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။



## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ အဆောက်အအုံသစ်အား လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ဖ)ခန်းတွဲ သုံးထပ်ဆောင် ရွှေဝတ်မှုန်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုကြပြီး ကန်ကြီးထောင့်နှင့် အိမ်မဲမြို့နယ်များမှ ကရင်ဒုံးယိမ်းအကဖြင့် ကပြဖျော်ဖြေခဲ့ကြသော ကရင်ဒုံးယိမ်းအကအဖွဲ့များအား ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆန်းသစ်အထွေထွေရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း သမဝါယမအသင်းလီမိတက်က ရေချိုငါးပိများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖောခိကုန်းရပ်ကွက်ရှိ ဆန်းသစ်အထွေထွေ ရောင်းဝယ်ရေးနှင့် အကျိုးဆောင်လုပ်ငန်း သမဝါယမ အသင်းလီမိတက်မှ ငွေစုငွေချေးလုပ်ငန်းအပြင် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် အိုင်ကလောင်ကျွန်း မင်းမကုန်းကျေးရွာမှ ထွက်ရှိသည့် သန့်ရှင်း လတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် သဘာဝဒေသထွက်ကုန် ဘောလယ်ငါးပိရေချိုများကို အသင်းဆိုင်နှင့် မိုးဦး ပန်းအသင်းသို့ ချိတ်ဆက်ပြီး တစ်ပိုင်တစ်နိုင် ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် အသင်းသားပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး စားဝတ်နေရေးများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ **သတင်းစဉ်**

## 'ပြည်သူ့ကြားက ပြည်သူ့စကား' အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲမှုဖြစ်စဉ်"ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ သီတဂူချင်းတွင်းသာမဏေကျော် ဗုဒ္ဓတက္ကသိုလ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ မီးတုတ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မီးရှို့ဖျက်ဆီးမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်မည် ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်သည်။

သတင်းစဉ်

✳ စာမျက်နှာ ၁၆ မှ

ခေါင်းဆောင်တွေကတော့ ဦးတင်ဧ(ရှမ်းပြည်)နဲ့ လင်းခေး ဦးထွန်းမြင့် စတဲ့ ဟိုအချိန်က တိုးတက်တဲ့ရှမ်းလူငယ်ခေါင်းဆောင်တွေပါပဲ။ တစ်ဆက်တည်းမှာ ဖြိတိသျှပါလီမန်ကို ဒီသတင်းရောက်သွားတယ်။ ဒီတော့ ပင်လုံစာချုပ်နဲ့ တောင်ပေါ်မြေပြန့် ညီညွတ်ရေးကို အင်္ဂလိပ်တွေ လျှော့မတွက်နိုင်တော့ပါဘူး။ အဲဒီလိုအမျိုးသား ညီညွတ်မှုနဲ့ မြန်မာ့ လွတ်လပ်ရေးလမ်းကို ဖြောင့်ဖြူးစေခဲ့တဲ့ မှတ်တိုင်တွေရှိခဲ့တယ်။ ဒါကြောင့် ပင်လုံရဲ့ အမျိုးသား ညီညွတ်ရေးဟာ လွယ်လွယ်ကူကူရခဲ့တာ မဟုတ်လို့ အလွန်ပဲတန်ဖိုးထားရမယ့် ညီညွတ်ရေး မီးရှူးတန်ဆောင်ကြီးအဖြစ် ဒီကနေ့စိန်ရတု ပြည်ထောင်စုနေ့ကြီး ရောက်ခဲ့ရတာဖြစ်ပါတယ်။

### အရိပ်ပြဇာတ်

အမှတ်ထင်ထင် ပြောစရာကျန်နေသေးလို့ နိဂုံးမချုပ်ခင် ဒီစာကို ဆက်ပါရစေ။ ဟုတ်ပါတယ်။ ကျွန်တော်တို့ ကျောင်းကိုရောက်တော့ (၁၉၆၀-၁၉၆၁) စာသင်နှစ်ပါ။ (၁၉၅၈-၁၉၅၉) စာသင်နှစ်တုန်းက တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (တကသ) အဆောက်အအုံထဲမှာ အရိပ်ပြဇာတ်တစ်ခု ကခဲ့ပါတယ်။ နာမည်က "ညီမလေး မာလာ"။ ကျွန်တော်တို့နှစ်တွေအထိ ဒီပြဇာတ်ရဲ့ သြဇာက လွှမ်းမိုးနေဆဲပါပဲ။ ပြဇာတ်ရဲ့ အဓိကသီချင်းကလည်း ညီမလေး မာလာပါပဲ။ "မာလာ ညီမလေး ပြည်တွင်းစစ်ဖြစ်တဲ့အရေး ရတက်မအေး ပူဆွေးကာနေ၊ ဖြေပါသော်လည်း ပြေပါပဲ ခုအခြေ၊ ပန်းမာလာလေးလို ဘဝမှာမွှမွှကြေ" ဆိုပြီး နိုင်ငံနဲ့ပြည်သူတွေမှာ ပန်းတွေလို ကြေမွပျက်စီးရပြီလို့ တင်စားဖော်ပြခဲ့တယ်။

"မိခင်ကြီးမှာ ဆုံးရှုံးလို့ မောင်ငယ် ညီမလည်း ခုတော့သေ၊ အစ်ကိုတစ်ယောက်ရယ် အစရယ် အနရယ် ဘယ်မှာလဲ မသိတဲ့အခြေ။ ဟယ် xxx ပြည်တွင်းစစ်မီးရယ် (နင့်ကိုလေ)၂ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေနိုင်ဘူးမှတ်လေ" လို့ဆိုပြီး မြန်မာပြည်ကြီးကို ပန်းကလေးနဲ့နှိုင်းပြီး စစ်ကြောင့် သေကျေဒုက္ခရောက်ရတဲ့ ပြည်သူ့ဘဝကို ပုံဖော်ပြခဲ့တဲ့ စစ်ဆန့်ကျင်ရေး ငြိမ်းချမ်းရေးပြဇာတ်ဆိုတာမှတ်မိနေပါတယ်။ သီချင်းကဆက်ပြီး " မိခင်ချီးဖြူ အဆင့်ဆင့်ကူလို့ချွဲကာ (ဝဲကာ)၃ သတ္တဝါတွေ မှန်သမျှ ရန်မခရာအရေးဆို ပန်ထွာတကူကူ မြည်သံလွှမ်းကာ၊ လာလာ (အရေးဆိုကြ)၂ (စစ်ကိုမလိုပါ)၂ ငြိမ်းချမ်းရေးသာ ပေးသာပေးကြပါ" လို့ ငြိမ်းချမ်းရေးကို တောင်းဆိုအဆုံးသတ်ထားပါတယ်။ သီချင်းနဲ့ ပြဇာတ်ဒါရိုက်တာကတော့ အဲဒီတုန်းကလည်း ကိုမြတ်လေးပါပဲ။ အခုတော့ဖြင့် အမျိုးသားညီညွတ်ရေးရဲ့လက္ခဏာဖြစ်တဲ့ ပြည်ထောင်စုနေ့ဟာ (၇၅)နှစ် စိန်ရတုတိုင်ခဲ့ပါပြီ။

ဒါပေမဲ့ ကျွန်တော်တို့ကျောင်းသားဘဝ ကျောင်းသားသမဂ္ဂ မြက်ခင်းပြင်ပေါ်ကနေ ညီမလေးမာလာပြဇာတ်နဲ့ တက္ကသိုလ်ကျောင်းသားတွေ တောင်းဆိုခဲ့တဲ့ ငြိမ်းချမ်းရေးဟာ အခုထိတိုင် အလုံးစုံငြိမ်းချမ်းရေးဆီ မရောက်နိုင်သေးပါဘူး။ ဒါဟာဘာကြောင့်လဲ။ အရင်းစစ်အမြစ်မြေက ဆိုသလို မြန်မာတွေ မညီညွတ်နိုင်ခဲ့ကြလို့ပါပဲ။ ဒါတွင်သာမက မြန်မာကို ပြိုကွဲစေလိုတဲ့ ပြည်ပနဲ့ ဒေသတွင်းနိုင်ငံအချို့ရဲ့ နိုင်ငံရေးပယောဂတွေ ပူးကပ်ဝင်ရောက်နေလို့ပဲဖြစ်ပါတယ်။ သူတို့နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေးအကျိုးအတွက် မြန်မာနိုင်ငံတော်ကြီး ဖွံ့ထွားရှင်သန်မှာကို မလိုလားကြလို့ပါပဲ။ ဒါကြောင့် ပထဝီနိုင်ငံရေးအနေအထားအားသာတဲ့မြန်မာကို သိက္ခာမဲ့စွာ ထိုးနှက်နေကြပြီဖြစ်တယ်။ ဒ့ါအပြင် ဒေါ်လာငွေကြေးနဲ့ လာဘ်ပေးမှုကြောင့် တော်လှန်ရေးလက်နက်ကိုင်အချို့ဟာလည်း NCA ရဲ့ ငြိမ်းချမ်းရေးတန်ဖိုးကို နိုင်ငံရေး ဈေးဆစ်နေတာ တွေ့ရတယ်။

အဲဒါကြောင့် ပုဂ္ဂိုလ်ရေးမာနတွေ၊ လူမျိုးရေး ခွဲခြားမှုတွေ၊ နိုင်ငံရေးအာဃာတတွေ၊ စီးပွားရေး လိုဘတွေကို ဘေးချပြီး မြန်မာနိုင်ငံတော်ကြီး ဖြိုခွဲမယ့်အကြံကို တွန်းလှန်ပစ်ဖို့ ညီညွတ်ကြစေချင်ပါပြီ။ ဒါကြောင့် တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်တွေနဲ့ ဟန့်တားကာကွယ်ပြီး "စစ်ကိုမလိုပါ စစ်ကိုမလိုပါ ငြိမ်းချမ်းရေးသာ ပေးသာပေးကြပါ" လို့ ကြွေးကြော်ရင်း (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကြီးကို ဂုဏ်ပြုလိုက်ပါတယ်။ ။

# စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်း၊ ရခိုင်ပြည်နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ သာသနဝ္ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်နယ်ဩဝါဒါစရိယ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသိရီထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တက်ရောက်လာကြသူများက ဓမ္မသုခဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်လုံးကျွတ် သံဃာတော်များအား ဆွမ်းတော်ကြီး လောင်းလှူပွဲကို ဆက်လက်ပြုလုပ်ရာ သံဃာတော်များက လောကနန္ဒာ စေတီတော်မြတ်ကြီး ပတ်လမ်းတစ်လျှောက် ဆွမ်းခံကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ် လောင်းလှူကြသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင်လည်း သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပပြုလုပ်ကြရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများက ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ပြည်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း ဆွမ်းဆန်စိမ်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူစဉ်။

## မြောက်ဦးမြို့၌ မြို့နယ်လုံးကျွတ် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မြောက်ဦး ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ မြို့နယ်လုံးကျွတ် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရှစ်သောင်းဘုရားရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ စုပေါင်းဆွမ်းဆန်တော်လောင်းလှူခြင်းသို့ ရောက်ရှိလာကြသည့် ပင့်ဖိတ်ထားသော ဆရာတော်အရှင်သူမြတ်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအဖွဲ့ဝင် ဒုတိယရဲမှူးကြီး၊ ခရိုင်စီမံအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ တပ်မတော်နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ မိသားစုဝင်များ၊ မြို့ပေါ်ရပ်ကွက်မှ စေတနာရှင်များ၊ တရားနာရောက်ရှိနေကြကုန်သော တရားနာပရိသတ်များက ဥပုသ်သီလခံယူဆောက်တည်ကြပြီး အံတော်သိမ်ဓမ္မာရုံတော်အတွင်း ဆရာတော်အရှင်သူမြတ်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

**လှူဒါန်း**

ဆက်လက်၍ မြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူပွဲတွင် လှူဖွယ်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ဖယောင်းတိုင်၊ အမွှေးနံ့သာတိုင်၊ ဆပ်ပြာခဲ၊ ကော်ဖီထုပ်စသောလှူဖွယ်ပစ္စည်းများဖြင့်ရဟန်းသံဃာတော် ၁၂၃ ပါးနှင့် သီလရှင်အပါး ၄၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**



## ဆက်ကပ်လှူဒါန်း

နယ်စပ်ရေးရာဝန်ကြီးဌာန လှိုင်းဘွဲ မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများ ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် လှိုင်းဘွဲ မြို့နယ် မဟာသုမေဓာရာမတောရကျောင်းနှင့် သန္တိသုကျောင်းတိုက်တို့၌ သီတင်းသုံး နေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို ဆက်ကပ်လှူဒါန်းစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



## မုံရွာမြို့၌ လမ်းများနှင့် တံတားများဖွင့်ပွဲ ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ ကတ္တရာလမ်း တစ်လမ်း၊ ကွန်ကရစ်လမ်း ၁၁ လမ်း၊ ကွန်ကရစ်တံတား ၁၁ စင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမုခ်ဦးရှေ့တွင် ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက နန္ဒဝန်ရပ်ကွက်ရှိ ကတ္တရာလမ်း တစ်လမ်း၊ ကွန်ကရစ်လမ်း ၁၁ လမ်း၊ ကွန်ကရစ်တံတား ၁၁ စင်း ခင်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ကျော်ထွန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးတို့က နန္ဒဝန်ရပ်ကွက်ရှိ ကတ္တရာလမ်း တစ်လမ်း၊ ကွန်ကရစ်လမ်း ၁၁ လမ်း၊ ကွန်ကရစ်တံတား ၁၁ စင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက အဆိုပါမုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ နန္ဒဝန်ရပ်ကွက်ရှိ ကတ္တရာလမ်း တစ်လမ်း၊ ကွန်ကရစ်လမ်း ၁၁ လမ်း၊ ကွန်ကရစ်တံတား ၁၁ စင်းတို့အား ကြည့်ရှုစစ်ဆေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သူများအား ဂုဏ်ထူးဆောင်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြကာ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# နေပြည်တော်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်



နေပြည်တော်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် လူငယ်အားကစားကွင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ထောက်ခံပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ ထောက်ခံသူ ၁၈၀၀ ခန့်သည် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ထာဝစဉ်စည်းလုံးညီညွတ်ရေး၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် တိုးတက်မြင့်မားရေး၊ ပြည်ထောင်စု စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲရေး၊ အကြမ်းဖက် လူသတ်သမား NUG၊ PDF အစွန်းရောက် အကြမ်းဖက်သမားများအား ပြတ်ပြတ်သားသား ရှင်းလင်းချေမှုန်းရေး၊ အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေမှုများချက်ချင်းရပ်၊ NUG၊ PDF များ အမြန်ဆုံးချုပ်ငြိမ်းပါစေ၊ NUG၊ PDF မိုင်းထောင်၊ လူသတ်၊ ဓားပြတိုက် အဖျက်လုပ်ရပ်များ အမြန်ဆုံးချုပ်ငြိမ်းရေး၊ NUG၊ PDF အကြမ်းဖက်အဖွဲ့အစည်း လုံးဝအလိုမရှိ" စသည့် စာသားပါဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ကြွေးကြော်သံများဖြင့် ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ ကျင်းပသည်။

ထိုသို့ ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် တန့်ယန်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ မြဝတီမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ ဒဂုံမြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၄ မြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ထောက်ခံပွဲများ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။




ဧရာဝတီတိုင်းဒေသကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်စဉ်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေးပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလုပ်ငန်းစဉ်(၅) ရပ်အား ထောက်ခံပါသည်၊ ပြည်ဖျက်သည့် CRPH၊ NUG၊ လူသတ်သည့် PDF ဆန့်ကျင်ကြ၊ NUG၊ PDF အကြမ်းဖက်မှုအမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ်၊ အကြမ်းဖက်လူသတ်သမား PDF အဖွဲ့များ အမြန်ဆုံးကျဆုံးပါစေ စသည့် စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ၎င်းတို့၏ နိုင်ငံရေးလိုလားချက် ပြည့်ဝစေရန်အတွက် အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူလူထုအား အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ပြည်သူလူထုအကြောက်တရား လွှမ်းမိုးစေရန်အတွက် Social Media အပါအဝင် နည်းလမ်းပေါင်းစုံသုံး၍ လုပ်ဆောင်လျက်ရှိသည်။

**ခြိမ်းခြောက်ဖိအားပေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ တာဝန်ယူသည့် တစ်နှစ်ပြည့်သည့် ယနေ့တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာလှုပ်ရှားဆောင်ရွက်နိုင်မှု မရှိစေရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပျက်စီးစေရေးအတွက် Silent Strike ခေါ် လှုပ်ရှားမှုကို ပြုလုပ်ကြရန် လူမှုကွန်ရက်မှတစ်ဆင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်ဖိအားပေးလုပ်ဆောင်လျက်ရှိသည်။

ထိုသို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ် ဆောင်ရွက်ပေးခဲ့သည့်အတွက် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဘာသာရေးဆိုင်ရာနေရာများ၌ သက်ဆိုင်ရာ ဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မဈေး၌ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိစဉ်။

# ယဉ်ကျေးလိမ္မာအစပြု မနောကံယဉ်ကျေးမှု(၈)

ဦးမင်းဟန်(ဘီအေ)

"ကောင်းတဲ့အကြံဆိုတာ ဘယ်လိုဟာမျိုးလဲ"

"အင်း.... ကောင်းတဲ့အကြံဆိုတာ ကောင်းမွန်တဲ့ အကြံအစည်ကို ပြောတာပေါ့ မောင်ထူးရဲ့"

"ပူစူးမ နင်ပြောတာမပြည့်စုံသေးဘူး။ ကောင်းတဲ့အကြံဆိုတာ အကြံကောင်းဖြစ်ရမယ်။ ဘယ်သူ့ကိုမှ မထိခိုက်ရဘူးဆိုတာတော့ သေချာတယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး အပြန်အလှန်ပြောဆိုနေကြသည်များကို ဘိုးလေးကြွက်က နားစွင့်နေရင်း အငွေ့တထောင်းထောင်းထနေသည့် ကောက်ညှင်းပေါင်းပူပူကို လက်ဖြင့်ဆုပ်နယ်ကာ စားလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ပြန်ပြောသည်။

"မြေးတို့ သိသလောက်နဲ့တော့ မှန်ကြပါတယ်။ ကောင်းတဲ့အကြံ၊ ကောင်းတဲ့စိတ်ကူး၊ ကောင်းတဲ့စကားဆိုတာ ပြောမယ်ဆိုရင်တော့ ရှည်လျားလွန်းပါတယ်။ မြေးတို့နားလည်လွယ်အောင်၊ မှတ်လို့လွယ်အောင် ပြောရရင်တော့ အတ္တမပါတဲ့စိတ်ကူး၊ အတ္တမပါတဲ့အကြံ၊ အတ္တမပါတဲ့စကားလို့ မှတ်နိုင်ရင်ရပါတယ်။ တစ်ပါးသူ တစ်ဦးတစ်ယောက်ကို ထိခိုက်ပျက်စီးမှုမရှိစေတာမျိုးပေါ့။ ကိုယ်ပြောလိုက်တဲ့စကားကြောင့် တစ်ဖက်သားမှာ နာလိုခံခက်မဖြစ်ရတာ၊ ပြောလိုက်တဲ့စကားက တစ်ဖက်သား နားဝင်ချိုစေတာမျိုးဆိုပါတော့။ ဒီလောက်သိထားရင်ကို မြေးတို့အနေနဲ့ လုံလောက်ပါပြီကွယ်"

"ဟုတ်ကဲ့ဘိုးလေး မှတ်သားထားပါ့မယ်"

"ကံ- ကံရဲ့ အကျိုးကို နက်နက်နဲနဲတွေးရင် အရမ်းကြောက်စရာကောင်းတယ်။ မြတ်စွာဘုရားဟောကြားတဲ့ ပုံဝတ္ထုသာဓကတွေလည်း များစွာရှိတယ်။ ကံဆိုတာ အလုပ်လို့လည်းမှတ်လို့ရလေတော့ ကိုယ့်ရဲ့လုပ်ဆောင်မှုတွေဟာ ကိုယ့်ကိုပြန်ပြီး အကျိုးပေးတယ်။ ကောင်းတာလုပ်ရင် ကောင်းတာ အကျိုးပေးတယ်။ မကောင်းတာလုပ်ရင်ပဲဖြစ်ဖြစ်၊ မကောင်းတာကြံစည်ရင်ပဲဖြစ်ဖြစ်၊ မကောင်းတဲ့ အကျိုးကို ပေးမှာပါပဲ။ အကျိုးပေးမှုက မြန်ဆန်တယ်"

"ဟုတ်ကဲ့ ဘိုးလေး"

"ကံ- ကံရဲ့အကျိုးနဲ့ပတ်သက်လို့ မြတ်စွာဘုရားကိုယ်တော်က ဟောကြားခဲ့တဲ့ ဇာတကတွေ၊ ပုံဝတ္ထုတွေ များစွာရှိတယ်ကွယ့်။ အဲဒီအထဲကမှ မြေးတို့အနေနဲ့ မြင်လွယ်၊ မှတ်သားလွယ်လောက်တဲ့ ပုံဝတ္ထုတစ်ပုဒ်ကို ဘိုးလေးပြောပြမယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ သိချင်လှပါတယ်"

"ရှေးရှေးကာလ အတိတ်ဆီကပေါ့၊ ဗြဟ္မဒတ်မင်းကြီး မင်းပြုအုပ်ချုပ်စဉ်အခါက ဆေးကုသတဲ့ သမားတော်တစ်ဦးဟာ အရပ်တကာ၊ နယ်တကာ လှည့်ကာ ဆေးကုသတဲ့အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုသတဲ့"

ဘိုးလေးကြွက်က ဘုရားဟောဇာတက ပုံဝတ္ထုတစ်ပုဒ်ကို အစပျိုးပြောပြရာ မောင်ထူးတို့သုံးဦး ပျော်ရွှင်စွာ နားစွင့်နေကြတော့သည်။

"ကျေးလက်တောရွာတစ်ရွာကိုရောက်တော့ မျက်စိဝေဒနာခံစားနေရတဲ့ အမျိုးသမီးတစ်ဦးကို တွေ့တယ်။ အမျိုးသမီးက သူ့ဝေဒနာကို ကုသချင်တယ်။ ဒါပေမယ့် သူ့မှာဆေးကုသခပေးဖို့ရာ အသပြာမရှိရှာဘူးဖြစ်နေတယ်။ အလွန်ဆင်းရဲတယ်ပေါ့ကွယ်။ အဲဒါနဲ့ ဆေးဆရာကို မျက်စိဝေဒနာကို ကုသပေးဖို့ပြောတယ်။ ဆေးဆရာကလည်း ဆေးကုပေးမယ်။ ဆေးကုသခတော့ပေးရမယ်လို့ ပြန်ပြောတာပေါ့။ ဝေဒနာသည်အမျိုးသမီးက ဆေးကုသခပေးဖို့ အသပြာမရှိဘူးဖြစ်နေလို့ ကျွန်မရဲ့ မျက်စိပကတိအတိုင်း ပြန်ကောင်းလာရင် ကျွန်မနဲ့သားသမီးတို့ဟာ ဆရာ့ရဲ့ ကျွန်အဖြစ်ခံယူကာ အလုပ်အကျွေးပြုပါ့မယ်လို့ ဝန်ခံကတိပြုပြောတာပေါ့"

ဘိုးလေးကြွက်က ပြောလက်စ စကားကို ခေတ္တရပ်နားကာ ရေနွေးကြမ်းပူပူတစ်ခွက်ကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး ဆက်ပြောသည်။

"ဆေးဆရာကလည်း သဘောတူတယ်ပေါ့ကွယ်။ ဒါနဲ့ ဆေးဆရာက အစွမ်းထက်တဲ့ဆေးကို ဖော်စပ်စီစဉ် ကုသပေးတယ်။ တစ်ကြိမ်သာ ကုသရသေးပေမယ့် မျက်စိရောဂါပျောက်ကင်းကာ မျက်စိအလင်းရလာသတဲ့။ အဲဒီမှာပဲ အဖြစ်အပျက်က စတော့တာပါပဲ။ အမျိုးသမီးဟာ မျက်စိရောဂါ ပျောက်ကင်းသွားရင် ပကတိအတိုင်း မျက်စိ ပြန်မြင်လာရင် ဆရာရဲ့ ကျွန်အဖြစ်ခံယူပါ့မယ်လို့ ကတိပေးထားတာကို တကယ်မှာတော့ ကျွန်အဖြစ်မခံယူလိုတာကြောင့် ကတိကိုဖောက်ဖျက်ဖို့ ကြံစည်စိတ်ကူးတော့တာပေါ့"

ဘိုးလေးကြွက်က ပုံဝတ္ထုပြောရာမှ ခဏနားပြီး မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ကို အသေအချာကြည့်ကာ ကတိတစ်ခုကိုပေးပြီးရင် တည်ကြည်လိုက်နာရမှာဖြစ်ပြီး ကြမ်းကျွံက နုတ်လို့ရပေမယ့် စကားကျွံက နုတ်လို့မရကြောင်း အသိပေးပြောဆိုသည်။ ပြီးမှ- ပုံဝတ္ထုကို ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"ဆေးဆရာက မျက်စိအခြေအနေ သက်သာရဲ့လားလို့မေးတဲ့အခါ မူလတုန်းက အနည်းငယ်သာကိုက်ခဲတာဖြစ်ပေမယ့် ဆရာရဲ့ဆေးကုသမှုခံယူပြီးမှ ပိုပြီးတော့ကို နာကျင်ကိုက်ခဲတော့တာပါပဲလို့ အမျိုးသမီးက လိမ်ညာပြောဆိုလိုက်တယ်။ ဆေးဆရာကတော့ ဒီအမျိုးသမီးလိမ်ညာပြောဆိုနေတာကို သိတာပေါ့။ သဘောတူထားတဲ့ ကတိစကားကိုမတည်တဲ့ အမျိုးသမီးကို မျက်စိကန်းအောင်ကို လုပ်ပစ်မယ်လို့ ဆေးဆရာက ကြံစည်လိုက်ပြီး ဆေးကိုသီးသန့်ဖော်စပ်ကာ မျက်စိမှာ ကွင်းဖို့ အကြံပေးသတဲ့"

မောင်ထူးတို့သုံးဦးမှာ စိတ်ဝင်တစားနားစွင့်နေကြသည်။ ဘိုးလေးကြွက်က ရေနွေးကြမ်း တစ်ကျိုက် မော့သောက်ပြီး ဆက်ပြောသည်။

"ဆေးဆရာရဲ့ အကြံအစည်နဲ့ ပေးတဲ့ဆေးကြောင့် အမျိုးသမီးရဲ့ မျက်စိနှစ်ဖက်စလုံး တကယ်ကို ကွယ်ခဲ့ရတာပေါ့။ ဘာဆိုဘာမှ မမြင်ရတော့ဘူးတဲ့ကွယ်။ အဲဒီလို ဆေးဆရာရဲ့ မကောင်းတဲ့ အကြံအစည်ကြောင့်ဖြစ်ရတဲ့ အကုသိုလ်ဟာ နောက်ဘဝမှာ အကျိုးပေးတော့တာပါပဲ။ ဘုရားရှင်လက်ထက်မှာ ရဟန်းသံဃာဖြစ်လာတဲ့ စက္ခုပါလမထေရ်ဟာ မျက်စိနှစ်ကွင်းအလင်းမရသူ ဖြစ်ရတော့တာပေါ့။ အဲဒါဟာ ကံကံရဲ့ အကျိုးပေးကြောင့်ပါပဲ"

"ကြောက်စရာကောင်းလိုက်တာ ဘိုးလေးရယ်၊ မှတ်သားထားပါ့မယ်"

"ဒီပုံဝတ္ထုဟာ ဘုရားရှင်ဟောကြားခဲ့တဲ့ ကံ-ကံရဲ့အကျိုးဆိုတာ တကယ်ကိုရှိတယ်ဆိုတဲ့ သာဓကပဲပေါ့။ ကံ- ကံရဲ့အကျိုးကို မရှိဘူးဆိုပြီး အယူမမှားကြဖို့မြေးတို့ကို ထပ်ပြီးအသိပေးချင်တာပါပဲ"

"ဟုတ်ကဲ့ ဘိုးလေး။ မြေးတို့အားလုံး မှတ်သားလိုက်နာကျင့်ဆောင်ကြပါ့မယ်ဆိုတာ ကတိပေးပါတယ်"

"သာဓုကွယ် ... သာဓု၊ သာဓု"

# သန္တေကောင်းကို ငယ်စဉ်ကမွေးမြူ

"မခင်စိန်၊ ညည်းရဲ့မောင် မောင်အောင်ဘုကော... "

"သူ ဒီနေ့လာမယ်မထင်ဘူး ဘဘ ..."

"ဟေ ... ဘယ်လိုဖြစ်ပြန်လဲကွ"

"မနေ့က သူ့အဖေရိုက်တာ တော်တော်နာတယ် ..."

"ဟဲ့ ... ဖအေလုပ်သူကလည်း ကိုယ့်သားသမီးပဲဟာ ဒီလောက်တောင် ရိုက်ရသလား"

"ဘဘနယ် ... ဘဘက အောင်ဘုအကြောင်းမှ မသိတာ။ ဒီကောင်က သိပ်ဆိုးတာ။ အဲဒီနေ့ကလေ ရွာလယ်ပိုင်းမှာ ကြက်ပွဲရှိတယ်။ အဲဒါ သွားကြည့်မယ်ပြောတော့ ဦးလေးကမသွားရဘူး။ အလောင်းအစားပွဲမို့ ရန်ပွဲဖြစ်လာတတ်တယ်တဲ့လေ"

"ဒါနဲ့ အောင်ဘုကို ခွင့်မပြုဘူး။ ဒါကို ကိုယ်တော်ချော ခိုးပြီးသွားကြည့်တာ။ ဟိုကျတော့ ရွာလယ်ပိုင်းကဆိုလားပဲ။ အဲဒီက ကောင်လေးတစ်ယောက်နဲ့ အငြင်းအခုံဖြစ်ပြီး ရန်ဖြစ်တယ်။ သူက ထိုးလို့ ဆိုလားပဲ။ ဟိုကောင်လေး မျက်ခွက်ကြီးဖူးရောင်သွားတယ်။ အဲဒါ ကလေးမိဘက လာတိုင်လို့ ဦးလေးနဲ့ ဒေါ်လေးကသိတော့ သူ့ကို မေးစစ်ပြီး ရိုက်တာ"

"အင်း ... အတော်ဆိုးတာကိုး။ ဒီမှာကျတော့ ယဉ်ကျေးလိမ္မာမှု ပြောဆိုဆွေးနွေးနေသေးတာ။ အဲလေ ... သန္တေပါ ဆရာမတတ်နိုင် ဆိုတာမျိုးပေါ့"

"ဘဘ ... ဟိုမှာ အောင်ဘု လာနေတယ်"

"အေး ... ဟုတ်ပ။ ကဲ မောင်အောင်ဘု ထိုင် ... ထိုင်။ မင့်အကြောင်းတော့ မင့်အစ်မ မခင်စိန်ပြောလို့ သိပြီးပြီ"




"မင်းတို့အားလုံး ဂရုစိုက်နားထောင်နေနော် .."

"ဟုတ်ကဲ့ပါ ဘဘ"

"ရှေးတုန်းက ဗာရာဏသီပြည်က ဗာရာဏသီမင်းကြီးမှာ သားတစ်ယောက်ရှိတယ်။ အမည်က "**ဒုဋ္ဌကုမာရ**"တဲ့။ ဗမာလိုတော့ မင်းသားပျက်ပေါ့ကွာ။

"ဒီမင်းသားလေးက နာမည်နဲ့လိုက်အောင်ကို ဆိုးတာ။ ဘယ်သူ့မှ လူထင်တာမဟုတ်ဘူး။ အပြောကြမ်း၊ အလုပ်ကြမ်းပဲ။ သူ့မြင်ရင် အဝေးက ရှောင်နေကြရတယ်တဲ့"

"အဲဒါ ဘယ်သူကမှလည်း ဆုံးမလို့မရဘူး။ မင်းကြီးလည်း ဆုံးမလို့မရဘူးတဲ့။ ဒီအတိုင်း လွှတ်ထားရတာ"

"အဲဒါ... တစ်နေ့မှာတော့ မင်းကြီးရဲ့ ဥယျာဉ်အတွင်းမှာ တန်ခိုးနဲ့ပြည့်စုံတဲ့ ဈာန်အဘိညာဉ်တွေရတဲ့ ရသေ့ကြီးတစ်ပါး ရောက်လာတယ်"

"အဲဒါ မြို့တွင်းဆွမ်းခံကြွတာကို မင်းကြီးမြင်တော့ ကြည်ညိုပြီး တောထဲကို ပြန်မကြွစေဘဲ သူ့ဥယျာဉ်ထဲမှာပင် ကျောင်းဆောက်ကိုးကွယ်ထားတယ်"

"အဲဒါ မင်းကြီးက သူ့သား "**ဒုဋ္ဌကုမာရ**" ကိုပါ အပ်နှံထားတယ်။ မင်းသားရဲ့ ဆိုးသွမ်းမှုအကြောင်းကိုလည်း ပြောပြတယ်။ ယဉ်ကျေးလိမ္မာအောင် ဆုံးမပေးဖို့လည်း လျှောက်ထားတယ်"

"ဒါနဲ့ တစ်နေ့မှာတော့ဟေ့ ... ရသေ့ကြီးနဲ့ "**ဒုဋ္ဌကုမာရ**" တို့ ဥယျာဉ်အတွင်း လျှောက်ကြည့်နေရင်းက တမာပင်ပေါက်လေး အရွက်မှ နှစ်ရွက်ပဲ ထွက်ခါစရှိသေးတယ်။ အဲဒါကိုတွေ့တဲ့ ရသေ့ကြီးက.."

"အဲဒီလိုတွေ့ရင်ပဲ မင်းသား အဲဒီအပင်က အရွက်လေးနှစ်ရွက်ကို ခူးပြီး ဝါးကြည့်စမ်း ခိုင်းရော။ အဲဒါ မင်းသားက ခူးပြီး ဝါးကြည့်တော့ ခါးလွန်းလို့ ထွီ ... ဆိုပြီး ထွေးထုတ်ပစ်လိုက်တယ်။ ဒီတော့ ရသေ့ကြီးက"မင်းသား... ဘာလို့ထွေးရတာလဲ" လို့ မေးတော့ "အရှင်ဘုရား၊ ဒီအပင်ဟာ အခုမှ ဖြစ်ခါစ ရှိသေးတယ်၊ သူ့အရသာက လတ်တလော သေစေနိုင်တဲ့ အဆိပ်ပါပဲ။ အဲဒါ ဒီအပင်ကြီးများ ကြီးလာရင်တော့ လူအားလုံးကို ဒုက္ခပေးမှာဘုရား" လို့ဆိုပြီး အပင်ကို နုတ်ချေပြီး လွှင့်ပစ်လိုက်သတဲ့"

"ဒီတော့မှ ရသေ့ကြီးက အဲဒီအပင်လိုပဲ မင်းသား ... မင်းသားဟာ အခုလို ငယ်ငယ်ကတည်းက ဆိုးသွမ်းနေရင် တစ်နေ့ ကြီးပြင်းတဲ့အခါကျရင် လူတွေကို ဒုက္ခပေးတော့မှာပေါ့။ ဒါကြောင့် လိမ္မာစမ်းပါလို့ တမာပင်ကို ဥပမာပြပြီး ဆုံးမလိုက်တာ တစ်ခါတည်းကို လိမ္မာသွားရောတဲ့"

" ဒါကြောင့် မင်းတို့အားလုံးလည်း အခုလို ငယ်ရွယ်စဉ်အခါကတည်းကစပြီး လိမ္မာကြပါလို့နော်....."

"ဟုတ်ကဲ့ပါ ... ဘဘ ...၊ သားတို့ သမီးတို့ လိမ္မာကြပါ့မယ် ... "

■

# အာရုံအလုပ် စိတ်အလုပ်

ဓမ္မဒူတ
ဒေါက်တာအရှင်ဆေကိန္ဒ

လူမှုဝန်းကျင်၊ လူ့နယ်ပယ်မှာ လူတွေပဲ ပြောဆိုဆက်ဆံ နေကြထိုင်ကြပါတယ်။ လူနဲ့လူပဲ ပေါင်းသင်းကြပါတယ်။

လူကလည်း အမျိုးမျိုးရှိကြပါတယ်။

လူအမျိုးမျိုး စိတ်အထွေထွေလို့ ဆိုရိုးစကားရှိတော့ စိတ်တွေအမျိုးမျိုး ရှိကြလို့ လူတွေလည်း အမျိုးမျိုး ရှိကြတာပါပဲ။

စိတ်အမျိုးမျိုး ရှိကြတဲ့နေရာမှာ ဘယ်စိတ်ပဲဖြစ်ဖြစ်၊ ဘယ်လိုစိတ်ပဲဖြစ်ဖြစ် ဘယ်သူ့စိတ်ပဲဖြစ်ဖြစ် အာရုံကို သိတတ်တဲ့ သဘောချင်းကတော့ အတူတူပါပဲ။

ဒါဖြစ်ရင် စိတ်သဘောချင်း တူပါလျက် စိတ်တွေအမျိုးမျိုး ကွဲပြားနေကြတာ ဘာကြောင့်လဲဆိုတဲ့မေးခွန်း ဖြစ်လာနိုင်တာပေါ့။

စိတ်ဆိုတာ အာရုံရှိမှဖြစ်နိုင်တယ်၊ စိတ်ရှိရင် ဒီစိတ်က သိနိုင်တဲ့ အာရုံဆိုတာရှိစမြဲပါပဲ။ ဒီအာရုံကို ဒီစိတ်က သိတဲ့အခါ အခုသိနေတုန်း လောဘစိတ်ဖြစ်ပေမယ့် နောက်တစ်ခါ ဒီအာရုံကိုပဲ သိပြန်တော့ လောဘစိတ် ဖြစ်ချင်မှ ဖြစ်တော့မယ်၊ တခြားစိတ်ဖြစ်တတ်ပြန်လေရော။

အဲဒီလိုပဲ ဒီအာရုံကို ဒီစိတ်က စသိတဲ့အချိန် ဒေါသနဲ့ သိပေမယ့် နောက်ဒေါသမပါဘဲသိမယ်၊ ဒီအာရုံကိုဘဲ မောဟနဲ့သိပေမယ့်နောက်မောဟမပါဘဲ ဒီအာရုံကို သိနေပြန်ပါရော။

စိတ်ဆိုတာ အာရုံကိုသိတတ်တဲ့ သဘောတစ်မျိုးတည်းသာ ရှိပေမယ့် ဒီစိတ်မှာ ပူးပေါင်းပါဝင်နေတဲ့ စေတသိက်တွေ လောဘ၊ အလောဘ၊ ဒေါသ အဒေါသ၊ မောဟ၊ အမောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ နောက် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတာတွေ အမျိုးစုံနေအောင် ရှိနေတတ်ကြပါတယ်။ ဒါကြောင့် စိတ်အမျိုးမျိုး စိတ်အထွေထွေရှိတယ်လို့ ပြောကြတာပေါ့။

ဒီလိုချင်မှု၊ လိုချင်မှုမရှိတာ၊ ဒီသဘောမကျ မလိုချင်မှု မရှိတာ၊ ဒီသေချာမသိမှု၊ ဒီသေချာ မသိမှုမဟုတ်တာစတဲ့ သတ္တိတွေ၊ စေတသိက်တွေဟာ စိတ်မှာပဲရှိကြပါတယ်၊ စိတ်မှာပူးပေါင်းပြီး စိတ်ကို ခြယ်လှယ်နေကြပါတယ်။ ဘယ်အချိန်မှာ ခြယ်လှယ်သလဲဆိုရင် စိတ်ဖြစ်တိုင်း အမြဲခြယ်လှယ်နေကြပါတယ်။ စိတ်နဲ့အတူဖြစ်၊ အတူချုပ်ပြီး စိတ်မှီရာမှာမှီပြီး စိတ်သိတဲ့အာရုံကိုပဲ သူတို့လည်းသိရင်းကြည့်ရင်း စိတ်သဘောထဲမှာ သူတို့အလုပ် သူတို့ လုပ်နေကြတာပါပဲ။

ဒီစေတသိက်တွေနဲ့ ဒီစိတ်တွေဟာ အာရုံကိုသိနေကြပါတယ်။ စိတ်က အာရုံကို သိတဲ့အခိုက်ကျမှ ဒီစေတသိက်တွေက စိတ်ကို ခြယ်လှယ်ကြသလို၊ ဒီအာရုံကိုသိဖို့မသိခင်မှာလည်း သိအောင် ဒီစေတသိက်တွေက ခြယ်လှယ်ကြပါတယ်။ အမျိုးမျိုးပေါ့။

ဒီစေတသိက်တွေက စိတ်ကို ခြယ်လှယ်ပါတယ်။ စိတ်ကအာရုံကိုသိပါတယ်။

အာရုံတွေကလည်း မျက်စိကို အကြောင်းပြုပြီး မြင်စရာအာရုံ၊ နားကို အကြောင်းပြုပြီး ကြားစရာအာရုံ၊ နှာခေါင်းကိုအကြောင်းပြုပြီး နံစရာအာရုံ၊ လျှာကို အကြောင်းပြုပြီး စားစရာအာရုံ၊ ကိုယ်ကို အကြောင်းပြုပြီး ထိတွေ့စရာအာရုံဆိုပြီး အာရုံငါးမျိုးရှိပါတယ်။

ဒီအာရုံငါးမျိုးအပြင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေကို အမှီပြုပြီး ကြုံဖူးဆုံဖူးထားတဲ့ အာရုံတွေကိုရော၊ နောက်မကြုံဖူးသေးတဲ့အာရုံတွေကိုရော စိတ်မှာပဲ ထင်လာတတ်ကြတဲ့အာရုံဆိုတာ ရှိပါသေးတယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိနဲ့ သဘောတရားဓမ္မဆိုတဲ့ အာရုံတွေပါ။ ခြောက်မျိုးရှိပါတယ်။

ဒီအာရုံတွေကို စိတ်က သိပါတယ်။ စိတ်တစ်ခါဖြစ်ရင် အာရုံတစ်ခုကိုတော့ သိစမြဲပါပဲ။ ဒါဟာထုံးစံဓမ္မတာပါပဲ။ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်ဘုရားကမှ ဖြစ်အောင်ဖန်ဆင်းနိုင်တာမဟုတ်သလို အာရုံကို မသိနဲ့လို့လည်း စိတ်ကို တားလို့မရပါဘူး။ ဖျက်လို့လည်းမရပါဘူး။

ဒီအာရုံနဲ့ ဒီစိတ်နဲ့ဆုံပြီး ဖြစ်ကြ၊ နောက် ပျက်ကြတဲ့သဘော၊ အာရုံရော၊ စိတ်ရော ပျက်သွားကြပါတယ်။ ဒါကလည်း ဓမ္မသဘောတစ်မျိုးပါပဲ၊ ဘယ်သူမှ ဖန်ဆင်းလုပ်ယူလို့မရသလို၊ ဖျက်ဆီးနှောင့်ယှက်ပြီး ထိန်းချုပ်ထားလို့လည်း မရပါဘူး။

“အရှင်ဘုရား၊ တပည့်တော်တို့ တရားအားထုတ်တဲ့အခါ စိတ်ကိုထိန်းရမှာလား။ အာရုံကိုထိန်းရမှာလား ဘုရား”



“ဘယ်လိုထင်လဲ”

“တပည့်တော်အထင်တော့ စိတ်ကို ထိန်းရမှာပေါ့ဘုရား။ စိတ်ကို ထိန်းနိုင်မှ တရားဖြစ်မှာပေါ့။ တချို့က အာရုံကို ထိန်းရမယ်ပြောနေကြလို့ပါ”

“ဩော် ဟုတ်လား။ အဲဒီလိုပြောကြသလား။”

“ဟုတ်တယ်ဘုရား။ အရှင်ဘုရား သဘောကို ပြောပါဦး။ ဘာကိုထိန်းရမလဲ။ စိတ်ကိုပဲ ထိန်းရမှာလားဘုရား”

“စိတ်ကိုမထိန်းပါနဲ့ဒကာကြီး”

“ဟာ ဒါဆိုရင် လွှတ်ထားရမှာပေါ့”

“စိတ်ကိုလည်းလွှတ်မထားပါနဲ့ ဒကာကြီး”

“ဟာ အရှင်ဘုရားကလည်း ကိုးလိုးကန့်လန့် စိတ်ကိုလည်းထိန်းမထားနဲ့။ စိတ်ကိုလည်း လွှတ်မထားနဲ့ဆိုတော့ ဘာမှမလုပ်ဘဲ ဒီအတိုင်း ငုတ်တုတ်ကြီး ထိုင်နေရမှာလား၊ မိန့်ပါဦးဘုရား”

“ဒကာကြီးကို ငုတ်တုတ်ကြီး ဒီအတိုင်းထိုင်နေလို့ မပြောပါဘူးနော်။ စိတ်ကိုလည်း မထိန်းနဲ့။ ဝိပဿနာအတွက် ပြောတာ။ လွှတ်လည်းမထားနဲ့၊ အကုသိုလ်မဖြစ်ဖို့ ပြောတာ”

(ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ရဲရင့်သူတို့၏သတ္တိစာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာ မင်္ဂလာ

ဒဂုန်မောင်(ရန်ကုန်တက္ကသိုလ်)

## ရှေးဘဝကပြုခဲ့ဖူးတဲ့ ကောင်းမှုရှိရမယ်

ပုဗ္ဗေစကတပုညတာ။

“ရှေးဘဝက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း၊ ရှေးဘဝကပြုခဲ့ဖူးတဲ့ ကောင်းမှုရှိရမယ်” လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

(၃၈)ဖြာမင်္ဂလာကဗျာများရဲ့ ဒုတိယကဗျာဖြစ်တဲ့ “နေထိုင်ရေးမင်္ဂလာသုံးပါး”ထဲက နံပါတ်နှစ်မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုး..ရှေးရှေးတုန်းကပေါ့။ ဗာရာဏသီပြည်မှာ ဖြစ်ခဲ့တဲ့ဖြစ်စဉ်တစ်ခုပါပဲ။

“ရှင်မရေ ဆရာရသေ့ထံကို ဤစားဖွယ်ကောင်းကို သွားကပ်ပါလေ့” ဆင်ထိန်းအမတ်ကြီးက ဇနီးဖြစ်သူကိုပြောလိုက်သည့်စကားပင်။

ဖြစ်စဉ်က ဂင်္ဂါမြစ်ရဲ့ အောက်ပိုင်းမှာ ဆင်ထိန်းအမတ်ကြီးက ဆင်တော်ကို ရေချိုးပေးနေတဲ့အချိန်မှာ စားဖွယ်ကောင်းဟာ ဂင်္ဂါမြစ်ထဲမှာ မျောပါလာလို့ အမတ်ကြီးက ဆယ်ယူပြီး ဇနီးဖြစ်သူဆီကို ပို့ကာ ဆရာရသေ့ထံ ဆွမ်းကပ်ဖို့ မှာကြားလိုက်တာဖြစ်တယ်။

“အလို...ဆင်ထိန်းအမတ်ကြီးရဲ့ ကံဇာတာမြင့်လာတာပဲ။ ဘုရင်ဖြစ်မယ့်ကိန်း ဆိုက်နေပါပေါ့လား”

ဆင်ထိန်းအမတ်ကြီးရဲ့ဇနီးက ဆရာရသေ့ထံ ဆွမ်းဆက်ကပ်လိုက်စဉ်မှာပဲ ဆရာရသေ့က အမတ်ကြီးရဲ့ ရှေးဘဝကောင်းမှုတွေကို ဒိဗ္ဗစက္ခုဉာဏ်နဲ့ မြင်တော်မူလိုက်သတဲ့။

“အမတ်ကြီးကို ဆွမ်းဆက်ကပ်ရာမှာ ကိုယ်တိုင်လာရောက်စေလိုတယ်”

ဆရာရသေ့က ဆင်ထိန်းအမတ်ကြီးကို အခေါ်လွှတ်လိုက်လေတယ်။ အမတ်ကြီးရောက်လာတဲ့အခါ ဆရာရသေ့က မိန့်ကြားတယ်။

“အမတ်ကြီးစားဖို့ ကြက်ဦးခေါင်းကို ပြန်စွန့်လိုက်မယ်။ ကြက်အသားကိုလည်း စွန့်လိုက်တယ် အမတ်ကြီးရဲ့ ဇနီးကို စားပါစေ။ ဒီနေ့ကနေ နောက်သုံးရက်မြောက်တဲ့နေ့မှာ အမတ်ကြီးဘဝကနေ မင်းဖြစ်အံ့၊ အမတ်ကြီးက မင်းဖြစ်တော့ အမတ်ကြီးရဲ့ ဇနီးက မိဖုရားကြီးဖြစ်ပြီပေါ့”

ဆရာရသေ့ကိုယ်တိုင်ကတော့ ကြက်အရိုးနားက အသားကိုပဲ ဘုဉ်းပေးသတဲ့။

ဖြစ်စဉ်ကား အလွန်တရာဆန်းကြယ်လှပေတယ်။ ထင်းခွေလုလင်တစ်ဦးက တစ်နေ့မှာ တောထဲကို ထင်းခွေသွားရာ အပြန်နောက်ကျကာ မြို့တံခါးပိတ်ချိန်မမီလို့ သစ်ပင်မြင့်တစ်ပင်ပေါ်မှာ တက်အိပ်ရတယ်။

“ငါ့ကိုသတ်ပြီး မီးကျီမှာကင်စားသော် နံနက်စောစော အသပြာတစ်ထောင်ရလိမ့်မယ်”

အသံကိုကြားတော့ ထင်းခွေလုလင်က နားစွင့်နေလေရဲ့။

“ငါ့ဦးခေါင်းကို စားသူဟာ မင်းဖြစ်အံ့၊ ငါ့အသားကို စားသူဟာ ယောက်ျားဖြစ်ပါက သေနာပတိရာထူးရအံ့။ မိန်းမဖြစ်ပါက မိဖုရားကြီးဖြစ်အံ့။ အရိုးအနားကပ်နေတဲ့ အသားကိုစားသူဟာ လူဖြစ်ပါက ဘဏ္ဍာစိုး၊ ရဟန်း၊ ရသေ့ဖြစ်ပါက မင်းဆရာအဖြစ်ကို ရရှိအံ့”

ဒါက နောက်အသံတစ်သံ။ ထင်းခွေလုလင်ဟာ သစ်ပင်ပေါ်မှာအိပ်နေရင်း အသံလာရာကို စူးစမ်းကြည့်ရာ မိမိအိပ်နေသည့်သစ်ပင်မှာပင် အထက်သစ်ကိုင်းနဲ့အောက်သစ်ကိုင်းတို့မှာ အိပ်တန်းတက်ကြတဲ့ ကြက်နှစ်ကောင် ဖြစ်နေပြီး၊ တစ်ကောင်နဲ့တစ်ကောင် အစွမ်းအစဘယ်လိုရှိကြောင်း ပြိုင်ဆိုင်ပြောဆိုကြရင်း ရန်ထောင်နေကြခြင်းပင်။

“ရှင်မရေ ဒီကြက်ဦးခေါင်းကို ငါစားရင် ငါမင်းဖြစ်မယ်။ ဒီကြက်သားကို မင်းစားရင် မိဖုရားဖြစ်မယ်။ အမြန်ချက်လိုက်ပေတော့။ ဂင်္ဂါမြစ်မှာ ငါတို့ရေချိုးပြီး အားရပါးရစားကြတာပေါ့”

ထင်းခွေလုလင်ဟာ အထက်သစ်ကိုင်းမှာ အိပ်နေတဲ့ကြက်ကို ဖမ်းကာသတ်လိုက်ပြီး၊ ဇနီးဖြစ်သူထံ ယူဆောင်လာပြီးပြောလိုက်တာဖြစ်တယ်။ အဲဒီနောက်မှာ ကြက်သားဟင်းကိုအမြန်ချက်ယူကာ ဂင်္ဂါမြစ်ဆိပ်ကို ထွက်လာကြတော့တယ်။ မြစ်ကမ်းနဖူးမှာ စားသောက်ဖွယ်ရာတွေကိုချပြီး၊ လင်မယားနှစ်ဦး ရေဆင်းချိုးနေစဉ်မှာပဲ လေပြင်းတိုက်ခတ်လာပါလေရော။ မထင်မှတ်ဘဲ စားဖွယ်ရာထည့်ထားတဲ့ တောင်းကြီးကို လေပြင်းက ပင့်ဆောင့်တိုက်လိုက်ရာ ဂင်္ဂါမြစ်ထဲမှာမျောပါသွားရတယ်။ ထင်းခွေလုလင် မောင်နှံလည်း အသက်လုကာ လေပြင်းဘေးက လွတ်ကင်းအောင်ထွက်ပြေးခဲ့ရတော့တယ်။

ရှေးဘဝကပြုဖူးခဲ့တဲ့ ကောင်းမှုကြောင့် ဂင်္ဂါမြစ်အောက်ပိုင်းမှာ ဆင်တော်ကို ရေချိုးပေးနေတဲ့ ဆင်ထိန်းအမတ်ကြီးက စားဖွယ်ကောင်းကို မြစ်မှ ဆယ်ယူရရှိကာ ဆရာရသေ့ထံ ဆွမ်းဆက်ကပ်ဖို့ အခွင့်အရေးကို ရရှိတာဖြစ်တယ်။ ဒါကြောင့် အမတ်ကြီးက ကြက်ဦးခေါင်းကိုစားလိုက်ပြီး၊ ဇနီးဖြစ်သူက ကြက်အသားကိုစားလိုက်ရတာပေါ့ကွယ်။

“အမတ်ကြီးကိုပဲ ဘုရင်အဖြစ်နဲ့စောင့်ရှောက်ဖို့ နန်းတော်ကို အပ်နှံထားခဲ့မယ်။ ငါကိုယ်တော်ကတော့ အညတြအသွင်နဲ့ ရန်သူ့ရန်ကို ကာကွယ်ဖို့ စစ်တိုက်ထွက်တော်မူမယ်”

ကြက်ဦးခေါင်းစားပြီး သုံးရက်မြောက်နေ့မှာ နယ်မြေထိစပ်နေတဲ့ တိုင်းပြည်ဘုရင်တစ်ပါးက ကျူးကျော်ရန်စလာတာကြောင့် မင်းကြီးကိုယ်တိုင် ခုခံကာကွယ်ဖို့ စစ်တိုက်ထွက်လိုတဲ့အတွက် ဗာရာဏသီပြည့်ရှင်မင်းကြီးက ဆင်ထိန်းအမတ်ကြီးထံ နန်းတော်ကို အပ်နှင်းခဲ့တာဖြစ်တယ်။

“ဥစ္စာအလိုရှိသူ ပြည်သူဗိုလ်ပါအပေါင်းတို့ စစ်ထိုးကြပေလေ့”

တိုက်ပွဲတွင် ဗာရာဏသီပြည့်ရှင်မင်းကြီး ကျဆုံးရတဲ့အတွက် အားလျော့ကာ နောက်ဆုတ်ကြတော့မယ့် စစ်သည်တော်တွေနဲ့ ပြည်သူတွေကို နန်းတော်ဘဏ္ဍာတိုက်က အသပြာတွေကို ထုတ်ပေးပြီး တန်ပြန်ထိုးစစ်ဆင်နွှဲစေတာကြောင့် ရန်သူဘုရင်ကျဆုံးကာ တိုက်ပွဲကို အနိုင်ရလိုက်တော့သတဲ့။

ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ ရုပ်အလောင်းကို ပြည်သူဗိုလ်ပါအပေါင်းတို့က ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြပြီး နန်းတော်ကို မင်းကြီးကိုယ်တော်တိုင် ယုံကြည်စွာအပ်နှံခဲ့တဲ့ ဆင်ထိန်းအမတ်ကြီးကို ဘုရင်အဖြစ် တင်မြှောက်လိုက်ကြတော့တယ်။ အမတ်ကြီးက ဘုရင်ဖြစ်လာတဲ့အခါ ဇနီးက မိဖုရားကြီး ဖြစ်လာပြီး၊ ဆရာရသေ့က မင်းဆရာ ဖြစ်လာရတော့တာပေါ့ကွယ်။

ပုဗ္ဗေစကတပုညတာ ရှေးဘဝက ပြုခဲ့ဖူးတဲ့ ကောင်းမှုရှိရမယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ မြတ်စွာဘုရားဟောကြားတော်မူရာ ဇာတ်နိပါတ်တော်တွေထဲက မှတ်သားစရာပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့မောင်တို့မယ်တို့ လူငယ်လူရွယ်တွေအတွက်တင်မကဘဲ လူတိုင်း လူတိုင်း လိုက်နာကျင့်ကြံသင့်တဲ့ နေထိုင်ရေးမင်္ဂလာနည်းလမ်းကောင်းပဲပေါ့ကွယ်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၆၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၉,၉၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၆၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၃၉၃,၆၂၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၆,၃၉၃) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄၃) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၄၁၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိသော်လည်း ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

- ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်းရှိ စက်ရုံလုပ်ငန်းတစ်ခုတွင် ကိုဗစ်-၁၉ ရောဂါ အစုလိုက်ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်း၍ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၂၃၃) ခုအားစစ်ဆေးခဲ့ရာ (၇၁၈) ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပြီး ရောဂါလက္ခဏာရှိသူ (၈) ဦးအား သတ်မှတ်ဆေးရုံတွင်လည်းကောင်း၊ ကျန်လူနာ (၇၁၀) ဦးအား သီးခြားခွဲခြားထားရှိ၍လည်းကောင်း ကုသမှုဆောင်ရွက်လျက်ရှိရာ လူနာများ၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကူးစက်မှုမှ ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၁၉) ခု | (၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၃) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၂) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၀) ခု | (၃၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၉၁) ခု | (၂၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၂၈၃) ခု | (၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၄,၄၃၅) ခု | (၇၁၄) ဦး |
| **စုစုပေါင်း** | **(၃၉,၉၈၃) ခု** | **(၈၆၁) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၆၂၂၂၁၅ | ၄၆၂၄၂၂၂ | ၉၁၀၁၀၄ |
| ၂။ | အိန္ဒိယ | ၄၁၄၆၉၄၉၉ | ၃၉၂၃၀၁၉၈ | ၄၉၆၂၆၈ |
| ၃။ | ဘရာဇီး | ၂၅၄၅၄၁၀၅ | ၂၂၁၉၆၄၄၂ | ၆၂၇၃၆၅ |
| ၄။ | ပြင်သစ် | ၁၉၁၄၀၇၃၀ | ၁၂၄၄၂၆၈၀ | ၁၃၀၉၃၁ |
| ၅။ | ဗြိတိန် | ၁၇၃၁၅၈၉၃ | ၁၃၄၈၄၉၂၉ | ၁၅၅၇၅၄ |
| ၆။ | ရုရှား | ၁၁၉၈၆၉၁၃ | ၁၀၂၈၈၅၈၂ | ၃၃၂၀၁၂ |
| ၇။ | တူရကီ | ၁၁၆၁၉၈၈၂ | ၁၀၉၁၁၁၅၉ | ၈၇၄၁၆ |
| ၈။ | အီတလီ | ၁၀၉၈၃၁၁၆ | ၈၂၄၄၀၁၂ | ၁၄၆၄၉၈ |
| ၉။ | စပိန် | ၉၉၆၁၂၅၃ | ၆၂၀၁၅၂၀ | ၉၃၂၂၅ |
| ၁၀။ | ဂျာမနီ | ၉၈၉၆၃၄၄ | ၇၇၀၅၀၀၀ | ၁၁၈၅၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၃၅၃၃၇၀ | ၄၁၄၀၄၅၄ | ၁၄၄၃၂၀ |
| ၂။ | ဖိလစ်ပိုင် | ၃၅၆၉၆၆၅ | ၃၃၃၉၅၅၈ | ၅၄၀၅၄ |
| ၃။ | မလေးရှား | ၂၈၇၀၇၅၈ | ၂၇၈၄၀၀၃ | ၃၁၉၇၈ |
| ၄။ | ထိုင်း | ၂၄၄၇၉၆၄ | ၂၃၄၂၇၆၅ | ၂၂၁၈၈ |
| ၅။ | ဗီယက်နမ် | ၂၂၈၆၇၅၀ | ၂၀၆၂၀၅၈ | ၃၇၇၇၇ |
| ၆။ | မြန်မာ | ၅၃၆၃၉၃ | ၅၁၃၄၁၆ | ၁၉၃၁၀ |
| ၇။ | စင်ကာပူ | ၃၅၂၈၁၁ | ၃၃၂၅၂၅ | ၈၅၅ |
| ၈။ | လာအို | ၁၃၄၄၃၈ | ၁၂၈၃၇၀ | ၅၅၁ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၁၃၉၀ | ၁၁၇၆၃၃ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၆၄၇၆ | ၁၅၉၂၀ | ၉၈ |

## တိုက်ကြီးမြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**တိုက်ကြီး ဖေဖော်ဝါရီ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ရင်းတိုက်လေးပင်ကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် လမ်းအရှည် ၅၃၅ ပေ၊ အကျယ် ၁၀ ပေ၊ ခုနစ်လက်မဒုအား နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေ သုည ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ကျင်းပခဲ့ကြကြောင်း သိရသည်။

ဖွင့်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဘသိန်းနှင့် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့က ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်း၊ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းတို့က ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက် (ထန်းတပင်)



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မေမေလုပ်ဖူးသောပွဲရုံသို့ ရောက်စဉ်က ဖေဖေနှင့်ပတ်သက်၍ သတင်းကြားရသည်။ ဖေဖေ မြို့သို့ ပြန်ရောက်နေပြီဟု သိရသည်။ ဖေဖေနှင့် တွေ့ချင်လာပြန်သည်။

သို့ဖြင့် သူသည် ရွှေဘုံသာသို့ ပြန်လာခဲ့သည်။ လမ်းအတိုင်း လျှောက်လာခဲ့သည်။ မိုးသည် သူ၏တစ်ကိုယ်လုံးအား စွတ်စိုလျက်ရှိသည်။ မိုးကြောင့် သူသည် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။

ချောင်းနိမ့်ကို ဖြတ်ကျော်ရသည်။ ရေသည် သူ၏ခါးလောက်ရှိနေပေသည်။ ယင်းသို့ ဖြတ်ကျော်ရသောကာလ၌ မောင်မောင်ဦးသည် ခင်ခင်ကြီးအား သတိတရရှိလာသည်။ ဗိုလ်ညိုထွန်း၏ ပြောပြချက်များအရ ခင်ခင်ကြီးသည် ချောင်းရေစီးအတိုင်း မျောပါသွားခဲ့သည်ဆိုခြင်းကို အမှတ်ရလာသည်။ ခင်ခင်ကြီးသည် မိမိနှင့်ပတ်သက်၍ စွန့်စားသည်။ အနစ်နာခံခဲ့သည်။ လိုက်လျောခဲ့သည်ဆိုခြင်းကို မောင်မောင်ဦး တွက်ဆ၍ရလာသည်။ ဤသည်မှာ လွန်လေပြီးသောကာလတုန်းက ဖြစ်သည်။ ယခုမူ ခင်ခင်ကြီးသည် မိမိနှင့်ပတ်သက်၍ ဘာတစ်ခုမျှ အလေးအနက် ထားရှိတော့မည်မဟုတ်။ ယခင်က အဖြစ်အပျက်များအတွက် နောင်တရ၍ပင် နေပေလိမ့်မည်ထင်သည်။

မောင်မောင်ဦးသည် တစ်စထက်တစ်စ ရွှေဘုံသာနှင့် နီးကပ်လာသည်။

များမကြာမီ အိမ်ကိုလှမ်းမြင်ရသည်။ အိမ်မှာ မီးလင်းလျက်ပါကလား။ သူ၏ခြေလှမ်းများသည် ပိုမိုသွက်လက်လာလေသည်။

အိမ်နှင့် နီးကပ်လာသည်။ ထိုအခါ အိမ်၏ ဧည့်ခန်းနှင့် ထမင်းစားခန်းများတွင် မီးလင်းနေကြောင်း မြင်ရသည်။ ထမင်းစားခန်းဆီမှာ လူအရိပ်အယောင်များကို တွေ့နေရသည်။ တစ်ဦးတစ်ယောက်တည်းမဟုတ်။ အတော်ပင်များပြားသည်။ ဧည့်ခန်းတွင် မီးလင်းနေစေကာမူ လူ၏အရိပ်အသွင်ကို မမြင်ရ။

အိမ်တွင် ဖေဖေရှိနေကြောင်း သေချာပေပြီ။

မောင်မောင်ဦးသည် ဝိုင်းအတွင်း ဝင်လာခဲ့သည်။ အိမ်၏ ဝင်ပေါက်တံခါးဝမှာ ရပ်မိသည်။ တံခါးရွက်နှစ်ချပ်မှာ ရင်ကြားစေ့နေသည်။ တွန်းကြည့်လျှင်လည်း ပွင့်မလာခဲ့။ အတွင်းမှ မင်းတုပ်ချထားဟန်တူသည်။ သူသည် တံခါးရွက်ကို ခေါက်လိုက်လေသည်။

ထမင်းစားခန်းမှ ရယ်မောသံများ၊ ဇွန်းသံ ပန်းကန်သံများက တံခါးခေါက်သံကို ဖုံးလွှမ်းထားသည်။ သို့ဖြစ်၍ နောက်တစ်ကြိမ် ခပ်ကျယ်ကျယ် ခေါက်လိုက်သည်။

"လာပြီ" ဆိုသောအသံကို ပထမကြားရသည်။ အသံမှာ မိန်းမတစ်ယောက်၏ အသံ။ ယင်းအသံအတွက် မောင်မောင်ဦးမှာ ဆန်းကြယ်သလို ခံစားလိုက်ရသည်။

တံခါးဆီသို့ လျှောက်လာသောခြေသံကို ကြားရသည်။ တံခါးမင်းတုပ်ဖွင့်သံ ပေါ်လာသည်။ တံခါးရွက်နှစ်ချပ် ရင်ကြားစေ့နေရာမှ ကွာသွားလေလျှင် မောင်မောင်ဦးသည် အမျိုးသမီးတစ်ယောက်၏ အသွင်သဏ္ဌာန်ကို တွေ့မြင်လိုက်ရသည်။

"ဩော ရှင်ကိုး"

တစ်ဆက်တည်းမှာပင် အမျိုးသမီးထံမှ မှတ်ချက်ချသံကို ကြားလိုက်ရသည်။

အမျိုးသမီးသည် အလင်းရောင်ကို ကျောပြုလျက်ရှိသည်။ သူ၏အရှေ့ခြမ်းမှာ အမှောင်ရိပ်ကျနေသည်။ အမှောင်မှသည် ရုတ်တရက် လင်းထင်းခြင်းနှင့် မျက်နှာချင်းဆိုင်လိုက်ရသဖြင့် မောင်မောင်ဦး၏ မျက်စိများ ပြာဝေသွားသည်။ သို့ဖြစ်၍လည်း သူ့ရှေ့မှာ ရပ်လာသူကို မည်သူမည်ဝါဟု မောင်မောင်ဦး ခွဲခြားမသိ။

အမျိုးသမီးအနေနှင့်ကမူ မောင်မောင်ဦး၏ မျက်နှာကို အလုံးစုံမြင်နိုင်စွမ်းသည်။ အသေအချာ အကဲခတ်နိုင်စွမ်းသည်။ ထို့ကြောင့်ပင် "ဩော်၊ ရှင်ကိုး" ဟု မှတ်ချက်ချနိုင်ဟန်တူသည်။ မောင်မောင်ဦးသည် အမှောင်ရိပ်လွှမ်းနေသော အမျိုးသမီး၏ မျက်နှာများကိုပင် စူးစိုက်ကြည့်နေမိလေသည်။

"ရှင့်တစ်ကိုယ်လုံး ရွှဲလို့ပါလား။ ကဲပါလေ၊ လာ။ အိမ်ထဲဝင်"

အမျိုးသမီးက သူ့အတွက် လမ်းဖယ်ပေးသည်။ ကိုယ်ကို ရွှေ့လျားလိုက်သည်။ အလင်းရောင်သည် သူမ၏မျက်နှာပေါ်သို့ ကျရောက်လာသည်။

မောင်မောင်ဦးသည် အိမ်အတွင်း ရုတ်တရက်မဝင်။ အမျိုးသမီး၏မျက်နှာကို အကဲခတ်နေသည်။ အသံကို ကြားဖူးသလို ထင်သည်။ ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း အလှပလေသား။ နွဲ့နွဲ့နှောင်းနှောင်းဖြစ်သည်။ မျက်နှာတွင် လိုအပ်သည်ထက် ပိုမိုခြယ်သမှုများ ရှိနေသည်။

"ဘာကြည့်နေတာလဲရှင့်"

အမျိုးသမီးက မလုံမလဲအမူအရာဖြင့် ပြုံးလိုက်သည်။

သည်တွင် မောင်မောင်ဦးသည် အမျိုးသမီးကို ချက်ချင်းဆိုသလို မှတ်မိလိုက်သည်။

"ဩော်၊ မင်းကိုး"

သူသည် အံ့ဩတုန်လှုပ်စွာဖြင့် မှတ်ချက်ချလိုက်လေသည်။

သည်အဖြစ်မျိုးကို သူ ကြိုတင်မျှော်လင့်ခြင်းမရှိခဲ့။ သည်သို့သောနေရာတွင် သည်သို့သော သူနှင့် ပြန်လည်ကြုံဆုံရလိမ့်မည်ဟု မထင်မှတ်ခဲ့။ မမျှော်လင့် မထင်မှတ်သောအရာများနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြီးကြုံတွေ့လိုက်ရသောအခါ မောင်မောင်ဦး၏ရင်မှာ လှုပ်ရှားလာသည်။ တအံ့တဩကြီး ဖြစ်နေသည်။

စင်စစ်တွင် သူ၏အရှေ့မှာ ရပ်နေသူသည် တစ္ဆေသရဲလည်းမဟုတ်။ ဥစ္စာစောင့်ဆိုသည်မျိုးဟူ၍လည်း မမှတ်ထင်သာ။ လူစင်စစ်ပင်ဖြစ်သည်။ အကယ်၍ လူမဟုတ်ဘဲ အခြားအရာများသာ ဆိုပါက မောင်မောင်ဦးအဖို့ သည်မျှ အံ့ဩတုန်လှုပ်ရမည် မထင်ပေ။

သူ မျက်နှာချင်းဆိုင်နေရသူ၊ သူ၏ မျက်စိရှေ့မှောက်မှာရပ်နေသူကား အခြားသူမဟုတ်။

ခင်သန်းနွဲ့ပေတည်း။

"မင်း ဒီအိမ်ကို ဘယ်လိုရောက်နေရတာလဲဟင်"

မောင်မောင်ဦး မေးသည်။ သူ၏အသံမှာ ချောက်ချားမှု ပါဝင်နေသည်။

ခင်သန်းနွဲ့က သူ့အမေးကို အဖြေမပေးဘဲ ပြုံးလိုက်သည်။ ပြန်လည်၍ မေးခွန်းထုတ်သည်။

ထိုအမေးအတွက် မောင်မောင်ဦး ခံပြင်းသလို ရှိရသည်။

"ဒါ၊ ကိုယ့်အိမ်ပဲ"

"ဟုတ်လား"

"ဟုတ်တယ်။ ဒါကြောင့် လာတာပေါ့"

ခင်သန်းနွဲ့ ပြုံးလိုက်သည်။

"ဒီအိမ်ဟာ ရှင်ပိုင်သလို ကျွန်မနဲ့လည်းဆိုင်ပါတယ်။ ဒါကြောင့် ကျွန်မ ဒီအိမ်မှာရှိနေရတာပေါ့"

"မဖြစ်နိုင်တာဘဲ။ ဘယ်လိုနည်းနဲ့ ဒီအိမ်ဟာ မင်းနဲ့ပတ်သက်ရမှာလဲ"

"ပတ်သက်စရာအကြောင်းတွေ ရှိလို့ပေါ့ရှင်"

မောင်မောင်ဦးသည် ရုတ်တရက်အကြံအိုက်သွားသလိုရှိသည်။ ဘာပြောရမည်မသိတတ်ဘဲ ခင်သန်းနွဲ့၏မျက်နှာတွင် လျှို့ဝှက်မှုကို ရှာဖွေမိသည့်နှယ် စူးစိုက်ကြည့်နေသည်။

ထိုအခိုက် ထမင်းစားခန်းဆီမှအသံကိုကြားရသည်။

"နွဲ့ရေ၊ ဘယ်သူလာသလဲဟင်"

အသံမှာ ဖေဖေ၏အသံ၊ မောင်မောင်ဦးသည် အသံလာရာသို့ လှမ်းကြည့်မိသည်။

အမျိုးသမီးက အမေးကိုမဖြေ။ မောင်မောင်ဦးကို ပြောသည်။

"အဲဒီအထဲမှာ ရှင့်အဖေရှိတယ်။ ဒီအိမ်ကို ကျွန်မဘာလို့ ဆိုင်နေတယ်ဆိုတာ သူ အဖြေပေးနိုင်ပါလိမ့်မယ်။ သူ့ကိုမေးကြည့်ပေါ့"

ယင်းအခိုက်မှာပင် ထမင်းစားခန်း အပေါက်ဝမှ ထွက်ပေါ်လာသော ဦးကောင်းမိုးကို မောင်မောင်ဦး မြင်လိုက်ရသည်။ သားအဖနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် ကြာမြင့်စွာ စူးစိုက်ကြည့်နေမိကြသည်။

နှုတ်မဆက်မိကြ။ စကားမဆိုမိကြ။

ဦးကောင်းမိုးသည် သားဖြစ်သူအား မမျှော်လင့်ဘဲ တွေ့လိုက်ရဟန်တူသည်။ သူသည် မြင်စက အံ့ဩဟန်ပြသည်။ မောင်မောင်ဦးသည် ဖခင်ဖြစ်သူ၏မျက်နှာကို စူးစိုက်ကြည့်ရင်းရင်ထဲမှာ ဝေဒနာတစ်ရပ်ကို ခံစားလာရသည်ဟု ထင်သည်။ မည်သည့်ဝေဒနာမျိုးဟူ၍ကား ခွဲခြားနားမလည်နိုင်။

အတော်ချည်းကြာလျှင် ဦးကောင်းမိုး သက်ပြင်းရှိုက်လိုက်သည်။ မောင်မောင်ဦးထံ လျှောက်လာသည်။

"သား ဘယ်တုန်းက မြို့ကိုပြန်ရောက်သလဲဟင်"

ဦးကောင်းမိုးသည် မောင်မောင်ဦးနှင့် မျက်နှာချင်းဆိုင်ရပ်သည်။

"ကျွန်တော် မြို့ကိုရောက်နေတာ ကြာပါပြီ ဖေဖေ"

"ဟုတ်လား၊ ဖေဖေက အခုမှရောက်လာတာလားလို့"

မောင်မောင်ဦးသည် ဖခင်ဖြစ်သူ၏မျက်နှာကို အကဲခတ်သလို ကြည့်နေသည်။

"ကျွန်တော် မေမေ့ရဲ့အသက်ကိုမီသေးတယ်။ မေမေ့ဈာပနကိစ္စကို ကျွန်တော်ပဲ ဆောင်ရွက်ခဲ့ရတယ်"

သည်စကားကိုကြားရလေလျှင် ဦးကောင်းမိုး၏မျက်နှာမှာ မရွှင်မပျဖြစ်လာသည်။ ခင်သန်းနွဲ့အား ဖျတ်ခနဲ လှမ်းကြည့်လိုက်ကြောင်း မြင်ရသည်။ အမျိုးသမီး၏ရှေ့တွင် သည်စကားမျိုးကို ပြောစေချင်ဟန်မတူ။

"သားရဲ့ကိုယ်မှာ မိုးတွေရွှဲလို့ပါလား။ အအေးပတ်နေဦးမယ်။ အဝတ်ခြောက်တွေ လဲဝတ်လိုက်ရင်ကောင်းမယ်"

ဦးကောင်းမိုးက စကားကို လွှဲပြောင်းပြောဆိုရန် ကြိုးစားသည်။

"မေမေဟာ အတော်ကံဆိုးရှာတယ်။ ကျွန်တော်ထင်တယ် ဖေဖေ။ မေမေ့ကို ဒီထက်စောစောကတည်းက ဆေးကုသနိုင်ခဲ့ရင် အခုလိုဆုံးရမှာမဟုတ်ဘူး"

"သားရဲ့ကိုယ်ကရေတွေ ကြမ်းပြင်ပေါ်ကို ကျနေတယ်"

"အခုထက်ထိ မေမေ့မြေပုံမှာ နာမည်ပါတဲ့ တိုင်ကလေးတစ်တိုင်တောင် အထိမ်းအမှတ်အဖြစ် မစိုက်နိုင်ခဲ့သေးဘူး ဖေဖေ"

ဦးကောင်းမိုး သက်ပြင်းရှိုက်ပြန်လေသည်။

"ဖေဖေ တစ်ခုပြောမယ် သား။ ဒီစကားတွေကို နောက်တော့ အေးအေးဆေးဆေးပြောကြတာပေါ့။ သားတွေ့ရတဲ့အတိုင်း အခုလောလောဆယ်မှာ ဧည့်သည်တွေကို ဧည့်ခံနေရတယ်။ သားလည်း မိုးရေစိုနေတယ်။ အအေးပတ်မှာ စိုးရတယ်။ အဝတ်လဲချေဦး"

"ကျွန်တော့်မှာ လဲစရာအဝတ်မရှိဘူးဖေဖေ"

"ဖေဖေ့အဝတ်တွေထဲကပဲ ယူဝတ်ပေါ့" ဦးကောင်းမိုးသည် ခင်သန်းနွဲ့ဘက်သို့ လှည့်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ချောင်းနိမ့်ကို ဖြတ်ကျော်ရသည်။ ရေသည် သူ၏ခါးလောက်ရှိနေပေသည်။ ယင်းသို့ ဖြတ်ကျော်ရသောကာလ၌ မောင်မောင်ဦးသည် ခင်ခင်ကြီးအား သတိတရရှိလာသည်။ ဗိုလ်ညိုထွန်း၏ ပြောပြချက်များအရ ခင်ခင်ကြီးသည် ချောင်းရေစီးအတိုင်း မျောပါသွားခဲ့သည်ဆိုခြင်းကို အမှတ်ရလာသည်။ ခင်ခင်ကြီးသည် မိမိနှင့်ပတ်သက်၍ စွန့်စားသည်။ အနစ်နာခံခဲ့သည်။ လိုက်လျောခဲ့သည်ဆိုခြင်းကို မောင်မောင်ဦး တွက်ဆ၍ရလာသည်။ ဤသည်မှာ လွန်လေပြီးသောကာလတုန်းကဖြစ်သည်။ ယခုမူ ခင်ခင်ကြီးသည် . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နေ စုစုနိုင်စိုးသည် ၎င်းအသုံးပြုသည့် "Su Su Naing Soe" Facebook အကောင့်၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်နေ ကျော်ဇေယျသည် ၎င်းအသုံးပြုသည့် "Kyaw Zeya" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နေ ကျော်သူရ (ခ) စတိန်နာရမ်သည် ၎င်းအသုံးပြုသည့် "ကျော်သူရ" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နေ မီးမီး(ခ) မီမီဆွေသည် ၎င်းအသုံးပြုသည့် "Khine Oo" Facebook အကောင့်၊ ဒိုက်ဦးမြို့နေ သီဟထက်အောင်သည် ၎င်းအသုံးပြုသည့် "Thiha Htet Aung" Facebook အကောင့်၊ ပဲခူးမြို့နေသူများဖြစ်သည့် သီတာညိုသောင်းနှင့် သိင်္ဂီအောင်တို့သည် ၎င်းတို့အသုံးပြုသည့် "ဒေါ်သီတာညိုသောင်း" နှင့် "Nan Ei Shwe Ye" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ အောင်ငွေး (ခ) အောင်ခိုင်သည် ၎င်းအသုံးပြုသည့် "Aung Khaing" Facebook အကောင့်၊ မဟာအောင်မြေမြို့နယ်နေ မြင့်မြင့်စန်းသည် ၎င်းအသုံးပြုသည့် "Ju Ju Lay" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နေ သန္တာမြင့် (ခ) ရရှီဒါသည် ၎င်းအသုံးပြုသည့် "Amy Myint" Facebook အကောင့်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေ နေလင်းထက်သည် ၎င်းအသုံးပြုသည့် "Nay Lin Htet" Facebook အကောင့်၊ သာကေတမြို့နယ်နေ နိုင်ဝင်းကျော်(ခ) ကိုနိုင်၊ ကုမုဒြာသန်းဝင်း (ခ) မုနှင့် မိုးသက်ချို(ခ) အိတုံတို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် "Nwin Kyaw" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နေသူများဖြစ်သည့် ဝါဝါလှိုင်(ခ) ဝါဝါနှင့် ငြိမ်းအေးအောင်တို့သည် ၎င်းတို့အသုံးပြုသည့် "ဝါဝါ" နှင့် "ငြိမ်းအေးအောင်" Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

---

**❒ မြစ်ကြီးနားမြို့မှ**

ခတ်ချိုရွာနေ ဦးဒီလေး (၅၄)နှစ် (ဘ) ဦးပါရ်ဒါရမ်း၏ ကျန်းမာရေးအခြေအနေအရ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ ကုသရမည်ဖြစ်သဖြင့် ဦးဒီလေးအား အဆိုပါဆေးရုံမှ သူနာပြုဆရာမ မသင်းနုအေး (၃၈)နှစ် (ဘ) ဦးမင်းအောင်နှင့်အတူ မြစ်ကြီးနားမြို့ရှိ "ဧရာဝတီဂရုဏာ" လူမှုရှာဖွေကယ်ဆယ်ရေး အသင်းပိုင် NOTE အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နေ ကိုဆန်းနိုင် (၂၉) နှစ် (ဘ) ဦးအောင်မြတ် မောင်းနှင်ပြီး အကူယာဉ်မောင်းဖြစ်သူ ဝိုင်းမော်မြို့နေ ကိုအောင်ဖြိုးဦး (၂၃)နှစ်(ဘ) ဦးဝင်းမြင့်တို့နှင့်အတူ မြစ်ကြီးနား-အင်းတော်-ထီးချိုင့်- မန္တလေးကားလမ်းအတိုင်း ထွက်ခွာလာစဉ် ဖေဖော်ဝါရီ ၁ ရက် နံနက် ၅ နာရီတွင် ထီးချိုင့်မြို့နယ် ဇီးဖြူကျင်းကျေးရွာနှင့် ဘိုတဲကုန်း ကျေးရွာအကြား အရောက်၌ လက်နက်များ ကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လူနာတင်ယာဉ်အား တားဆီးခဲ့ရာ ယာဉ်မောင်း ကိုဆန်းနိုင်မှာ လူနာအရေးကြီးနေသဖြင့် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ခဲ့ရာ အကြမ်းဖက်သမားများက လူနာတင်ယာဉ်အား သေနတ်များဖြင့် ဝိုင်းဝန်း ပစ်ခတ်ခဲ့သဖြင့် လူနာတင်ယာဉ်မောင်း ကိုဆန်းနိုင်တွင် နဖူးနှင့် ဝဲလက်ဖျံတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အကူယာဉ်မောင်းဖြစ်သူ ကိုအောင်ဖြိုးဦးတွင် ကျောကုန်းဝဲဘက် ကျည်ထိမှန်ဒဏ်ရာ တစ်ချက်နှင့် ဝဲပါး ကျည်ရှပ်ထိဒဏ်ရာ တစ်ချက်တို့ ရရှိခဲ့ပြီး လူနာတင်ယာဉ်၏ ရှေ့လေကာမှန်၊ ဝဲ/ယာလေကာမှန်တို့ ကွဲအက်၍ ကားရှေ့ဘီး နှစ်ဘီးတို့ ထိခိုက်ပျက်စီးခဲ့သည်။

ထို့နောက်အကြမ်းဖက်သမားများက လူနာတင်ယာဉ်အနီးသို့ ရောက်ရှိလာပြီး အော်ဟစ် ဆဲဆိုကြိမ်းမောင်းကာ ပြန်လည် ထွက်ခွာသွားခဲ့သဖြင့် သူနာပြုဆရာမ မသင်းနုအေးမှ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် လူနာတင်ယာဉ်မောင်း၊ အကူယာဉ်မောင်းနှင့် ဆေးရုံလွှဲပြောင်းကုသမည့် ဦးဒီလေးတို့အား လမ်းကြုံမော်တော်ယာဉ်ဖြင့် တင်ဆောင်ကာ ထီးချိုင့်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။




"ဧရာဝတီဂရုဏာ" လူမှုရှာဖွေကယ်ဆယ်ရေး အသင်းပိုင် SHN 5K-3957 NOTE အမျိုးအစား အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးဒီလေးနှင့် သူနာပြုဆရာမ မသင်းနုအေးတို့အား မန္တလေးမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အကြမ်းဖက်သမားများ၏ ပစ်ခတ်ခဲ့မှုကြောင့် အခင်းဖြစ်နေရာတွင် ကျန်ရှိခဲ့သည့် လူနာတင်ယာဉ်အား သယ်ဆောင်နိုင်ရေးနှင့် ထိုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို ကူညီစောင့်ရှောက်မှုပေးသည့် လူမှုကူညီရေးယာဉ်များကို ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့်ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလူနာ တင်ယာဉ်မှာ အခင်းဖြစ်နေရာတွင် မတွေ့ရှိရသဖြင့် လိုက်လံရှာဖွေခဲ့ရာ လူနာတင်ယာဉ်အား အခင်းဖြစ်နေရာနှင့် ကိုက် ၃၀၀ ခန့်အကွာ လမ်းဘေး၌ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားသဖြင့် မီးလောင်ပျက်စီးနေသည်ကို တွေ့ရှိခဲ့ရသည်။

ထိုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများအား ကူညီစောင့်ရှောက်မှုပေးသည့် လူမှုကူညီရေးယာဉ်များကို ပစ်ခတ်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

**■ ကျောဖုံးမှ**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၁၅) ရပ်ကွက် ကျန်စစ်သားလမ်း အမှတ်(၄၇၀/ခ)တွင် ဖွင့်လှစ်ထားသည့် "ရွှေရင်အေး" ရွှေဆိုင်၌ ဆိုင်ရှင်ဖြစ်သူ မနှင်းယုစံ (၂၉)နှစ် (ဘ) ဦးငွေးမြင့်သည် ဆိုင်ဝန်ထမ်း ခြောက်ဦးနှင့်အတူ ရောင်းချနေစဉ် အမျိုးသားသုံးဦးသည် ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ရောက်ကာ အမျိုးသား သုံးဦးအနက် နှစ်ဦးမှ သေနတ်နှစ်လက်ဖြင့် ခြိမ်းခြောက်ကာ ဆိုင်ရှင်နှင့် ဝန်ထမ်းများအား ကြမ်းပြင်ပေါ်မှ ဝမ်းလျားမှောက်နေခိုင်းပြီး ၎င်းတို့အနက်မှ တစ်ဦးက အသင့်ယူဆောင်လာသည့် ရဲတင်းဖြင့် ရောင်းချရန်ခင်းကျင်းပြသထားသည့် ရွှေထည်ပစ္စည်းများ ထည့်ထားသည့် မှန်ပုံးများအား ရိုက်ခွဲကာ မှန်ပုံးအတွင်းရှိ ရွှေဆွဲကြိုး ၁၃ ကုံး၊ ရွှေလက်ကောက် ၉၃ ကွင်း၊ ရွှေဟန်းချိန်း သုံးခု၊ စုစုပေါင်းရွှေအလေးချိန် ၅၅ ကျပ်သားခန့်၊ တန်ဖိုးငွေကျပ် ၉၆၂၅၀၀၀၀ ခန့်အား လုယက်ယူဆောင်ကာ ၎င်းတို့စီးနင်းလာသည့် ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited ၏ ပိုက်လိုင်းကုမ္ပဏီဖြစ်သော Delta Gas Transporation Limited(DGT) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9နှင့် M-3 တို့နှင့်ဆက်စပ်နေသည့် Domestic Gas to Power (DG2P) Project အတွက် Marine Baseline Survey of Pipeline လုပ်ငန်းများအား Survey Vessel "MV. HAI DUONG 68" ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinates များဖြစ်သော Point-1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ မိနစ် ၄၉.၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁ မိနစ် ၅၅.၆၈ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ မိနစ် ၂၀.၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၁ မိနစ် ၄၀.၅၃ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၁၉.၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ် ၃၇.၆၅ စက္ကန့်၊ Point-4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၅၃.၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ် ၁၈.၃၉ စက္ကန့်နှင့် Point-Reference Station မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ် ၄၇.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ် ၂၀.၈၃ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9နှင့် M-3 တို့နှင့်ဆက်စပ်နေသည့် Domestic Gas to Power (DG2P) Project အတွက် Marine Baseline Survey of Pipeline လုပ်ငန်းများအား Survey Vessel "MV. HAI DUONG 68"ရေယာဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# တောင်ကြီးမြို့ အတုလမာရဇိန်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံကြီး၌ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၊ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ



နေပြည်တော် ဖေဖော်ဝါရီ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အတုလမာရဇိန်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံကြီး၌ပြုလုပ်ရာ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတေဇဝန္တအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ ပင့်သံဃာတော်အပါး ၅၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အလွတ်တန်းဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ မန္တလေးမြို့တော်ဝန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်တာ လွှတ်ခဲ့ရာ ပြိုင်ပွဲဝင်အားကစားသမား ၁၂၂ ဦးက ကျုံးမြို့ရိုးသုံးပတ် စက်ဘီးစီးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဒေသခံပြည်သူများက လမ်းဘေးတစ်လျှောက်အားပေးခဲ့ကြကာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့တွင် ပန်းဝင်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မိသားစုဌာနအလိုက် ထမနဲထိုးပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် စတုဒိသာညှော်ခံပွဲများ ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး လှေလှော်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် (အင်းယားကန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိကြသည့်အသင်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဇန်နဝါရီ ၃၁ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ပြိုင်ပွဲဝင်များအား SMS Voting ပေးပို့၍ ပါဝင်အားပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက တူယှဉ်နွဲ့ပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှစတင်၍ အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပခဲ့ရာ ယခုအခါ ဒုတိယအဆင့်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၀ ဦးဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် စိတ်ကြိုက်တေးသီချင်းများဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ပြဋ္ဌာန်းတေးသီချင်းများဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ပထမအဆင့်ပြိုင်ပွဲတွင် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုမှ ပြိုင်ပွဲဝင် ၄၅ ဦးကို အုပ်စု ငါးစုခွဲကာ အုပ်စုတစ်ခုလျှင် ပြိုင်ပွဲဝင်ကိုးဦးစီဖြင့် ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်းတစ်ပုဒ်စီဖြင့် သီဆိုပြိုင်ပွဲဝင်ခဲ့ကြပြီး အုပ်စုတစ်စုလျှင် နှစ်ဦးစီဖြင့် ၁၀ ဦးကို အကဲဖြတ်ဒိုင်အဖွဲ့၏ အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်နှင့် တတိယအဆင့်ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအမှတ်ပေးမှုအပြင် ပရိသတ်များအနေဖြင့် MPTနှင့် Mytel SIM Card များကို အသုံးပြု၍ Voting မဲပေးနိုင်မည်ဖြစ်ရာ မိမိတို့ကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို Voting Time သတ်မှတ်ချိန်အတွင်း SMS ပေးပို့မဲပေးခြင်းကို အရေအတွက် အကန့်အသတ်မရှိဘဲ MPT Sim Card များမှ ကုဒ်နံပါတ် “7522”သို့လည်းကောင်း၊ Mytel Sim Card များမှ ကုဒ်နံပါတ် “7575” သို့လည်းကောင်း SMS ဖြင့် ပြိုင်ပွဲဝင်၏ MF နံပါတ်ကို ရိုက်နှိပ်၍ ပေးပို့နိုင်မည်ဖြစ်သည်။

ပရိသတ် မဲပေးနိုင်မည့် ပြိုင်ပွဲဝင် ၁၀ ဦး၏ Voting နံပါတ်များမှာ MF01 မြတ်နိုးစံ (မကွေးတိုင်းဒေသကြီး)၊ MF02 ကြူကြူခိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ MF03 ရေဂျီနား (စစ်ကိုင်းတိုင်းဒေသကြီး)၊ MF04 ဇော်ထွေးလတ် (မန္တလေးတိုင်းဒေသကြီး)၊ MF05 အရိန့် (ကချင်ပြည်နယ်)၊ MF06 ဇင်သူသူထွန်း (ဧရာဝတီတိုင်းဒေသကြီး)၊ MF07 ချိုမီမီဇော် (ဧရာဝတီတိုင်းဒေသကြီး)၊ MF08 ချမ်းဟိန်းဝင်းထွန်း (ကရင်ပြည်နယ်)၊ MF09 ဈာန်ထူး (ရန်ကုန်တိုင်းဒေသကြီး)၊ MF10 ချစ်နု (ပဲခူးတိုင်းဒေသကြီး) တို့ဖြစ်ကြပြီး ဖေဖော်ဝါရီ ၆ ရက် ည ၉ နာရီမှစတင်၍ နောက်ဆုံးပြိုင်ပွဲဝင် သီဆိုပြီးစီးချိန်အထိ SMS ပေးပို့နိုင်မည်ဖြစ်ကြောင်းနှင့် ၎င်းနောက်ပိုင်းတွင် ပေးပို့ရောက်ရှိလာမည့် SMS များကို ထည့်သွင်းရေတွက်မည် မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

ငြိမ်းချမ်းသာယာ
အေးချမ်းဖို့
ပြည်ထောင်စု
စိတ်ဓာတ်
မွေးကြစို့

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## (၁(SC)/၂၀၂၁-၂၀၂၂) ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံးအိတ်ဖွင့်တင်ဒါ ပြင်ဆင်ကြောင်း ကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၏ (၁(SC)/၂၀၂၁-၂၀၂၂) ကြိမ်မြောက် စက်မှုကုန်ကြမ်းသစ်လုံး အိတ်ဖွင့်တင်ဒါအား ၁၀-၂-၂၀၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါအား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) တင်ဒါအမည် | - | ၁(AN)/၂၀၂၁-၂၀၂၂ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်မာသစ်လုံး(All Or None) အိတ်ဖွင့်တင်ဒါ |
| (ခ) ရောင်းချမည့်ရက်နှင့်အချိန် | - | (၁၇-၂-၂၀၂၂) ရက် နံနက် (၀၉:၀၀) နာရီမှ စတင်မည် |
| (ဂ) ရောင်းချမည့်သစ်တန်ပမာဏ | - | ဧရာဝတီတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး ရှိအုပ်စု(၃/၄/၅)သစ်မာသစ်လုံး(၁၁၀၀)တန်ခန့် |
| (ဃ) ရောင်းချမည့်နေရာ | - | မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေး နှင့်သစ်စက်ဌာန (ရုံးချုပ်)၊ ယင်းမာခန်းမ၊ အမှတ်(၇၂/၇၄)ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဝန်ထမ်းသစ်များရွေးချယ်ခန့်ထားမှုစာရင်းထုတ်ပြန်ခြင်း

၁။ (၁၀-၁-၂၀၂၂)ရက်နှင့် (၁၁-၁-၂၀၂၂)ရက်များတွင် ပြုလုပ်ခဲ့သည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ)၊ အငယ်တန်းစာရေး၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ အငယ်တန်းအင်ဂျင်နီယာ-၄(မြို့ပြ)၊ စာရင်းကိုင်-၄နှင့် ရုံးအကူ/စာပို့ ရာထူးနေရာများအတွက် လူတွေ့အရည်အချင်းစစ်စာမေးပွဲဝင်ရောက်ဖြေဆိုသူများမှ သက်ဆိုင်ရာရာထူးများတွင် ရွေးချယ်ခန့်ထားခြင်းခံရသူများ အမည်စာရင်းအား သက်ဆိုင်ရာလူတွေ့ဖြေဆိုခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများ၏ ကြော်ငြာသင်ပုန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Website ဖြစ်သော www.drdmyanmar.org တွင် (၁-၂-၂၀၂၂)ရက်မှစ၍ ထုတ်ပြန်ကြော်ငြာထားပါသည်။

၂။ ဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများသည် မိမိတို့လူတွေ့ဖြေဆိုခဲ့ကြသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်သတင်းပို့ဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကစရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လှူ | ကျပ်-၁၀၀၀ိ/- | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လှူ | ကျပ်-၂၀၀၀ိ/- | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လှူ | ကျပ်-၅၀၀ိ/- | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လှူ | ကျပ်-၅၀၀ိ/- | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်-၇၅၀၀ိ/- | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း | ကျပ်-၁၅၀၀၀ိ/- | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နိူးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို(6.8.2020)မှစတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501 -ဦးသိန်းလှိုင်
-AGD Bank(MGTN), A/c 3240301000254013
-CB Bank A/C 0002600 1000 28851
AYA Bank A/C 40020682989
A - Bank A/C – 0014010200009553
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉-၄၄၃၁၉၇၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉၇၆၇၆၄၁၃၄၄

၃။ တိပိဋက-နိကာယ မော်လမြိုင်ကျောင်းတိုက် ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ဗိုလ်ချုပ်လမ်းမ၊ရန်ကုန်။
ဖုန်း-၀၉-၄၄၃၁၉၇၉၉၅၊ ၀၉၇၉၅၇၉၅၇၉၀




## ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ
## တော်ဝင်နှင်းဆီအိမ်ရာ အပိုင်း(၂)
## ဝန်ထမ်းအိမ်ရာတည်ဆောက်ရန်အတွက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရွှေလင်ပန်းစက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ်(၄၇၂ E)တွင် ဝန်ထမ်းအိမ်ရာတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသား၊ နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ဝန်ထမ်းအိမ်ရာ(၈)ခန်းတွဲ (၆)ထပ်အဆောက်အအုံ R.C.C(၉)လုံး။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၄-၂-၂၀၂၂ ရက် (သောကြာနေ့) |
| | တင်ဒါလျှောက်လွှာ ရောင်းချမည့်အချိန် | - | (နံနက် ၉:၀၀နာရီ မှ ညနေ ၅:၀၀နာရီအထိ) ရုံးချိန်အတွင်း |
| | တင်ဒါပိတ်မည့် ရက်/အချိန် | - | ၂၅-၂-၂၀၂၂ ရက်(သောကြာနေ့) ညနေ (၄:၀၀)နာရီ |
| | တင်ဒါလျှောက်လွှာဝယ်ယူ တင်သွင်းရမည့်နေရာ | - | ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီရုံး လှိုင်သာယာအရှေ့ပိုင်းမြို့နယ်။ |
| | တင်ဒါဖွင့်မည့် ရက်/အချိန် | - | ၄-၃-၂၀၂၂ ရက်(သောကြာနေ့) မွန်းလွဲ(၂:၀၀)နာရီတိတိ |

၃။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီရုံးတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**ရွှေလင်ပန်းစက်မှုဇုန်၊ စီမံခန့်ခွဲရေးကော်မတီ**
**လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၄၃၈၉၈၆**
**၀၁-၃၆၁၃၅၀၁၊ ၀၁-၃၆၁၃၆၁၇**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းသီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲဖြစ်သည့် **"တူယှဉ်နွဲပျော် ဂီတပွဲတော်"**ကို တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုစိတ်ဓါတ်ရှင်သန်ထက်မြက် ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်ရန်နှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ မျိုးဆက်သစ်တိုင်းရင်းသားလူငယ် အနုပညာရှင်များ ပေါ်ထွက်လာစေရန်၊ တိုင်းရင်းသားပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဖျော်ဖြေပွဲများကို (၂၆-၁၁-၂၀၂၁)ရက်နေ့မှစ၍ အပတ်စဉ်သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို (၁၁-၂-၂၀၂၂)ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ အုပ်စုပွဲစဉ်(၁၀)ပွဲ၏ သီဆိုယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၁၀)ဦးဖြင့် ပြုလုပ်မည့် Level-II (Semi Final) ပွဲစဉ်(၁/၂)တို့တွင် သီဆိုယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါစိတ်ကြိုက်တေးသီချင်းများနှင့် ပြိုင်ပွဲဝင်များအတွက် ပြဋ္ဌာန်းထားသည့် တေးသီချင်းများကို သင့်လျော်သလို အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားအပ်ပါသည် -

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁။ | သုံးရောင်ခြယ် | မကွေးတိုင်း | (၄-၂-၂၀၂၂)ရက်နေ့ Level-II (Semi Final ) ပွဲစဉ်(၁) |
| ၂။ | ဂီတရေစီးကြောင်း | ရန်ကုန်တိုင်း | |
| ၃။ | အချစ်မီး | စစ်ကိုင်းတိုင်း | |
| ၄။ | ချစ်ရတုထံတျာ | မန္တလေးတိုင်း | |
| ၅။ | ကမ္ဘာတည်သရွေ့ | ကချင်ပြည်နယ် | |
| ၆။ | တောင်တော်ရွှေပုပ္ပါး | ဧရာဝတီတိုင်း | |
| ၇။ | ဆယ်မိုးဆယ်နွေ | ဧရာဝတီတိုင်း | |
| ၈။ | အသည်းကွဲညှော်သည် | ကရင်ပြည်နယ် | |
| ၉။ | ညမွှေးပန်း | ရန်ကုန်တိုင်း | |
| ၁၀။ | တိမ်ပလီနွေနှောင်း | ပဲခူးတိုင်း | |
| ၁၁။ | ကျေးဇူးတင်ပါတယ်ရှင် | မကွေးတိုင်း | (၆-၂-၂၀၂၂)ရက်နေ့ Level-II (Semi Final) ပွဲစဉ်(၂) |
| ၁၂။ | ကမ္ဘာတည်သရွေ့ | ရန်ကုန်တိုင်း | |
| ၁၃။ | သားချင်းများဆုံတွေ့သောအခါ | စစ်ကိုင်းတိုင်း | |
| ၁၄။ | ပြည်ထောင်စု၏ ထာဝရအလှများ | မန္တလေးတိုင်း | |
| ၁၅။ | ငြိမ်းချမ်းရေးပန်းခင်း | ကချင်ပြည်နယ် | |
| ၁၆။ | ဇာတိနွယ် | ဧရာဝတီတိုင်း | |
| ၁၇။ | ပြည်ထောင်စုဘွား တို့သွေးသား | ဧရာဝတီတိုင်း | |
| ၁၈။ | ပင်လုံအားမာန်သစ် | ကရင်ပြည်နယ် | |
| ၁၉။ | ချစ်ခြင်းတရား | ရန်ကုန်တိုင်း | |
| ၂၀။ | ပင်လုံမြေမှ သည်သို့ဆီ | ပဲခူးတိုင်း | |
| ၂၁။ | သွေးချင်းတို့ဌာနေ မြန်မာပြည် | တိုင်း/ပြည်နယ်မှ ပြိုင်ပွဲဝင်များ Group Song | |
| ၂၂။ | စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ် | | |
| ၂၃။ | ချစ်ကြပါ | | |
| ၂၄။ | ရွှေရုပ်ကလေး ကောက်ရသူ | ဌာနအဆိုရှင် | |
| ၂၅။ | ကိုကိုစိတ်ကူးယဉ် | ဌာနအဆိုရှင် | |
| ၂၆။ | မချစ်ဘူး မပြောပါနဲ့ | ဌာနအဆိုရှင် | |

# ရမည်းသင်းမြို့၌ ထမနဲထိုးပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ရမည်းသင်း ဖေဖော်ဝါရီ ၁**

ရမည်းသင်းမြို့၌ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအဖွဲ့၊ အကျဉ်းဦးစီးဌာနအဖွဲ့၊ မီးသတ်ဦးစီးဌာန အဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။



**ဆုချီးမြှင့်**

ထမနဲထိုးပြိုင်ပွဲသို့ ဌာန ငါးခုမှ ဝန်ထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနပေါင်းစုံမှ ဝန်ထမ်းများ လာရောက်အားပေးကြသည်။ ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဆုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တတိယဆုကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့မှရရှိကြပြီး ပထမဆု ကျပ် တစ်သိန်း၊ ဒုတိယဆု ကျပ် ရှစ်သောင်း၊ တတိယဆု ကျပ် ခြောက်သောင်း အသီးသီးချီးမြှင့်သည်။ ထို့နောက် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၁၄၄

# သဲကုန်းမြို့နယ်တွင် ကွန်ကရစ်လမ်းသစ်နှင့် ဘက်စုံသုံး ခန်းမ ဖွင့်လှစ်

**သဲကုန်း ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၁ နာရီတွင် သဲကုန်းမြို့ လမ်းမတော်လမ်း၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ အရှည်ပေ ၁၂၀၀၊ အကျယ် ၂၄ ပေနှင့် ဒုရှစ်လက်မရှိ လမ်းမတော်လမ်း ကွန်ကရစ်လမ်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဟံအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၁၁ ဒသမ ၆၁၈၇၈ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၁၉၆၇၅၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ဘက်စုံသုံးခန်းမဖွင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဟံအေးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လေးလေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့အတူ သဲကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံးရှေ့၌ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနဆိုင်ရာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်သင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှတစ်သင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှတစ်သင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှတစ်သင်း၊ ပညာရေးဌာနမှ သုံးသင်း၊ ကျန်းမာရေးဌာနမှ



တစ်သင်းနှင့် စက်မှုလယ်ယာဦးစီးဌာနမှ တစ်သင်း စုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ချစ်နှင်းသုန်(ပြန်/ဆက်)

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၃၅)ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၂ ခုနှစ် ၊ ဖေဖော်ဝါရီလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

ဈ - ၅၃၄၈၇၂

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

စ - ၆၁၂၉၅၁

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ဈ - ၂၅၈၉၉၆ က - ၆၇၅၈၂၅
ဃ - ၂၈၈၉၇၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု ( ၂ )ဆု

ဃ - ၂၂၅၄၁၀ ဇ - ၅၉၇၄၀၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဇ - ၄၂၅၇၉၂ ဇ - ၇၉၇၈၉၁
ဂ - ၇၀၅၉၅၄ ဃ - ၉၃၂၈၃၇
ဂ - ၇၇၄၃၉၂ ခ - ၉၆၂၇၅၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀၀)ဆု ( ၂ )ဆု

ခ - ၃၁၈၆၆၅ ဆ - ၆၄၈၇၂၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

စ - ၁၇၁၈၅၆ ဂ - ၆၅၇၇၀၆
က - ၂၃၃၅၄၁ ဃ - ၇၅၆၂၃၃
ခ - ၃၈၆၁၀၁ ဂ - ၇၉၈၁၂၈
က - ၄၄၆၄၈၂ ဆ - ၈၆၁၇၇၉
ဃ - ၅၇၃၄၄၃ က - ၉၉၅၉၂၈
င - ၅၈၆၅၃၈

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၁၀၀) ဆု ( ၂ )ဆု

စ - ၁၈၆၄၉၂ ဈ - ၇၆၉၃၂၂

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဇ - ၂၂၃၈၄၉ ဇ - ၅၁၆၁၄၀
က - ၂၃၆၀၃၉ စ - ၅၈၁၉၂၉
စ - ၃၆၂၃၆၃ ဃ - ၆၈၁၇၀၆
ဆ - ၃၈၁၇၅၅ ဃ - ၇၂၉၀၇၀
င - ၄၈၁၈၂၆ က - ၉၁၂၆၀၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

စ - ၁၄၁၉၀၈ ဈ - ၃၆၆၇၅၇ စ - ၆၇၂၀၃၃
ဇ - ၁၅၃၂၉၄ ဃ - ၄၃၆၂၈၆ င - ၇၄၁၄၉၅
ည - ၃၅၂၇၁၀ စ - ၆၆၂၈၀၄ ဇ - ၉၉၃၉၉၄
ဇ - ၃၆၆၆၂၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀) ဆု( ၂ )ဆု

က - ၃၉၅၃၈၀ ခ - ၅၀၄၂၂၉

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဆ - ၁၃၆၃၃၅ ဂ - ၄၇၂၄၈၆
က - ၁၃၇၂၇၅ ဃ - ၅၆၇၀၃၉
ဃ - ၂၈၃၉၉၂ ဂ - ၆၂၄၇၄၂
စ - ၄၀၁၆၇၅ ဈ - ၇၅၈၄၇၈
င - ၄၀၅၈၅၄ ခ - ၉၄၂၃၁၄
င - ၄၇၂၁၃၈

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

င - ၁၃၆၈၀
ဆ - ၇၆၉၁၀
က - ၈၅၄၂၆
ဈ - ၉၁၂၅၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

က - ၁၇၄၉
က - ၆၀၅၁
က - ၈၆၂၉
က - ၉၂၇၇
ဂ - ၉၇၆၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

က - ၂၂၈ ည - ၄၉၇
ဇ - ၂၈၉ ဈ - ၅၀၇
စ - ၂၉၃ ခ - ၆၁၃
ဂ - ၃၈၇ ည - ၉၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်)အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း ( ၂ )ယူနစ်များ

စ - ၃၃ က - ၉၅

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ခ - ၃၃၄၉၀၅ စ - ၅၄၃၉၂၀ ဃ - ၅၄၆၈၁၂ ည - ၅၅၆၇၉၁

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ခ - ၅၈၂၀၀
ဈ - ၇၉၇၆၀

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

က - ၈၅၂
ဈ - ၉၈၈

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဇ - ၇၁၇၄ ဃ - ၈၂၇၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၃၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ( ၁၂၅၃၆ )ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၂ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၃၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂-၂-၂၀၂၂ )ရက်နေ့မှ စတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၉-၂-၂၀၂၂ )ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ် ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ခမွာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည့်အင်အားကို တည်ဆောက်ကြမည်

၁။ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေးတိုးတက်မြင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာရှိပါတယ်။ ပြည်တွင်းထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။

၂။ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအား မကောင်းစရာ မရှိပါဘူး။

၃။ တိုင်းရင်းသားပြည်သူအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဉမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ညီညွတ်တဲ့ အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





အမျိုးသား သုံးဦးက သေနတ်ပြ ခြိမ်းခြောက်ကာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ "ရွှေရင်အေး" ရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ လုယက်မှု မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ "ရွှေရင်အေး" ရွှေဆိုင်မှ ရွှေထည်ပစ္စည်းအလေးချိန် ၅၅ ကျပ်သားခန့်အား အမျိုးသား သုံးဦးက သေနတ်ပြ ခြိမ်းခြောက်လုယက်

နေပြည်တော် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ "ရွှေရင်အေး" ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅၅ ကျပ်သားခန့်အား အမျိုးသား သုံးဦးက သေနတ်ပြ ခြိမ်းခြောက်ကာ လုယက်ယူဆောင်ခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ■

## မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြောင်းရွှေ့ကုသမည့် လူနာတင်ယာဉ်အား PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ယာဉ်မောင်းသေဆုံး

### အကူယာဉ်မောင်း ထိခိုက်ဒဏ်ရာရရှိပြီး လူနာတင်ယာဉ် မီးရှို့ဖျက်ဆီးခံရ



လူနာတင်ယာဉ်အား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရင်စိန်ဆေးရုံမှ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသမည့် လူနာတင်ဆောင်လာသည့် လူနာတင်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် လူနာတင်ယာဉ် ယာဉ်မောင်းသေဆုံးကာ အကူယာဉ်မောင်းထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့်အဆိုပါလူနာတင်ယာဉ်အား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၃ နာရီတွင် မြစ်ကြီးနားမြို့ ရင်စိန်ဆေးရုံ၌ သွေးကြောပိတ်ရောဂါဖြင့် ဆေးကုသမှုခံယူလျက်ရှိသည့် ဝိုင်းမော်မြို့နယ် စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❐


**ယနေ့ ဖတ်စရာ**

**တိုင်းဒေသကြီးနှင့်ပြည်နယ်တို့ရှိ မြို့အသီးသီး၌ ပြည်သူလူထု စိတ်အေးချမ်းသာစွာ သွားလာလုပ်ရှားလျက်ရှိ** စာမျက်နှာ » ၁၉

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၆၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၂

**တူယှဉ်နွဲပျော်ဂီတပွဲတော် ပြိုင်ပွဲဝင်များအား SMS Voting ပေးပို့၍ ပါဝင်အားပေးနိုင်** စာမျက်နှာ » ၂၅